

www.burmeseclassic.com
ချစ်လိုက်ကြစို့သူငယ်ချင်း
BURMESE CLASSIC
မောင်ကျော်ဦး
၀၉-၉၉ ၇၀၉၃၀
www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅ပ၀၁၂၇၀၁၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၁၃၀၈၀၉
ထုတ်ဝေသူ ◆ ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
အတွင်းပုံနှိပ်သူ ◆ ဦးဇော်မင်းအေး (မြ-၀၇၁၂၅)
ဇော်ပုံနှိပ်တိုက်၊ (၃၈၆)၊ အင်ကြင်းမြိုင်လမ်း၊
(၂၃)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
အဖုံးပုံနှိပ်သူ ◆ ဦးကျင်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ပုံနှိပ်ခြင်း ◆ ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ။
အုပ်ရေ ◆ ၅၀၀ အုပ်
တန်ဖိုး ◆ ၁၀၀ ကျပ်
ဖြန့်ချိရေး ◆ မိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ စီ-၄၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
ချစ်မျှားရှင်
ချစ်လိုက်ကြစို့ သူငယ်ချင်း / ချစ်မျှားရှင်။
- ရန်ကုန် ၊
ရဲအောင်စာပေ၊ ၂၀၀၉။
၁၇၀ စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) ချစ်လိုက်ကြစို့ သူငယ်ချင်း


## အခန်း(၁)

ကမ္ဘာပေါ်မှာ ကျွန်တော်အမုန်းဆုံးမိန်းမတစ်ယောက်ကို ပြပါဆိုလျှင် သူမကို ပြရမည်ဖြစ်ပြီး...

ကမ္ဘာပေါ်မှာ ကျွန်တော်အချစ်ဆုံးမိန်းမတစ်ဦးကိုပြပါဆိုလျှင်လည်း သူမကိုပင် ထပ်မံပြသမိပါလိမ့်မည်။

သူမ၏ အမည်မှာ စံတော်ဝင်။

ကျွန်တော်တို့အဖွဲ့ကတော့ သူမကို စံတော်ချိန်ဟုပဲ နောက်ပြောင်ခေါ်ဝေါ်တတ်၏။ သူမနှင့် ကျွန်တော် ဆယ်တန်းကျောင်းသူ၊ ကျောင်းသားဘဝမှာ စတင်တွေ့ခဲ့ကြခြင်းဖြစ်သည်။ ဆယ်တန်းပညာသင်နှစ်မှာ ပျော်စရာအလွန်ကောင်းပါသည်။ ကျွန်တော်တို့ယောက်ျားလေးအဖွဲ့မှာ သီဟ၊ ဝဏ္ဏထွန်း၊ ဗလကြီးနှင့် ပြောင်ခေါင်းစိမ်းတို့ ပါဝင်ပြီး စံတော်ဝင်တို့အဖွဲ့မှာ ပပဝင်းခင်၊ ခင်သန္တာဘုန်း၊ ဥမ္မာအေးဇီတို့ ပါဝင်ကြသည်။

ကျွန်တော်တို့အဖွဲ့နှင့် စာပြိုင်ဖက်၊ ဘောလုံးပြိုင်ဖက် အနောက်အပြောင်ပြိုင်ဖက်မှာ ပြည့်စုံကျော်။ မင်းကြည်မိုး၊ ဖုန်းလှိုင်ဇော်၊ မြတ်ချစ်မောင်တို့ဖြစ်ကြသည်။ ကျွန်တော်တို့အဖွဲ့နည်းတူ စံတော်ဝင်တို့အဖွဲ့နှင့် စာပြိုင်ဖက်၊ အတင်းပြောပြိုင်ဖက်၊ အလှပြိုင်ဖက်

www.burmeseclassic.com



အစောင်းအချိတ်ပြိုင်ဖက်ဖြစ်သော အဖွဲ့တစ်ဖွဲ့ရှိသေး၏။ ထိုအဖွဲ့မှာ မာလာတင်ဖေ၊ စုံနံ့သာဦး၊ ဖူးနွံ့လေပြေ၊ ယမင်းရွှေစင်တို့ ပါဝင်ကြသည်။

ဒသမတန်း(အေ)အခန်းမှာ ထိုအဖွဲ့လေးဖွဲ့သည်သာ နေရာဘကာ ပါလေရာ။ ထင်ထင်ပေါ်ပေါ် စိန်ပေါက်ကျော်များဖြစ်ကြသည်။

အခြားသော အတန်းသူ အတန်းသားများမှာ အေးအေးဆေးဆေး ရိုးရိုးကုတ်ကုတ်နေတတ်ကြပြီး အဖွဲ့လေးဖွဲ့ ငြိကြသည့်အခါ အားပေးသူတွေလုပ်လိုက်၊ဂျူရီလူကြီးတွေလုပ်လိုက် အတို့အထောင် အပင့်အရှိုက်ကလေးတွေနှင့်ထိခိုက်အောင် မလုပ်ကြသော်လည်း မထိတထိလေးတွေနှင့် နောက်ပြောင်ကျီစယ်မှုတွေ လုပ်လိုက် စသည်တို့လောက်သာ ပြုမူတတ်ကြသူများဖြစ်ကြသည်။

ဒသမတန်းမှာ ဖြစ်ပျက်ခဲ့သမျှကို ကျောင်းဖွင့်စအချိန်မှာ ဇာတ်ကြောင်းလှန်၍ နောက်ကြောင်းပြန်ရမည်ဆိုလျှင်...

* ♠ *

မိုးဥတု ကျောင်းဖွင့်ချိန်မှာ သစ်ရွက်သစ်ခက်တွေ စိမ်းစိုလတ်ဆတ်နေ၏။ ခဲသားရောင် ကောင်းကင်ကြောင့်ဝန်းကျင်တစ်ခုလုံး စွတ်စိုထိုင်းမှိုင်းနေ၏။ လေညှင်းအသွဲ့မှာ မိုးရနံ့တွဲ့တွဲ့ငွေ့ငွေ့လေးကို ရှူရှိုက်မိရ၏။ အ.ထ.က ကျောင်းတော်များမှာ စိန်ပန်းနီတွေ အမြဲလိုလို ရဲရဲနီဝွေးတတ်သောအချိန်အခါ...။

မနေ့ညက ရွာသောမိုးကြောင့် အိမ်ခေါင်မိုးနှင့် သစ်ပင်တွေ သန့်ဝင်းလက်ပနေ၏။ မိုးရေတင်ကျန်ခဲ့သော ချိုင့်ကလေးတွေထဲမှာ ကောင်းကင်မျက်နှာညိုညိုလေးကို လှမ်းတွေ့ရ၏။ မိုးလည်းညို၊ တိမ်လည်းညို။

အနောက်တောင်မုတ်သုံက ထပ်မံအားဖြည့်လာပြန်၏။



ကျောင်းတော်ကြီးဆီသို့ ဦးတည်ထားသော လမ်းမ၊ လမ်းသွယ်တွေပေါ်မှာ အဖြူနှင့်အစိမ်းဝတ်စုံ ဝတ်ထားသည့် ကျောင်းတော်သားတွေ တစ်စုစီ၊ တစ်အုပ်စီ၊ တစ်ဦးစီ၊ နှစ်ဦးစီနှင့် လှမ်းလျှောက်လာနေကြ၏။

တချို့က စက်ဘီး၊ ဆိုင်ကယ်လ်နှင့် တချို့က ဆိုက္ကား၊ အငှားကား၊ ကိုယ်ပိုင်ကား၊ ဌာနဆိုင်ရာကား၊ စုပေါင်းလခနှင့်ရှင်းသည့် ကျောင်းကားတွေနှင့် ကျောင်းတော်ကြီးသို့ ဦးတည်လာနေကြ၏။

ကျောင်းပိတ်ရက်ရှည် ငိုက်မြည်းနေခဲ့ရသော ကျောင်းတော်ကြီးမှာ ရောက်ရှိလာသော ကျောင်းတော်သူ၊ ကျောင်းတော်သားတွေ အသံကြောင့် နိုးထတက်ကြွလန်းဆန်း ရွှင်ကြည်စွာ အားလုံးကို ဖိတ်ခေါ်ကြိုဆိုနေသည့်ပမာ။

မနေ့ကတည်းက လာကြည့်ထား၍ ကျွန်တော်တို့ ဒသမတန်း(အေ)ခန်းရသည်ကို သိရှိထားပြီ။ ကျွန်တော်တို့နှင့် မတည့်အဘူနေအဖွဲ့မှာလည်း တစ်ခန်းတည်းကျနေ၍ ကျောင်းတက်ရတာ ပို၍တက်ကြွနေမိ၏။

ကျောင်းတက်ခေါင်းလောင်းထိုးခါနီးတွင် လူစုံရောက်ရှိလာကြလေပြီ။ ကျောင်းသားတွေရဲ့ ရှေ့ဆုံးတန်းတွေကို ကျွန်တော်တို့ရဲ့ပြိုင်ဘက်အဖွဲ့ဖြစ်သော ပြည့်စုံကျော်ကို့အဖွဲ့က အပိုင်စားရထား၏။ သူတို့က ကျွန်တော်တို့ထက် ဝီရိယကောင်းသည်။ မနက်ခြောက်နာရီလောက်ကတည်းက အခန်းသော့မဖွင့်မချင်း ထိုင်စောင့်နေခဲ့ကြသည်။ ကျွန်တော်တို့အဖွဲ့က တစ်ယောက်ကိုဝင်ခေါ်လိုက်၊ ခေါင်းဖြီးပေါင်ဒါရိုက်နေတာကြာလိုက်၊ တစ်ယောက်ဝင်ခေါ်လိုက် ပုဆိုးအစိမ်းအသစ်ဘောင်းလျှော်ချုပ်ကို တံဆိပ်ခွာလိုက်၊ ရေအိမ်တက်လိုက်နှင့် အမျိုးမျိုး အချိန်ဖြုန်းနေရတာတွေနှင့်သာ ကြံုခဲ့ရ၏။ ကျောင်းကို ရှစ်နာရီလောက်မှ ရောက်ခဲ့သွားရသည်။ နောက်မှ ရောက်လာ၍ နောက်တန်းခုံတွင် အပိုင်စားရသည်။

www.burmeseclassic.com



စံတော်ဝင်ကတော့ တကယ့်ကို စံတော်ချိန်ပင်။ သူမဘဝက နာရီတစ်လုံးနှင့်တူ၏။ လုံ့လဝီရိယကို အလေးထားသည့်နေရာမှာ ရှာမှရှား။

မနက်ခြောက်နာရီလောက်မှာပင် အခန်းရှေ့ကိုရောက်ပြီး နေရာဦးဖို့စောင်နေခဲ့ကြသတဲ့။

ပြည့်စုံကျော်တို့အဖွဲ့နှင့်လည်း ဘုဘောက်တွေကျပြီး မင်္ဂလာနံနက်ခင်းကို ခပ်ပြင်းပြင်းဆူပွက်သံများနှင့် ကြိုဆိုပြီးစီးခဲ့ပါသတဲ့။

မာလာတင်ဖေတို့အဖွဲ့မှာ နေရာအလေးမထားသည်လား။ အိပ်ပုပ်ကြီး၍နေသလား။ ပြင်လွန်း၍ ဖင်ချွန်းနေကြတာကို ပြန်ဖောင်းနေကြ၍လားဖြင့် မသိ။ နောက်မှရောက်၍ နောက်ပေါက်ဝနားမှာ နေရာယူခဲ့ရ၏။

ကျောင်းတက်ခေါင်းလောင်း (သံချောင်းခေါက်သံ)ထိုးသည်နှင့် ကျွန်တော်တို့အတန်းကိုကိုင်မည့် အတန်းပိုင်ဆရာမကို မျှော်ရပြန်သည်။ အားလုံးကတော့ ဆရာမရောက်လာချိန် ကြန့်ကြာလေပိုကောင်းလေပင်။ နှစ်လကျော်လောက် ခွဲခွာခဲ့ရပြီး အတူအောင်မြင်လာ၍ အတူတစ်ခန်းထဲပြန်နေရစဉ် ပြောစရာစကားတွေ ပြောမဝဆိုမဝနိုင်သေးပေ။

စာမေးပွဲကျကျန်ရစ်ခဲ့သောသူတွေလည်း စိတ်မကောင်းဟန်ဖမ်းပြီး ဝမ်းနည်းလေသံဖြင့် သနားတယ်ဆိုတာ လျှာအရသာခံပြီး အပြန်အလှန်ပြော၍ မဝနိုင်သေး။ ကိုးတန်းမှာလည်း တစ်ခန်းတည်းနေခဲ့ရပြီး အထက်တန်းမှာလည်း တစ်ခန်းတည်းပြန်နေရ၍ အဖွဲ့လေးဖွဲ့စလုံးမှာ စောင်းချိတ်စိတ်ပျက်သံဖြင့် တစ်ဦးကိုတစ်ဦး မခံချင်ဟန်လှမ်းစဖြစ်ကြပြန်၏။

'မေတ္တာတော်တို့အဖွဲ့ကတော့ ရှေ့ပိုင်းမှာ နေရာရနေပြီ၊ ရှေ့မေတ္တာတို့အဖွဲ့ဟာ နောက်ပိုင်းမင်းသားတွေကိုဖြစ်လို့'

စံတော်ဝင်ပြောလိုက်သော စကားကို ပြည့်စုံကျော်က ကြား





ကြားအောင် ကြားလိုက်သေး၏။ ပြည့်စုံကျော်က စံတော်ဝင်ကို ဖန်ဂေါ်သီဟု နောက်ပြောင်ခေါ်ဝေါ်တတ်၏။

'မုန့်စားဆင်းရင် ဖန်ဂေါ်လီ လိုမ့်မယ်ဟေ့'

စံတော်ဝင်တို့အဖွဲ့ကြားအောင် အော်လိုက်၍ အဖွဲ့သားတွေ လှုပ်ရှလှုပ်ရှဖြစ်သွားပြီး…

'လဒတွေကတော့ ထကုန်ပြီ'

ခင်သန္တာဘုန်းက မကြားတကြား ပြန်ပြော၏။ ပပဝင်းက

'ဂရုစိုက်မနေနဲ့၊ ပြန်ပြောရင် လေကုန်တယ်'

ဖုန်းလှိုင်ဇော်က…

'လေတောင် ကပ်စေးနည်းနေသေးတယ်၊ လေချုပ်ရင် တောင်းဘူး ရုပ်ရှင်ရုံရဲ့'

ပပဝင်း ရုပ်ရှင်ရုံကို အစွဲပြုပြီး ပပဝင်းကို ရုပ်ရှင်ရုံဟု အညွှန်းဖျက်ကာ ခေါ်ကြ၏။ မင်းကြည်မိုးက…

'ပပဝင်းက မရှိတော့ဘူးလေကွာ'

မြတ်ချစ်မောင်က ဝင်၍ ထောင်ပေးသည်။

'ဘယ်ရောက်သွားလို့လဲ'

ပြည့်စုံကျော်က ရိုက်ချလိုက်၏။

'လင်နောက်လိုက်သွားပြီ'

ဝါးဟားဟားနှင့် သံသေးသံကြောင် ရယ်ကြသောအခါ ပပဝင်း ဒေါပွပြီး ကွန့်ပါဘူးဖြင့် လှမ်းပေါက်မည့်ဟန်ပြင်ကာ ကြိမ်းဝါး၏။

'နင်တို့ဆက်ပြောရဲရင် ပြောကြည့်၊ ထိပ်ကွဲအောင် လှမ်းအော်ပေးလိုက်မယ်'

စံတော်ဝင်က ပပဝင်းကို တားပြီး…

'အရူးတွေနဲ့ ဖက်ဖြစ်မနေနဲ့၊ ကိုယ်ပါ အရူးဖြစ်သွားလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဂရုထားမိနေ၍ ကြားရ၏။ ထို့ကြောင့် ရှေ့တန်းကို ထွက်လာပြီး ကျောင်းအုပ်ကြီးအိုက်တင် (လက်နောက်ပစ်၍ ခေါင်းကိုင့်စောင်းကာ)…

‘ဘာဖြစ်နေကြတာလဲ၊ ဘာတွေဖြစ်နေကြတာလဲ’

နှစ်ဖွဲ့စလုံး မကြည်မလင်ကြည့်ပြီး ဆန့်ကျင်ဘက်မျက်နှာလွှဲကုန်ကြ၏။ ထိုစဉ်မှာပင် ဆရာမဝင်လာ၍ အားလုံးမတ်တပ်ထပြီး နှုတ်ဆက်၏။ သူက အတန်းရှေ့ဘက်အလယ်မှာ ဝေါင်ဝေါင်ကြီးရပ်လျက်သား။ အတန်းသားတွေ ပြန်ထိုင်စဉ် သူ့နေရာကိုသူ အမြန်ပြန်လစ်ဖို့အပြင် (ကိုးတန်းက နာမည်ကြီးတွေကို သိထားသော ဆရာမက)

‘မောင်ဇင်မိုင်း… မင်းက အတန်းရှေ့ထွက်ပြီး ဘာလုပ်နေရတာလဲ’

‘ကျွန်တော်… ဟို… အဟဲ… ဆရာမ စာအဆင်သင့်သင်လို့ရအောင်လို့ သင်ပုန်းပေါ်က တောင်ခြစ်မြောက်ခြစ် လုပ်ထားတာတွေကို လာဖျက်ပေးတာပါ’

စံတော်ဝင်က ဆရာမနှင့်နီးနေ၍ တိုးတိုးလေး လှမ်းပြောလိုက်၏။ ဆရာမ သဘောပေါက်သွားပြီ။

‘ဒီကိုလာခဲ့စမ်း၊ ဘလက်(ခ)ဘုတ်ကို ဒီရှေ့တန်းက သမီးလေးတွေဖျက်ပေးပြီးသားတဲ့၊ မင်း သက်သက်မဲ့ရှေ့ကို ထွက်လာတာဆို’

ကျွန်တော် ရှောင်ခါမှ စွဲချက်က ကျလာ၍ ပြဿနာကို အစအဆုံး ဖော်ရပေတော့မည်။ ထို့ကြောင့် ဖော်ပြလိုက်ရ၏။ စံတော်ဝင်တို့နှင့် ပြည့်စုံကျော်တို့ မသင့်မတင့်ဖြစ်နေတာကို စေတနာ ရှေ့ထားပြီး ဝင်ကူဖြေရှင်းပေးရပါသည်ပေါ့။

ဆရာမက ကျောင်းဖွင့်စနေ့မို့ မင်္ဂလာယူနေဟန် တူ၏။ စံတော်ဝင်နှင့် ပြည့်စုံကျော်တို့ကို မျက်စောင်းနှင့် ဝေ့ဝဲကြည့်၏။



‘နောက်တစ်ခါ ဒါမျိုးတွေ မရဘူးနော်’

ကျွန်တော်တို့ကို အနီးကပ်ခေါ် သတိပေးပြီး ကိုယ့်နေရာထိုယ် ပြန်ထိုင်ခိုင်း၏။ မာလာတင်ဖေတို့အဖွဲ့က ကျွန်တော် အဝင်းခံရပြီမှတ်၍ ငန်းဘဲတွေလို လည်ပင်းဆန့်ကြည့်နေရာမှ ပြန်ပုသွား၏။

‘ဆရာကြီး ဝင်လုပ်တာ နောကြီး ဖြစ်တော့မလို့’ ဟု အဖွဲ့သားအချင်းချင်းက အားပေးထောက်ခံ၏။

စံတော်ချိန်တီးလုံးကို ဖုန်းလှိုင်ဇော်က အလွတ်ရ၏။ ပါးစပ်ဆိုင်းဖြင့် တီးလိုက်တိုင်း စံတော်ဝင် ဒေါကန်တတ်၏။ ဒေါကန်တတ်မှန်းသိ၍လည်း ပြည့်စုံကျော်တို့က ဖုန်းလှိုင်းဇော် ပါးစပ်တီးလုံးတီးစဉ် ဝိုင်းဝန်းအားပေးလက်ခုပ်တီးကြ၏။

ကျွန်တော်တို့ အဖွဲ့မှ အကင်းပါးဆုံးဖြစ်သော ပြောင်ခေါင်းမိမ်းတ ဗလကြီးကို တံတောင်နှင့်တွတ်ပြီး…

‘ဟေ့ကောင်… မင်းကို ပပဝင်း လှမ်းကြည့်နေတယ်၊ အဝိုင်သောက္ခ ပြန်ကစ်ကြည့်ပစ်လိုက်’

‘ဒါမျိုးတွေကို စိတ်မဝင်စားရဘူးလို့၊ အမေက မှာထားတယ်’

‘အောင်မယ်’

‘ဘွဲ့လေးဘာလေးရမှ စဉ်းစားပါ သားရယ်တဲ့’

‘မင်းတို့အမျိုးတွေ ဆယ်ယောက်စုလို့ လေးတန်းအောင်တဲ့သူတစ်ယောက်ရှိလို့လား’

‘ရှိတယ်၊ ရှိတယ် ရှိသမှ ဘွဲ့ရတွေကို ရှိတာ၊ ကိုရင်ဝတ်တုန်းက ဘွဲ့တွေရလိုက်တာမှ တသီကြီးပဲ’

ဝဏ္ဏထွန်းက အရယ်သန်သူပီပီ အားရပါးရ ရယ်၏။ ဥမ္မာဒေဝီက လှမ်း၍ မေးထိုးကာ အတင်းတုပ်တော့၏။

‘သီဟရေ… မင်းကိုကြည့်ပြီး ဥမ္မာဒေဝီ လေဖောင်းသွားပြီကွ မင်းနဲ့လိုက်တယ်၊ ကြည့်ပစ်လိုက်’

‘မလုပ်ပါနဲ့ သားရယ်၊ အတင်းချုန်ပီယံဘွဲ့ရထားတဲ့ ဥမ္မာ



www.burmeseclassic.com

www.burmeseclassic.com



ဒေဝီဆို လန့်လွန်းလို့ပါ၊ ကြည့်စမ်း တံတွေးစက်သေနတ် ပစ်သလို တရစပ်ပြောနေလိုက်တာ ဘာအကြောင်းတွေမှန်းလည်း မသိဘူး'

ကျွန်တော် ငြိမ်ကုပ်ပြီး နားထောင်နေစဉ် မုန့်စားနေသော စံတော်ဝင်တို့ကို ပြည့်စုံကျော်တို့ ဝိုင်းဖိနောက်သံကြားရ၏။ စံတော်ဝင်တို့အဖွဲ့က ပြောင်းဖူးပြုတ်တွေ ကုန်သွားအောင် စားပြီး ပြောင်းဖူးရိုးတွေချိုးကာ ပြည့်စုံကျော်တို့ကို လှမ်းပေါက်၏။

ထိမှန်ခံရဖန်များ၍ အထိနာလာသော ပြည့်စုံကျော်က ရှေ့တန်းမှ နောက်တန်းကို ပြေးလာပြီး သူတို့ခုံအနားမှာ ဝပ်နေ၏။ ပြောင်းဖူးရိုးတစ်ခုက ကျွန်တော့်နဖူးကို တိန်ခနဲ လာမှန်၏။

သီဟက ထအော်၏။

'ဘယ်သူတွေလဲကွ၊ ငါ့အိမ်က အောင်နက်ကြီး သူ့ဘာသာ အိပ်နေတာကို ခဲနဲ့လှမ်းထုလိုက်တာ'

နောက်တစ်ခါ သီဟကိုရော ကျွန်တော့်ကိုပါ ထပ်မှန်၏။

'ဟေ့ကောင် ပြည့်စုံမင်း၊ ဒီနား ဝပ်ကျင်းလာယက်နေတာ အကြောင်းမဟုတ်ဘူး၊ ငါတို့ကို လာမှန်ကုန်ပြီကွ၊ သွားတော့'

'မင်းတို့ကလည်းကွာ၊ အဲဒီလောက် ပစ်နေတာ၊ ငါဘယ် လိုပြန်လို့ရမလဲ'

'မင်းတို့ စထားတာ မင်းတို့ဘာသာ ခံပေါ့'

'ခံတယ်လေ၊ မင်းတို့ကိုမှန်တာတော့ မတတ်နိုင်ဘူး'

ထပ်မှန်ပြန်၏။ သုံးကြိမ်သုံးခါမြောက်ဖို့ ကျွန်တော်တို့အဖွဲ့ ငြိမ်မနေကြနိုင်တော့။

'ဟော့... စံတော်ချိန် လက်အငြိမ်မနေနိုင်ဘူးလား'

'နင်တို့ကို ပေါက်တာ မဟုတ်ဘူး၊ အဲဒီအနားမှာ ပုန်းနေတဲ့ သရဲတစ္ဆေကိုပေါက်တာ'

ဝဏ္ဏထွန်းက ဒေါ်ခီးဟန်ဖမ်းပြီး...

'အားနွဲ့တဲ့ယောကျ်ားလေးတွေဆိုပြီး ဝိုင်းအနိုင်မကျင့်နဲ့နော်





ကျောင်းအုပ်ကြီးကို သွားတိုင်ပစ်လိုက်မယ်၊ ဘာမှတ်လဲ'

ခင်သန္တာဘုန်းက ဝဏ္ဏထွန်းရဲ့ စကားကို လှောင်ရယ်ဟား တိုက်၏။ ပြောင်ခေါင်းစိမ်းက အသံကျယ်ကြီးဖြင့်...

'တိတ်... အခုချက်ချင်း ဝက်ဖင်ပိတ်'

ခင်သန္တာတို့အဖွဲ့ မျက်လုံးကြီးတွေ ပြူးထွက်သွားပြီး အချင်း ချင်းခေါင်းဆိုင်တိုင်ပင်လိုက်ကာ...

'ပြောင်ခေါင်းကြီး ပြောင်ခေါင်းကြီး'ဟု ညီညီညွှတ်ညွှတ် ဝိုင်းစုအော်ဟစ်ကြ၏။ ပြောင်ခေါင်းစိမ်းက...

'နင်တို့စော်ကားတာ အတန်းပိုင်ဆရာမနဲ့ကို သွားတိုင်မယ်'

'ဟဲ့... ငါတို့က ပြောင်သတ္တဝါရဲ့ ဦးခေါင်းကို ခေါ်တာ၊ နင့်ကိုခေါ်တာမှမဟုတ်တာ၊ ဘာလဲ နင်က ခေါင်းကြီးနေလို့လား'

ခေါင်းကြီးသော ပြောင်ခေါင်းစိမ်းက သူ့ခေါင်းကို သူပြန်စမ်း ရင်း...

'ငါ့ခေါင်းကြီးသလား ဇင်မိုင်း'

'မကြီးပါဘူး၊ ဝလုံးကို စဥ္စအိုးအကြီးကြီး စွပ်ထားသလိုပဲ'

'အဲဒီမေတ္တာရှင်မတွေ ငါ့ကို ကပ်ထည့်နေတာ မဟုတ်သား'

'သေချာအောင် မေးကြည့်ပါလား'

'ဟော့... ကပ်ထည့်နေတာလား'

ခင်သန္တာတို့ အာရုံမရတော့။ တစ်ဖွဲ့လုံး မြွက်ချစ်မောင်တို့ နှင့်ပတ်လှည့်ပြီး စစ်မျက်နှာဖွင့်နေရပြန်၏။ မုန့်စားဆင်းချိန် ပြန်တက် သောအခါမှ တစ်ခန်းလုံး ငြိမ်သွား၏။ တွေ့ခါစမို့ မုန့်စားဆင်းချိန် အမှတ်မရ။ ကိုးတန်းတုန်းကလို အသည်းအသန်စနောက်ဖို့ သွေးပူ လှေ့ကျင့်ခန်း သဘောမျိုး စကားနိုင်လုဆဲဖြစ်ကြ၏။

ကျစ်ဆံမြီးလေး နှစ်ဖက်ခွဲထားသည့် စံတော်ဝင်ရဲ့ အလှက စိန်ပန်းပင် နီနီရဲရဲတွေထက် ပိုလှ၏။

စံတော်ဝင်အပေါ် ကျွန်တော် အာရုံကျပြီး အကြည့်မကြာခဏ

www.burmeseclassic.com



ရှုမိတာကို ဝဏ္ဏထွန်းက ရိပ်မိပြီး ကျွန်တော့်အကြည့်တွေကို တမင်လိုက်ကွယ်တာ၏။

'စံတော်ဝင် ဝတ်ထားတဲ့ နားကပ်လေးက လှလို့ကြည့်မိတာပါ' ဟု အရှက်ပြေ လျှောက်လဲဖြေမိ၏။ ဖြေမိဖြေရာ ဖြေလိုက်မိတာ အကြီးအကျယ် ဆယ်ပါးမှောက်ရတော့၏။

စံတော်ဝင် ဝတ်ထားသည်မှာ နားကပ်မဟုတ်။

နားကွင်းနှစ်ဖက်။

* ♠ *

## အခန်း(၂)

'နင်တို့မိန်းကလေးတွေ အိမ်မှာစာမကျက်ကြဘူးလား'

ကျောင်းဖွင့်ပြီး တစ်လလောက်မှာ သီဟက ထမေးလိုက်သံ ဆေး၏။ မမေးလို့လည်းမဖြစ်။ စာသင်ခန်းထဲမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ စာပြိုင်ကျက်နေကြသည်မှာ ဆူညံပွက်လောရိုက်နေ၏။

မာလာတင်ဖေက သီဟကို ဘုကြည့်ကြည့်ပြီး…

'အဲဒါ နင့်အပူလား'

'ငါ့အပူမို့လို့ ပြောနေတာ၊ အတန်းထဲ ယက်ပံပင်ဇရက်ကျနေသလိုပဲ၊ နားတွေအူတွက်နေပြီ၊ အိမ်မှာ ကျက်လည်းရရဲ့သားနဲ့ ဒီမှာ အပြိုင်လာအော် ကျက်နေကြတာ'

'ကျက်တော့ဘာဖြစ်လဲ၊ စာသင်ခန်းပဲ ဆူမှာပေါ့၊ နင်တို့လို ..း‌တွေသာ ဟိုစာမရလို့ အခေါက်ခံရ ဒီစာမအံနိုင်လို့ လက်ဖဝါး အရိုက်ခံရနဲ့ အရိုက်ခံနေရကြတာ'

ဝဏ္ဏထွန်းက ဝင်ပါ၏။

'ရှတ်သီးကောင်းလိုက်တာ၊ မာလာဆိုတဲ့ နာမည်လေးနဲ့ ..င် မလိုက်တော့ဘူး၊ တင်ဖေဆိုတဲ့ နင့်အဖေနာမည်နဲ့ပဲ လိုက်တယ်၊ နင်က အဖေတူသမီးယောကျ်ားလေးလို ခန့်ခန့်ကြီးချောတာ

www.burmeseclassic.com



နှုတ်ခမ်းမွှေးရေးရေးလေးနဲ့ဆိုတော့ ငါးစင်ရိုင်းလို လှတာလေး ငါပြော တာ ဟုတ်တယ်ဟုတ်'

'နောကောင်စုတ်… ဝဏ္ဏထွန်းနော်၊ ငါ့အဖေကို မထိနဲ့'

ဖူးနွဲ့လေပြည်က မာလာတင်ဖေဘက်မှဝင်၍…

'ဟုတ်သားပဲ၊ နင်တို့ကလည်း မိဘတွေကို မပါစေနဲ့ပေါ့'

သူတို့ချင်း စကားဘေ့ ရိုတ်မိနေကြစဉ် အတန်းခေါင်းဆောင် ခန့်အပ်ခံရသော ပြည့်စုံကျော်က မြောက်ကြွကြွနှင့်ရောက်ချလာ၏။

'စာအုပ်ဖိုးတွေလုပ်ကြ၊ ပေးကြဦး၊ ဇင်မိုင်း မင်းကောင်တွေ အစား ငါ စိုက်မထားနိုင်ဘူး၊ ထုတ်ခိုင်းဦး'

'ဘယ်သူကျန်လို့လဲ'

'ဗလကြီး ကျန်ပါယ်၊ ပြောင်ခေါင်းစိမ်း ကျန်တယ်'

'ပေးမှာပေါ့ကွာ၊ ဒီညနေ ဘောလုံးကန်ဖို့ ချိန်းထားတာ ဘယ်လိုလဲ'

'ငါတို့ဘက်က ဖြစ်ပြီးသားပဲ'

'ငါတို့ကလည်း အသင့်ပဲ'

'အသင့်ပဲ လုပ်မနေနဲ့၊ ဝဏ္ဏထွန်း ဘာတွေဇယားလှမ်းရှုပ် နေတာလဲ၊ မာလာတို့က စိတ်ဓာတ်ကြမ်းတွေနော်၊ သူတို့အမုန် ခေါ် တန်ရင် အားလုံးပွက်ကုန်လိမ့်မယ်၊ ဆရာမလာတဲ့အချိန်မှာ ငါ မော်ဝီ တာ တစ်ယောက်လုံး ရှိရဲ့သားနဲ့ ထဖြစ်ကုန်ရင် ငါ နာမည်ပျက်မယ် နဖားကြိုးဆွဲတင်းထားဦး'

သာသာနဲ့ နာနာကပ်သည့်သည့်စကားမို့ ကျွန်တော် တင်း သွားပြီး…

'မင်းကို မင်းသာ မာလာတို့ စံတော်ဝင်တို့နဲ့ လွတ်အောင် ရှောင်စမ်းပါ ဂေါ်ဇီလာရယ်'

'မင်းဘိုးအေကြီး ဂေါ်ဇီလာရမှာလား၊ မော်နီတာကွ မော်နီ တာ၊ ကိုယ့်ဓာတ်ကိုယ် နိုင်ရင်ပြီးတာပဲ'



ဗလကြီးက စာအုပ်ဖိုးငွေကိုပေးရင်း မော်နီတာကို…

'အတန်းခေါင်းဆောင်ကြီးကလည်း ကျောင်းသားတွေဆီက ငွေကောက်ရင် ကြွေးတောင်းတဲ့မျက်နှာနဲ့၊ ကျောင်းသူတွေဆီက ငွေ ကောက်ရင် ကြွေးယူတဲ့ မျက်နှာနဲ့ အပြောင်းအလဲတွေမြန်လွန်းတယ် များတယ်၊ ကြာကြာဝါးမဲ့သွား အရိုးချည်းဆက်ကိုက်နေတော့မှာလား'

'ဟေ့ကောင်… အရိုးကိုက်ရအောင်၊ ငါက ခွေးလား'

'မဆိုလိုပါဘူး၊ ကိုယ့်ဘာသာ ကိုယ်သိရင် ပြီးတာပဲ'

'ဟေ့ကောင်… ဗလကြီး လူကြည့်တော့ ကြွက်ပစ်တဲ့ ဒုတ် ကောက်ပဲရှိတယ်၊ တစ်ခါကိုင်လိုက်တာနဲ့ ဆန့်ငင်နေမဲ့ကောင်က ဘောလုံးတွေ လိမ့်သွားပြီး ပိသေနေဦးမယ်'

'လာလေ၊ လက်လှဲ့မလား၊ လက်သီးဆက်မလား၊ ဘော်လီ ပေါ်တဲ့ မော်နီတာကို ဆော်ပြီသာမှတ်လိုက်'

'ဟင်း… အချိန်မရလို့ပေါ့ကွာ၊ နေနှင့်ဦးပေါ့၊ ညနေ ဘော လုံးပွဲကျမှ မင်းကို ကောင်းကောင်းနှာပြမယ်'

ပြည့်စုံကျော်က ရေနွေးငွေ့နှင့် မောင်းသည့် မီးရထားစက် ခေါင်းကြီးလို ရှူးရှဲ ရှူးရှဲဖြင့် ထွက်ခွာသွား၏။ မာလာတင်ဖေတို့ အဖွဲ့ဆီမှာ ငွေကောက်ခံနေ၏။

ဗလကြီးပြောမည်ဆိုလည်း ပြောလောက်ပေသည်။ မော်နီ တာရဲ့ မျက်နှာချက်ချင်းပြောင်းလဲသွား၏။ ပုံစံကိုက သရဲတစ္ဆေကို မိတ်ထပ်လိမ်းပြီး အစွမ်းကုန်ပြုးခိုင်းထားသလိုပင်။

* ♠ *

www.burmeseclassic.com

## အခန်း(၃)

'တစ်ရာ ခုနှစ်ဆယ်နှစ် တစ်ရာခုနှစ်ဆယ့်သုံး၊ တစ်ရာခုနှစ်
ဆယ့်လေး၊ တစ်ရာခုနှစ်ဆယ့်ငါး··· ငါး'

'နင်··· ငါ့ကို တမင်လိုက်နှောင့်ယှက်နေတာလား ဇင်မိုင်း'

'မဟုတ်ပါဘူးဟာ၊ ကျောင်းကို အခုလို လမ်းလျှောက်လာတာ
ခြေဘယ်နှစ်လှမ်း လှမ်းရသလဲဆိုတာ ကိုယ့်ဘာသာရေတွက်လာ
တာပါ'

'ဘာလို့ ငါ့နောက်က တကောက်ကောက်လိုက်နေရတာလဲ'

'တကောက်ကောက် မလိုက်ပါဘူး၊ တဖျပ်ဖျပ်ပဲ ဖိနပ်သံ
ကြားရပါတယ်၊ နင်ကြားတာ မှားနေပြီနဲ့တူတယ်'

စံတော်ဝင် စိတ်ဆိုးလျှင် ကျစ်ဆံမြီးလေးနှစ်ဖက် ခါထွက်
အောင် ရန်တွေ့တတ်၏။ မဲ့ကာ ရွဲ့ကာ ပြန်ပြောနေပုံလေးကို
ချစ်စရာ ကောင်းနေပြန်၏။ ကျွန်တော် စကားကပ်ပြောတာကို စံတော်
ဝင်ပို၍ ဒေါသထွက်လာပြီး···

'နင် ငါ့နောက်က တမင်လိုက်နေတာ ကျောင်းရောက်
တာနဲ့ ကျူဆရာနဲ့တိုင်မယ်'

'ထစ်ခနဲရှိ တိုင်ဖို့တောဖို့ပဲ စဉ်းစားနေတာပဲ၊ ဒီလမ်း
လမ်းခွဲမရှိဘူး၊ ကျောင်းရောက်အောင်သွားရမှာ ဒီတစ်လမ်းပဲ ရှိလို့ပါ





'ဒါဆိုရင် ရှေ့ကသွား'

စံတော်ဝင် ပြောသလိုပင် သူ ရှေ့ကသွား၏။ စံတော်ဝင်နှင့်
ဥမ္မာတို့က ရပ်ကျန်နေ၏။

ကျွန်တော်က ဖိနပ်သဲကြိုးကို ငုံ့ကြည့်လိုက်ပြီး အသေအချာ
စစ်ဆေးကြည့်သလို ရပ်နေ၏။

'တွေ့လား ဥမ္မာ၊ ဇင်မိုင်း တမင်လုပ်နေတာ'

'အဲဒီ အင်ဖိုင်းကို ဥပေက္ခာထားလိုက်စမ်းပါဟယ်၊ ကိုယ့်
ဘာသာသွားကြမယ်၊ ကျောင်းမှာ ဒီနေ့သန့်ရှင်းရေးအလှည့်ကျတယ်၊
နောက်ကျလို့ မဖြစ်ဘူး'

'အံမယ် ငါ့ကိုများ အင်ဖိုင်းတဲ့ အင်ဖိုင်း မဟုတ်ဘူး၊ ပုထု
နောရဲ့ အစစ်အမှန်အတိုင်း ဇင်မိုင်း'

'နာမည်ကလည်း ကိုးလို့ကန့်လန့်၊ လူကလည်း ထောင့်
ချိုး၊ ဒါကြောင့် ဒင်းတို့ကို ပြည့်စုံကျော်တို့က ရွှေမေတ္တာအဖွဲ့လို့
နာမည်ပေးထားတာ မေတ္တာတုံးတွေမို့လို့ ရှဲ့ခေါ်တာလေ'

ဥမ္မာဒေဝီ ပြန်ပြောလိုက်၍ စံတော်ဝင်က လှောင်ဟားဟား
ရယ်၏။

'သူများကို နှိပ်ကွပ်ပြောလိုက်ရမယ်ဆိုရင် အတိုင်အဖောက်
ကိုက်ညီနေတာပဲ၊ တစ်ယောက်ကလည်း လူမမာဝမ်းလျှောနေတဲ့ လေသံ
နဲ့ ပြောတယ်၊ ကျန်တဲ့တစ်ယောက်ကလည်း မျောက်အမြီးအညှပ်ခံ
ရတဲ့လေသံနဲ့ ရယ်တယ်'

'ဟယ်··· နင် ငါတို့ကို ပယ်ပယ်နယ်နယ် ပြန်ပြောရက်
လိုက်တာ၊ အင်ဖိုင်း ကောင်စုတ်··· နောက် တစ်ခါထပ်ပြောရင်
အသေလုပ်မယ်၊ မြန်မြန်လျှောက် ဥမ္မာ၊ ငါ စိတ်တိုလာပြီဟာ'

'စံတော်ချိန်တီးလုံးသံကြားတယ်၊ မနက်ရှစ်နာရီတောင် ထိုး
ပြီပဲ၊ မြန်မြန်လျှောက်ကြ၊ ကျောင်းမှာ တံမြက်စည်းလှည်းဖို့နောက်ကျ
နေဦးမယ်၊ ပြန်စရေမယ်၊ ခြေလှမ်းဘယ်လောက်မြောက်အောင်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီလဲ၊ အဲ… သိပြီ… တစ်ရာခုနစ်ဆယ့်ခြောက်၊ တစ်ရာခုနစ်ဆယ့် ခွန်’

ကျောင်းရောက်သည်အထိ စံတော်ဝင်တို့ ခြေလှမ်းများအောင် ကျွန်တော် အမှတ်စဉ်မှတ်ပေးနေမိ၏။ ကျောင်းရှေ့အုတ်ခုံမှာ လဒတွေ လို တန်းစီထိုင်နားနေကြသော အဖွဲ့သားတွေကို တွေ့ရ၏။

‘ဟော့… ဖင်ဖိုင်း… အနံ့လိုက်ခဲ့နေတာလား’

ဗလကြီးက ဆရာကြီးလေသံဖြင့် လှမ်းနောက်၏။ ပြော ခေါင်းစိမ်းက သူ့ကတုံးပြောင်ပြောင်ကို လက်နှင့်ပွတ်ရင်း…

‘တို့ နင့်ကို ခင်ပါတယ်ဟယ်၊ တို့နင့်ကို မမုန်းပါဘူးဟယ်’

မလျှာသံကြီးဖြင့် သီချင်းစောင်းဆို၏။ ဝဏ္ဏထွန်းက ထပ်မံ၍

‘နှုတ်ခမ်းမစုနဲ့ သမီးငယ်ရယ်၊ ဝက်ဖင်ကြီးနဲ့တူလိမ့်မယ်’

အဖွဲ့အင်အား တောင့်နေ၍ စံတော်ဝင်တို့ ခြေဆောင့်ထွက်ခွာ သွား၏။

ဝဏ္ဏထွန်းက ကျွန်တော့်ကို တားရင်း…

‘မီးဘေးရှောင်ဖို့ မလောင်ခင်က တားရမယ်၊ လာ… မင်းရဲ့ နှာခေါင်းမှာ တောက်နေတဲ့ တဖောဓာတ်တွေ ငြိမ်းသွားအောင် လေ ပေါဓာတ်နဲ့ ဖြန်းမှုတ်ပေးမယ်’

‘ကျောင်းလာရတာ ဝေးလို့၊ အပျင်းပြေ ရီးရီးသားသာ သဘောနဲ့၊ ငါ လျှောက်ပြောင်နေမိတာပါကွာ၊ ဆယ်တန်းကျောင် သားဘဝမှာ မရီးသားတာတွေ စဉ်းစားလို့မရဘူးလေ’

ဗလကြီးက ဗလုံးဗထွေးလေသံဖြင့်…

‘ဝုတ်ဒယ်… ဝုတ်ဒယ်…’ဟု ထောက်ခံ၏။ မနေ့က ဘောလုံးချိန်းကန်ဖြစ်သော ပြည့်စုံကျော်တို့အဖွဲ့ ရောက်လာ၏။ မနေ့ က ဘောပွဲရလဒ်မှာ သရေပွဲပျက်သွား၏။

ဂိုးသမားကို ဂိုးထဲလိမ့်ကန်သွင်းမိသူက သွင်းမိခဲ့၏။ ဒိုင်ကြီးကို တစ်ဖက်လူထင်ပြီး ဘော်ဒီနှင့် အတင်းဝင်တိုက်မိသူက တို





နောက်ဆုံးဘောလုံးကို လူချင်းဆိုင်ပြီး ညှပ်ကန်လိုက်၍ဘောလုံး ထွက်သွားခဲ့ရ၏။

‘ဒီညနေ ဆက်ကန်ဦးမလား ဝဏ္ဏ၊ ငါတို့ဘောလုံး ဝယ်ထား တယ်’

‘မင်းတို့က ဝဲကျော်တွေ ဒက်ချီးတွေ မကန်တော့ဘူး’

ဝဏ္ဏစကားကြောင့် မြတ်ချစ်မောင် တွန့်ခနဲ ဖြစ်သွားပြီး…

‘ဘာ ဝဲကျော်လဲ၊ ဘယ်မှာ ဒက်ချီးပေါက်လို့လဲ’

‘ညစ်ပတ်တာကို ပြောတာ၊ မင်းတို့ညစ်လို့ ပွဲပျက်တယ်၊ ကစားစိတ်ဓာတ်မရှိဘူး၊ အသားလွတ် လူချတယ်’

‘အကြိတ်အနယ်ကစားရတာ၊ ဒီလောက်တော့ရှိမှာပေါ့ ဘောလုံးကန်နေတာကွ၊ မော်ဒယ်(လ်)ရှိုး လုပ်နေတာ မဟုတ်ဘူး’

ကျွန်တော် ပြည့်စုံကျော်ကို…

‘မင်းက ငါတို့အဖွဲ့ကို ရွှေမေတ္တာလို့ ပေးထားတယ်ဆိုကွ’

‘ဘယ်သူပြောလဲ’

‘စံတော်ဝင်’

‘ပေါက်တတ်ကရ ပေါက်ပန်းလေးဆယ်၊ မဟုတ်ကဟုတ်က လျှောက်ကာလီ ပေါက်ပေါက်ရှာရှာ မဟုတ်မဟပ်တာ’

‘ဟော့ကောင်… မင်းမပြောဘူးလား’

‘ဟီး… ပြောတယ်’

‘အေး… ငါတို့ကလည်း မင်းတို့အဖွဲ့ကို မေတ္တာတုံးလွန်းလို့ မေတ္တာတော် အဖွဲ့လို့ ရွဲ့ခေါ်ကာ မင်း ကြားမိတယ် မဟုတ်လား’

‘ကြားမိသလိုပဲ၊ တောက်… စံတော်ဝင် တွေ့မယ် ဟင်း… သူ သက်မဲ့ ငါ့ကို ကျားစာကျွေးသွားတယ်၊ စံတော်ဝင်က မင်းကို ချစ်ချီး ဝါးလုံးချီး ပြောတာတွေ ငါလည်း ပြန်တို့ထောင်ပေးရ အုံးပေါ့ကွာ’

‘ပြောစမ်း၊ ဘာတွေပြောထားတာလဲ’

www.burmeseclassic.com



'မင်းဟာ ဝေါကြီးတဲ့၊ ကြောင်တဲ့နေရာမှာလည်း နှစ်ကော
မရှိဘူးတဲ့၊ ဖြိုဟ်ထောင်တဲ့ လျှောင်တဲ့'

'အဲဒါ ဘာဖြစ်လဲ'

'ဘာဖြစ်ရမှာလဲ၊ မင်းကို ကျောင်းသားတွေက ကျွဲကြီးလို့
ထွယ်ရာခေါ်ကုန်ကြတာပေါ့၊ ကျောင်းသူတချို့ကတော့ မင်းကို အမည်
ပြောင်းပေးလိုက်တာက ဗိုလ်ကြဲတဲ့ ဖြိုဟ်ကျွဲတဲ့'

'ဒင်း… ဒီလိုတွေအထိကို ပြောခဲ့တာလား'

'ငါပြောတာ လျော့နေသေးတယ်၊ မင်းကို အားနာလို့'

'အေး… အဲဒီလိုပြောတာတွေ ဟုတ်ရင်ဟုတ်ပေါ့ကွာ
မဟုတ်ရင် မင်းတို့ မျိုးပြုတ်ပြီသာမှတ်'

'မှတ်တယ်ဗျာ၊ မှတ်တယ်'

ပြည့်စုံကျော်တို့ ကျောင်းပေါ်ထပ်တက်သွားကြသောအခါ
စံတော်ဝင်ကို သူ စစ်မေးချင်လာ၏။ ပြည့်စုံကျော်ကို ပြောပြခဲ့တာ
ဟုတ် မဟုတ်'

ပြောင်ခေါင်းစိမ်းက…

'စံတော်ဝင်ပြောတာ မဖြစ်နိုင်ဘူး၊ ခင်သန္တာဘုန်းတို့ ပြော
တာဆို ယုံလောက်သေးတယ်၊ စံတော်ဝင်က စိတ်ရင်းဖြူတယ်၊ ပြော
လီကာလီ အတင်းတချို့ မပြောတတ်ဘူး'

ဗလကြီးက…

'ဘာလို့မပြောတတ်ရမှာလဲ၊ ဟိုဘက်တောင်လွန်ဦးမယ်၊ ဟို
တစ်နေ့ကတောင် မာလာတင်တို့ ခေါင်းစည်းပဝါအသစ် စည်းလာ
တာကို စံတော်ဝင်နဲ့ ဥမ္မာဒေဝီတို့ လှမ်းကြည့်ပြီး မဲ့ကာ ရွဲ့ကာ
ပြောနေလိုက်တာ သူတို့အချင်းချင်း တဲတွေးသကြန်ကျနေတဲ့
အတိုင်းပဲ'

ဝဏ္ဏက ထရပ်ပြီး…

'သွားကြမယ်၊ သွားကြမယ်၊ ရှေ့အပတ်ထဲမှာ စာမေး





ရှိတယ်၊ စာလေးဘာလေးလည်း လိုက်စားကြဦး၊ စာတတ်ပြီးမှ စာ
ခွဲအောင်တာမျိုးပဲ ဖြစ်စေချင်တယ်'

တစ်နေ့တစ်နေ့…

တွေ့ကရာ ရှစ်သောင်းဇာတ်တွေပြောပြီး တန်ဖိုးကြီးမားတဲ့အချိန်
တွေကို အလကားလွှင့်ပစ်မနေကြနဲ့၊ အချိန်နဲ့ ဒီရေ လူကိုမစောင့်
ဘူး အချိန်ရှိခိုက် လုံ့လစိုက်ကြစမ်းပါ'

'ဒီမှာ ဝဏ္ဏ၊ အချိန်နဲ့ဒီရေက လူကိုမစောင့်ရင် ဘာကိုစောင့်
တာလဲကွ၊ အချိန်ရှိခိုက် လုံ့လစိုက်ရအောင် လုံ့လဆိုတဲ့ သစ်ပင်က
ဘယ်နားမှာရှာရမှာလဲ'

ဗလကြီးရဲ့ စကားကြောင့် ဝဏ္ဏ ခေါင်းတဖျင်းဖျင်းကုတ်
ရပြီး…

'ငါမွေးတဲ့ သားတွေထဲမှာ မင်းအညံ့ဆုံးပဲ ဗလ'

'ဟေ့ကောင် ငါ့အဖေက သေတာကြာလှပြီ၊ မင်းက ငါ့
အဖေဆိုတော့ လူသေပေါ့'

'မင်း စကားသိပ်ကွန့်တာပဲ'

'မင်းက လာပြီး အညွန့်တလူလူ လုပ်ပြနေတာကိုး ဝဏ္ဏရ'

'ပြောမိတာ မှားတယ်'

'မှားရင် ထိုင်တောင်းပန်လေ၊ ဖေဖေရယ်… သားငယ်လေး
ရဲ့ ခွင့်လွှတ်ပါလို့ တောင်းပန်လိုက်ပေါ့ကွာ'

'ဘာလို့တောင်းပန်ရမှာလဲ၊ မင်းကိုတောင်းပန်မဲ့အစား လမ်း
ထိပ်က အရူးမကြီးနဲ့သာ နပန်းလုံးပစ်လိုက်ချင်တယ်'

'ဒါဆိုရင်တော့ တစ်သက်လုံး ဖုံးသမျှ လုံးတော့မှ ပေါ်ဖြစ်
တော့မှာပဲ'

'ပေါ်ပေါ်ကွာ'

'တော်တော်'

'တော်တော်ဆိုတာ ကြက်အော်သံ'

www.burmeseclassic.com

www.burmeseclassic.com



'ပေါ်ပေါ်ဆိုတာ ရထားဥသြသံကွ'

'တော်တော်ပေါ်ပေါ်တွေ Stop ဟိုမှာ ဂေါ်ဂေါ်တွေက ဗိုင်ကြည့်တုန်ပြီ'

'ကြည့်... အဟိပေါ့ကွာ'

'အဟိ' ဆိုသူကို နဘမ်ကျင်းလိုက်၍ 'ဂိ' သံ ဂိန်ဂိန်ညံသွားတော့၏။

* ♠ *

# အခန်း(၄)

'ဖြေရှင်းချက်ပေးပါ စံတော်ဝင်'

စံတော်ဝင်တို့အနားမှာ စာအုပ်လာငှားတာလိုလိုနှင့် ကျွန်တော်အသာရပ်ပြီး ပြည့်စုံကျော် ပြောတာတွေ ပြောမေးကြည့်လိုက်၏။ စံတော်ဝင်က အရုပ်မလေးဖြတ်ထားသည့် မျက်နှာဖြင့် မလှုပ်မယှက်။ မျက်ခမ်းအထက်ဘက် ရှုပြီး မျက်စောင်းခဲကြည့်နေ၏။ ကျွန်တော်ဖြေရှင်းချက် တောင်းသောအခါ...

'ငါ့စာကျက်ချိန် ပျက်ကုန်တော့မှာပဲ၊ မသိဘူး၊ နားမလည်ဘူး နင်ပြောတာတွေ တစ်ခုမှ ငါ့ခေါင်းထဲမရောက်ဘူး'

'စာဘယ်အချိန်ကျက်ကျက် ရပါတယ်ဟာ၊ ငါထပ်ရှင်းပြမယ်'

'ဖင်ဗိုင်း... ကျောင်းသားတွေရဲ့ အလုပ်က စာကို ကျက်မှတ်လေ့လာမှတ်သားတွက်ချက်သင်ယူဖို့ပဲ မဟုတ်လား'

'ဟုတ်တယ်လေ'

'ငါ့ဖေဖေက ငါ့ကို ဆုံးမလမ်းပြထားတယ်၊ ကိုယ့်နှလုံးသွေးချက်တိုးသံ ဒုတ်ဒုတ်နဲ့အမျှ အလုပ်ကို လိုက်လံကြိုးစားပါတဲ့၊ ဒါကြောင့် အချိန်မရွေး အခါကာလမရွေး၊ ငါအလုပ်လုပ်ချင်လို့ အလုပ်လုပ်နေ

www.burmeseclassic.com



-ယ်၊ နှင် မနှောင့်ယှက်ပါနဲ့ဟာ၊ တခြားအချိန်တွေဆို နောက်တာ ပြောင်တာ ခွင့်လွှတ်နိုင်သေးတယ်'

'နှင့်အဖေက လုပ်တိုင်းဖြစ်နေလို့ နှင်တို့အတွက် စံနမူနာကြီးဖြစ်နေတာပေါ့လေ၊ အဲဒီစိတ်ဓာတ်မျိုးနဲ့ တရားထိုင်လိုက်ရင် နှင်တို့ မိသားစု နိဗ္ဗာန်ရောက်နေဟာ ကြာလှပြီ၊ လမ်းလွဲလိုက်ပြီး လုပ်ကောင်းပြနေတာကိုများ ဖြစ်ချိန်တန်လို့ အားရအောင်ဖြစ်ပြီးရင် ပျက်ချိန်တန်တဲ့အခါ နှင့်ဘာသာ ဒုတ်ဒုတ်မကလို့ ဝုတ်ဝုတ်လိုက်လုပ်ဦး အားရအောင် တစ်ခုပြီးတစ်ခု ပျက်သွားကြလိမ့်မယ်'

'နှင်ဟာလေ ငါနော်၊ ဒီမှာ အဲဒီပြည့်စုံကျော်ဆိုတဲ့ ကောင်ရဲ့စကားများ၊ နှင်မို့လို့ ယုံတယ်၊ အရူးစကား အရူးပဲ နားလည်တယ်၊ နှင့်အကြောင်းလည်း ပြောဖို့နေနေသာသာ ကိုယ့်ဘာသာကိုယ် အာရုံစိုက်ပြီး လုပ်စရာရှိတာ လုပ်နေရတာနဲ့တင် ယားလို့တောင် မကုပ်အားဘူး'

'နှင် မပြောဘူးဆိုလည်း ပြီးတာပါပဲဟာ၊ အသာနေ၊ ဟိုမှာ ဒီကောင် ငါတို့ကို လှမ်းအကဲခတ်နေတယ်၊ နှင် အဲဒီကောင်ကိုကြည့်ပြီး မဲ့ကာရွဲ့ကာ စကားနည်းနည်းပြောသလိုလို လုပ်ပြလိုက်ပါလား'

'မလုပ်တတ်ဘူး'

'ငါသင်ပြမယ်၊ ဒီလိုလေဟာ'

'ပြောင်သလိုကြီးလား'

'မဲ့တာဟ၊ လိုက်လုပ်ကြည့်စမ်းပါ'

စံတော်ဝင် စိတ်လိုလက်ရရှိနေ၍သာ ဆက်ဆံရေး အဆင်ပြေပြီးလိုက်လျောနေခြင်းဖြစ်၏။ လုပ်ပြ၏။

'နှင်မဲ့တာကလည်း ဘဲခေါင်းခြောက်ကို နေခြောက်လှန်းထားသလိုပဲ၊ စိတ်ပါလက်ပါလေး မဲ့စမ်းပါ'

'မတတ်ပါဘူးဆိုမှ'

'ဟုတ်ပြီ၊ ရောက်သီးဝါးစားတဲ့ မျက်နှာမျိုး အေးရပြီ ဟို

တောင် တွေ့သွားပြီ၊ ဟင်း… တွေ့ကြသေးတာပေါ့'

ကျွန်တော် ပြည့်စုံကျော်ရှိရာ ကူးပြောင်းလာလိုက်၏။ ပြည့်စုံကျော်က ရင်ဖိုလှုပ်ရှားနေဟန်ဖြင့်…

'ဘာတွေထူးလဲ၊ အရူးအမဲသားကျွေးသလိုများ ဖြစ်သွားပြီလား'

'မင်းက ငါ့ဆို သိပ်ကြဲတဲ့ကောင် ငါက မင်းလိုအကျင့်မရှိပါဘူးကွ၊ မင်းကို စံတော်ဝင်က ကျွေးမွေးစရာ ရှိတယ်တဲ့၊ စောင့်နေပါလို့မှာလိုက်တယ်'

'ဘယ်နားမှာ စောင့်ရမှာလဲ'

'မိန်းကလေးအိမ်သာနားမှာ'

'ဟွှီ'

'ဘာလဲကွ၊ မိန်းကလေးအိမ်သာနဲ့ သိပ်မဝေးတဲ့ ဗာဒံပင်အောက်မှာကိုပြောတာ၊ အဲဒီဘေးနားမှာ မုန့်ဆိုင်တန်းရှိတယ်လေ'

'ငါ့နည်းနဲ့ ငါ့ကို လာပတ်လိမ့်မနေနဲ့ ဖင်ဖိုင်း'

'မယုံရင်နေလေ၊ ငါကလည်း ပြောပါတယ်၊ ဒီကောင်က အရူးကြီးကြီး ဘဝင်မြင့်မြင့်ကောင်လို့ ငါပြောရင် ယုံမှာမဟုတ်ဘူးဆိုသော့ စံတော်ဝင်က မဲ့ရွဲ့ပြီး ဒင်းကို ကြွက်ပျင်းလား၊ ဘဝင်မြင့်ရအောင် ဘာမို့လို့လဲ ဘာညာဆိုပြီး ဖြစ်သွားသေးတယ်၊ ငါချော့ပြောမှ ဆုပ်သွားပြီး မင်းကို ထပ်ခေါ်ခိုင်းတယ်'

'အခုတလော ဇာဒင်တွေက ဟောထားတယ်'

'ဘာတဲ့လဲ'

'လူလိမ်ခံရမယ်တဲ့'

'ယကြာချော်တဲ့အနေနဲ့ မင်းနားရွက်ကို ငါဟော့ဒီလို လိမ်ပေးလိုက်မယ် ကျေရော'

'အလွဲလွဲ… အားဟားဟား၊ နာတယ်ကွ နာတယ်'

'ယကြာ ကျေသွားပြီ မင်းသွားတွေ့မယ် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'နွတ်ကို လွှတ်နေပါလား၊ မင်းပြောတဲ့နေရာက တောင်ဘက် မှာ ဗေဒင်ဆရာက ထပ်ဟောတယ်၊ တောင်မသွားနဲ့တဲ့၊ တောင်သွား ရင် အဖမ်းခံရမယ်တဲ့'

'အခုမှ ဗေဒင်ဆရာ့စကားကို သူ့အဖေ စကားတျနေတာပဲ'

'နောက်သုံးလေးရက်လောက် ခွာချိန်းလိုက်ပါလားကွာ၊ အေ အေးဆေးဆေးတွေ့ဖို့ နေရာရွေးပြီး ပြင်ပြင်ဆင်ဆင်နဲ့ ငါလာခဲ့လို ရတာပေါ့'

'မင်း ဘာတွေပြင်ဆင်ဦးမှာလဲ၊ ကျော်ဒန်နီတွေ နိုက်တွေ ဝတ်ဦးမလို့လား၊ ငါ့အထင်တော့ မင်းနဲ့လိုက်တာ တစ်မျိုးပဲရှိတယ်'

'ဘာအမျိုးအစားလဲ ဓင်မိုင်း'

'ဝီနံအိတ်ခွံဝမ်းဆက်'

ပြည့်စုံကျော် မျက်လုံးကြီး ပြူးထွက်သွား၏။

'ကောင်မလေးကို သွားတွေ့ရင်လည်း လင့်ခရူဆာ၊ ပါဂျဲရိုး ဆူရူကီး၊ မာစီဒီးဆိုတဲ့ ကားတွေထက် မင်းနဲ့ပိုလိုက်တဲ့ကားနဲ့သ သွား'

'ဘာကားလဲ'

'ဆိုက်ကား'

'စံတော်ဝင်တို့ မိဘတွေ မင်းကိုအထင်ကြီးအောင် လုပ်ဖ ရှင်ကြီး ဆိုက်ဂိုက်ဖမ်းသွား အပေါစား အတက်ချိုကေ့စ်ဆိုက်လုပ်ထာ တဲ့ဟာတွေ လုံးဝမကိုင်နဲ့။ အောက်ကျတယ်။ အတက်ချိုကေ့စ်အစ ကိုလည်း မကိုင်နဲ့ မလိုက်ဘူး၊ မင်းနဲ့ကလိုက်တာတစ်ခုပဲရှိတယ်'

'ဟင်း… ဟင်း… ဟင်း… ဘာလဲပြောစမ်း'

'ခွက်ဆွဲသွား'

'မင်း ငါ့ကိုတော့ဖြုတ်နေတာ လွန်ပြီနော်'

'စံတော်ဝင်က မင်းကို အသိအမှတ်ပြုပြီး ခေါ်နေတာ မင်းက ကုလားမူ မူနေသေးလို့ အမြင်ကတ်ပြီး လျှောက်ပြောနေတာ





'တကယ်ကို ခေါ်တာနော်၊ မင်း မညာနဲ့'

'နေ့လယ်ပိုင်း ထမင်းစားပြန်ချိန်ကျရင် တွေ့မလို့တဲ့၊ မင်းတို့ ချင်း ဘာတွေပြောစရာရှိသလဲတော့ မသိဘူး၊ ငါ့ကို စကားအမှာ ါးလိုက်တာနဲ့ လာပြောတာ'

ပြည့်စုံကျော်က စံတော်ဝင်ကို လှမ်းကြည့်လိုက်ပြီး ကျွန်တော် ာပြောနေတာ ဟုတ်မဟုတ်ကို လက်ဟန်သရုပ်ပြ၍ လှမ်းမေး၏။

ဒီလောက်တော့ ကျွန်တော်လည်း သဘောပေါက်ပြီးသားပါ။ စံတော်ဝင်ကို မျက်လုံးတစ်ဖက်မှိတ်ပြလိုက်ပြီး ပြည့်စုံကျော်နောက် ထဲမှ စံတော်ဝင်ကို ကျွန်တော် ခေါင်းညိတ်ပြခိုင်းလိုက်၍ စံတော်ဝင် ြလွယ်စီးလွယ်ပင် ခေါင်းညိတ်ပြ၏။ ပြည့်စုံကျော်ရဲ့ အံ့သွားတွေ ဖြစ်သော ဖုန်းလိုင်ဇော်နှင့် မြတ်ချစ်မောင်က အပေါ်တိုင်သွား၏။ ွှဲ့တဲ့ ကောင်တွေက နောက်တန်းလှည့်ကာ ဘောလုံးပွဲအကြောင်း တွေ လေပန်းနေကြ၏။

ဆရာမက အလုပ်ရှုပ်နေ၍ ရုံးခန်းနှင့် စာသင်ခန်းကို တစ် ည့်စီ သွားလာဝင်ထွက်နေရသဖြင့် ကျောင်းသားတွေ အားလပ် ရနေကြ၏။ စာခေါ်ခိုင်းတာလည်း လိုက်အော်သမျှ လိုက်ကူးပြီး းသွားကြလေပြီ။

စံတော်ဝင်ထံမှ တုံ့ပြန်မှုကို ရ၍ ပြည့်စုံကျော်က ကပ်ယုံ သွားပြီး ငါကွ ပုံစံအသံတိတ်လုပ်ပြ၏။ ကျွန်တော့်ကိုလည်း အကျိုး ဆောင်ခဆိုပြီး နပ်ချီးတစ်ဖက်ကော်ပေးလာ၍ သူ့လက်ကို ရိုက်ပုတ် တ်ဝစ်လိုက်ရ၏။

'သေချာအောင် ထပ်သွားမေးဦးမှာ'

ပြည့်စုံကျော်က မြောက်တောက်ကားယားဖြင့် နောက်လှည့် ားပြောနေသော မင်းကြည်မိုးရဲ့ ခေါင်းပေါ်မှ ကျော်ခွထွက်၏။ င်းကြည်မိုးက…

'ဟာကွာ… မိုက်ရိုင်းလှချည်လား၊ ဘယ်ဥကပေါက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သားသဲတွ၊ ခေါင်းပေါ်ကို မြေစာမှုန့်တွေ ကျကုန်ပြီ'

'မင်းက ဖြကားထိုင်နေတာပဲ'

'တပ်ကျော်သွားတယ်လို့ပဲ သဘောထားလိုက်ပါ မင်းကြည်မိုးရာ'

ရှေ့ဆုံးတန်းအစွန်မှ ခြောက်တောက်တောက် ဇော်ဦးက ပြည့်စုံကျော်ခါးကို ဖမ်းဆွဲထား၏။

'ဟိတ်… ဒါက ဘယ်လဲ'

'ဟာ… အရေးထဲ ဟိုမရောက် ဒီမရောက်က တမော့် ဖယ်စမ်းပါ မေဇော်ရာ'

ဇော်ဦးကို စနောက်၍ ကောင်းသဖြင့် အမျိုးမျိုးခေါ်ပေ စနောက်ကြ၏။ စိတ်မဆိုးတတ်။ ယောကျ်ားလေးတွေ နောက်တာကို ပိုလက်ခံတတ်သော ဇော်ဦးကို မေဇော်ဇော်ဦးဟု ခေါ်လျှင် အလွန် သဘောကျတတ်၏။

ကောင်မလေးတွေက ဇော်ဦးကို…

'မေဇော်ပူး'ဟုခေါ်လျှင် စိတ်ဆိုးချင် ဆိုးတတ်၏။ မေဇော် ဟု တစ်တန်းလုံးက ခေါ်သော ဇော်ဦးမှာ 'အိုးမလုံ အုံပွင့်' စိတ် ကလေးဖြင့် တိမ်ရိပ်ကလေးလို မြူးမြူးပုံ့ပုံ့ နန့်တန့်တန့်လေး နေ တတ်ရှာသူ။

'မနက်ဖြန် အတန်းထဲမှာ ရောက်သီးသုပ်စားမှာနော်၊ ရောက် သီးယူလာရမယ်၊ တာဝန်ကျတယ် မမေ့နဲ့၊ တော်ကြာ ဟို ဘက်က ဂလန့်မတွေသုတ်စားကြတော့မှ သွားရည်ယိုဦးမယ်'

'အေးပါ၊ ငါ့ပုဆိုးကို ဖမ်းဖမ်းမဆွဲနဲ့၊ ကွင်းလုံးကျွတ်သွား မယ်'

'ကျွတ်တော့ ဘာဖြစ်လဲ ဖော်ပင်ရုံပဲ ရှိမှာပေါ့'

'ဟာ… ဒီဖားတစ်ပိုင်း ငါးတစ်ပိုင်းကတော့ကွာ'

ပြည့်စုံကျော်က မေဇော့်လက်ကို ဖြတ်ရိုက်ချ၏။ မေဇော်





သန့်တကြား ထအော်ပြီး ငိုယိုပါလေတော့၏။ အနီးအနားက ကျောင်းသားတွေ ပြုံးပြာကုန်၏။ စိတ်မကြည်လင်နေသော မင်းကြည် မိုး၀ နတ်ကတော် ဒေါ်ထသံဖြင့် မေဇော့်ကို…

'ပြိတ္တာမကို တုံးညှပ်မိလို့ ဒီလောက် သမန်းရှသံထွက်အောင် အော်ငိုနေရတာလဲ၊ ကဲလိုက်တာလဲ ပြလို့'

မေဇော်က ရှုံ့မဲ့မဲ့လေးဖြင့်…

'မာမီကလည်း ဒီမှာအနာရှိတာကို သူ့အားကြီးနဲ့ဖြတ်ရိုက် သယ် အရိုးတွေကျိုးကြေကုန်ပါပြီတော်'

ဖုန်းလှိုင်ဇော်တို့ ရောက်လာပြီး မေဇော့်လက်ကို စမ်းသပ်၏။

'အရိုးကျိုးရင် ဘယ်နေနိုင်မှာလဲ၊ ယောကျ်ားဖြစ်ပြီး အသည်း သယ်လိုက်တာ'

'ယောကျ်ားတော့ ယောကျ်ားပေါ့၊ နာတာလည်း နာတာပေါ့'

မြတ်ချစ်မောင်က ပယောဂကုသည့်ဆရာ။ ဒေါ်ပွဟန်ဖြင့်…

'တိတ်စမ်း၊ ငါ ဖနောင့်နဲ့ ထပေါက်ပစ်ချင်လာပြီ၊ ယောကျ်ား ကြီး မိန်းမလိုငိုနေတာ နားကြားပြင်းကပ်တယ်၊ ဟိုကောင် မင်း ကြည်မိုးကလည်း အခုကတည်းက ခြောက်ချင်နေပြီလားမသိဘူး၊ မင်းကြည်မိုးနဲ့ မေဇော်တို့နှစ်ယောက်တည်းများ စကားပြောနေကြရင် သေလေ မိုက်ကလေးနဲ့ ရွှံ့စရာကြီးဖြစ်အောင် အတိုင်အဖောက်ညီညီ ပြောနေလိုက်ကြတာများ ထထိုးချင်စိတ်ကိုပေါက်ရော'

မြတ်ချစ်မောင် ပြော၍မှ မဆုံးသေး။ မေဇော်က မင်းကြည်မိုး ဘက်ကို လှမ်းဖက်ဆွဲရင်း အသံလေးဖြင့်…

'မာမီ မီးကို တူလိုက်ပြီး ပြောနေတယ်၊ လုပ်ပါဦး မာမီရယ်'

မင်းကြည်မိုးက ကျောင်းရှေ့မှာ ဖိနပ်ပြင်သော ဒေါ်ခါကမာ ဒီ လေသံဖြင့်…

'ဟာရေး… မြတ်ဂျစ်မောင်… နင် နာတို့ကို အသာလွှတ် ထားတယ်နော်၊ တာရှည်တည်းမခံနိုင်ရင်ဒေါ် နင့်ကိုလေ နာဆီး

www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ ဂန်ဖလားနဲ့ ဥတ်ခနဲဆို ဆော်ထည့်လိုက်မှ အာရုံး အားရေ ပစ်တွားမယ်'

မေဓော်ကို ဥုံဖွလုပ်ပေးနေရသော ပြည့်စုံကျော်က…

'အာရုံကို နှောက်နေတာပဲ၊ အခြောက်တွေကော ကုလားမ တွေကော စုံနေတာပဲ၊ တော်ကြပါတော့'

'ဟရေး ပြီးစုန့်ကျော်၊ နင် နာ့ကို နှောက်တလား၊ အတားမဲ တာကို ပုဒ်မသာပ်ပြီး တရားစွဲလို့ရတလား၊ ဒီမှာ အတားမဲပေမယ့် အတည်းကတော့ မီးတွေခဲပါ၊ အဲ… အဲ… အတားမဲပေမယ့် အတည်း ကတော့ ဖြူပြီးတားပါ ပြီးစုန့်ကျော်'

အနီးရှိ ကျောင်းသားတွေ ဟာသတစ်ခန်းရပ် ကြည့်နေရ သလိုလို ဝိုင်းဟားဏ်။ ပြည့်စုံကျော် စိတ်ညစ်ညစ်နှင့် စံတော်ဝင်ထံ မသွားတော့ဘဲ သူ့နေရာသူ ပြန်ထိုင်အချမှာ ပြည့်စုံကျော်ရဲ့ ငယ်သံ ပါအောင် အော်လိုက်သံကြီး ကြားလိုက်ရဏ်။ အော်သံကြောင့် တစ် ခန်းလုံး လန့်ပြီး တိတ်သွားဏ်။

မအော်ခံနိုင်ရိုးလား။ ပြည့်စုံကျော် ထိုင်ချမည့်နေရာမှာ ဘယ် သူက လက်ဆော့ပြီး ထားသွားမှန်း မသိရသေး။ ဒေါက်စူးကြီးက ပြူးပြူးတောင့်တောင့်ကြီး ခုံပေါ်စိုက်စွဲထားလျက်သား။

အချွန်နှင့် မဟုတ်သည့်တိုင် ဒေါက်စူးအပေါ်ပိုင်းက ပြည့်စုံ ကျော်ရဲ့ ချက်ကောင်းနေရာကို ထိသွား၍ သူ့ခမျာ ထိုမျှအထိ မရှိ မဆန့်လန့်အော်ဟစ်မိရခြင်းပင်ဖြစ်သည်။

ကျွန်တော်ကတော့ ပွဲကြည့်ပရိသတ်ပီပီ ထိုင်ရယ်နေမိခဲ့ရုံမှ တစ်ပါး။

* ♠ *

## အခန်း(၉)

လက်တွေ့ခန်းဆင်းရန် ကျွန်တော်၊ ပြောင်ခေါင်းစိမ်း၊ မာလာ တင်ဖေနှင့် စံတော်ဝင်တို့ တစ်ဖွဲ့ကျဏ်။

ထုတ်ဖော်ရရှိသော အိကွေးရှင်းကို စံတော်ဝင်နှင့် မာလာတင် ဖေပြိုင်တွက်နေကြဏ်။ မာလာတင်ဖေပြီးသွားဏ်။ ဆရာမက သူ ကိုယ်တိုင် တွက်စစ်ပြဦးမည်ဆိုပြီး စာအုပ်လာထပ်တာ လက်မခံ သေး။

ပြောင်ခေါင်းစိမ်းက ပြီးတဲ့လူဆီက ကူးရေးဏ်။

ကျွန်တော်က မကူးရေး၊ ကြည့်ပြီးရေးဏ်။

စံတော်ဝင်က မာလာတင်ဖေ မှားနေတာကို ထောက်ပြဏ်။ မာလာတင်ဖေက အညံ့မခံ။ သူမ မှန်သည်ပင်။ ဆရာမကလည်း ကျောင်းသားအုပ်ထဲ ရောက်နေဏ်။ ဘဲအုပ်တစ်ရာနှစ်ရာနဲ့ မဗေဒါ ဖြစ်နေဏ်။ သိပ္ပံခန်း အကူဆရာတစ်ယောက်မှာလည်း ဒုတိယ မဗေဒါ ဖြစ်နေပြန်သည်။

'ဆရာမ တွေ့ပြီးတော့မှပြ၊ အခုတော့ ငြင်းမနေကြပါနဲ့'

'မငြင်းပါဘူး၊ စေတနာနဲ့ ပြောပြတာပါ၊ မာလာကသာ အတင်းတွက်ငြင်းနေတာ'



www.burmeseclassic.com

www.burmeseclassic.com



'စံတော်ဝင် ထောက်ပြတာမှ မဟုတ်တာ ငြင်းသင့်လို့ ငြင်းရတာပဲ၊ အပြစ်ပြောချင်သလို ပြောမလာပါနဲ့'

ပြောင်ခေါင်းစိမ်းက ဝင်၍…

'ကဲ… ကဲ… မာလာကလည်း မငြင်းနဲ့ဦး၊ စံတော်ဝင်ကလည်း မထောက်ပြနဲ့ဦး၊ သူ့ဘက်က နည်းနည်းလျှော့ ကိုယ့်ဘက်ကလည်း နည်းနည်းလျှော့၊ ဒါမှ အဆင်ပြေသွားမှာပေါ့၊ နင်တို့က အဖြေနှစ်ခုဖြစ်နေတော့ ငါတို့လိုက်ကူးရတဲ့ ကောင်တွေ၊ ဒုက္ခရောက် ကုန်ရော ဘယ်ဟာအဖြေမှန်း မသိတော့ဘူး၊ သူများတွေပြီးလို့ အမှတ် ခြစ်ခံရပြီး ပြန်ရတဲ့အချိန်မှာ ငါတို့အသစ်ထပ်ကူးနေရရင်တော့ 'ကိန်' ပဲဟေ့'

ပြောင်ခေါင်းစိမ်းကို မျက်စောင်းနှင့် ညှပ်ထိုးကြ၏။ ပြောင်ခေါင်းစိမ်း မိဘတွေက ရတနာကုန်သည်တွေ။ ပြောင်ခေါင်းစိမ်း ကျောက်တွေနှင့် အကျိုးပေးစဉ် သားယောကျ်ားလေး မွေးလာ၍ ချစ် စနိုးနှင့် ပြောင်ခေါင်းစိမ်းခေါ်ဝေါ်ခဲ့ရာမှ နှုတ်ကျိုးပြီး ပြင်မရ တော့။ မောင်အာကာထွန်းဆိုသော အမည်မှာ စာတာလက်ဖွဲ့ထဲတွင်သာ ကျန်ရစ်ပြီး ကျောင်းသားအမည်ကိုပင် ပြောင်ခေါင်းစိမ်းဟုခေါ် မှ လူသိများတော့၏။ ကျွန်တော်က…

'ကိုယ်ကတော့ စံတော်ဝင်မှ စံတော်ဝင်ပဲ'

'နင် ဘာပြောတာလဲ'

'စံတော်ဝင်ရဲ့ဟာကိုပဲ ကူးမယ်ပြောတာ'

'တို့ကလည်း မာလာမှ မာလာပဲ၊ တင်ဖေ ရှုပ်လို့ ဖြုတ်ထား ခဲ့လိုက်ပြီ'

'ပြောင်ခေါင်းကြီးနော် နင် ငါ့အဖေကို မနောက်နဲ့ဆို မရဘူးလား'

ထိုစဉ်မှာပင် ဆရာမက ဓာတုဗေဒ ဓာတ်ငွေ့ထုတ်ဖော် အိုးကွေးရှင်းကို ညှိပြလိုက်၏။ မချောနှစ်ယောက်လုံး အမှန်လွန်သွား





၍ ဆရာမရဲ့ အိုးကွေးရှင်းကိုသာ ဝိုင်းကူရေးကြရတော့၏။

လက်တွေ့ခန်းမှ ပြန်ခွင့်ရသောအခါ ယူကလစ်ပင်တန်းမှာ သူ့လူကိုယ့်လူ စောင့်ခေါ်ကြ၏။ ပြည့်စုံကျော်က လက်တွေ့ခန်းပစ္စည်း တွေ သိမ်းဆည်းပြီး အခန်းပြတင်းတွေ လိုက်ပိတ်ရန် တာဝန်ကျ၍ လက်တွေ့ခန်းထဲမှာ ကျန်နေရစ်ခဲ့၏။

'နင် အိမ်ပြန်ပြီး ဘာလုပ်ဦးမှာလဲ'

'ရေချိုးမယ်၊ စာဖတ်မယ်'

'ရေချိုးပြီးရင် သနပ်ခါးလေး ဘာလေး မလိမ်းတော့ဘူးလား'

'လိမ်းမှာပေါ့၊ အဲဒီလောက်ကြီး အသေးစိတ် ပြောမနေနိုင်ပါဘူး နင်ကရော ဘာလုပ်မှာလဲ'

'ဘောလုံးသွားကန်ဦးမှာ'

'နင်တို့မိန်းကလေးတွေလို အားအားရှိ အိမ်ထဲမှာ ဥမနေနိုင်ဘူး'

'ဘာဥရမှာလဲ၊ ဥလည်းမဥဘူး၊ နလည်းမနဘူး၊ အိမ်စာတွေ လုပ်ပြီးတာနဲ့ အိမ်ကို ဝိုင်းကူလုပ်ပေးရသေးတယ်'

'နင်းလား ဝိုင်းကူမှာ'

'အို… ကူရတာပေါ့၊ ငါ့မေမေ ထမင်းဟင်းချက်ရင် ဝိုင်းကူ ရတာပေါ့'

'ရေနွေးအိုးလောက်တော့ တည်တတ်မှာပေါ့နော်'

'ထမင်းဟင်းလည်း ချက်တတ်ပါတယ်နော်'

'အလဲ့… ဟုတ်မှလည်း လုပ်ပါ မယ်ကာဠုရယ်'

'ထမင်းဟင်းအပြင် အသုပ်စုံလည်း သုပ်တတ်တယ်'

'တစ်နေ့ကျရင် နင့်ကိုရတဲ့ယောကျ်ားတော့ ကံကောင်းမှာပဲ'

ကျွန်တော့်စကားကြောင့် စံတော်ဝင် မျက်နှာလေး ယှက်သွားရဲ ၏။ ကျွန်တော်က…

www.burmeseclassic.com

www.burmeseclassic.com



'ငါလည်း ကံကောင်းချင်လိုက်တာ'

'ဇင်မိုင်းနော် အင်မိုင်းဖြစ်ချင်လာပြန်ပြီလား'

'သဘောရိုးနဲ့ ပြောတာပါ'

'တတ်တယ်၊ စကားကတော့ ဟွန့်'

'နင်စိတ်ဆိုးရင် ချစ်စရာကောင်းတယ်'

'လာမြှောက်မနေနဲ့'

'ငါ ဒီည အိပ်လို့ပျော်ပါ့မလား မသိဘူး'

'နေ့ခင်းက စာသင်ချိန် ဆရာအလစ်မှာ နင် မှိုးအိပ်တာ လို့လား'

'နင် သိပ်အကင်းပါးတာပဲ စံတော်ဝင်၊ ငါ အိပ်မပျော်တာ နင့်မျက်နှာရှုံ့မဲ့မဲ့လေးကို မျက်လုံးထဲက ထွက်သွားအောင် မလုပ်နိုင်လို့'

'ဇင်မိုင်းနော် နင် မလိမ်မှတပတ်နဲ့၊ ငါ့ကို ငါ့ကို'

ယန်းသွေးရဲတက်နေသော သူမ စကားဆက်ရခက်နေစဉ် ခင်သန္တာဘုန်းတို့အဖွဲ့တွေ ဟေးလားဝါးလားနှင့် ရောက်လာ၍ သွားတော့၏။ ဆက်မည့်စကားလေးတန်းလန်း ကျန်ရစ်ခဲ့၏။ ဒေဝီက ကပ်ပြီးခနဲ့သွားသေး၏။

'သင့်ကြောင့် မီးမလောင်ပါစေနဲ့'

သူတို့အဖွဲ့သားတွေ ရောက်လာကြ၏။ ဆရာမက အနှိ ပေးသော ဆွဲခြစ်ရာလေးကိုပင် ငါ့စာအုပ်ထဲက ဗိုလှသည်။ သူ အုပ်ထဲက ဗိုလှသည်နှင့် ဧရးကြီးခွင်ကျယ် ငြင်းခုံလာကြ၏။ ကျွန် နားကြားပြင်းကတ်၍…

'မင်းတို့ကောင်တွေ အလုပ်မရှိအလုပ်ရှာ ဆင်(အဘ) လုပ်နေတဲ့ ဓာတ်ရှိပ်ကောင်တွေပဲ'

'မင်းက ဘာဖြစ်နေတာလဲ၊ ကိုယ့်လွတ်လပ်ခွင့်နဲ့ ငြင်းတာ ဘာဖြစ်သေးလဲ၊ စံတော်ချိန်နဲ့ တစ်ဖွဲ့ကည်း လုပ်ခွင့်ရ ဆိုပြီး အသံနဲ့ဟန်က မာန်ကို တက်နေတာပဲ'



ဗလကြီးက ပါးစပ်ကို ကျွန်တော် အတင်းလိုက်ပိတ်ရ၏။ ဝဏ္ဏ ထွန်းက

'ပိတ်မနေနဲ့၊ ဒီကောင့်ပါးစပ်က အရှုးချေးပန်းသလိုပဲ၊ တလာတင်ဖေတို့အဖွဲ့က စုံနံ့သာဦးနဲ့ ယမင်းရွှေစင်က မင်းကို စံတော် ဝင်အနားမှာ မြဲနေတာပဲတွေ့နေရလို့ ၊ ဘူးဘွဲ့ပေးချင်ဟယ်လို့ အတင်းပြောနေကြတယ်'

ဝဏ္ဏထွန်း ပါးစပ်ကို လိုက်ပိတ်ရပြန်၏။ ကျွန်တော်တို့အနား မှာ ဖြတ်သွားသော ကျောင်းသူကျောင်းသားတွေ နားစွန်နားဖျားကြား ပြီး ရယ်ဖြဲသွားကြ၏။ အရှက်ဟက်တက်ကွဲမည်စိုး၍ သူ့ လိုက်တား နေစဉ် ပြောင်ခေါင်းစိမ်းက…

'လုပ်မနေနဲ့ ဇင်မိုင်း၊ မခံချင်မှန်းသိရင် ဆက်စမှာပဲ၊ ခံချင် မှန်းသိရင် ဒင်းတို့စတော့မှာ မဟုတ်ဘူး'

'အေး… ဟုတ်တယ် စကွာစ'

ဝဏ္ဏထွန်းက…

'ဇင်မိုင်းကလေး ကြိုက်နေတာ'

သံချပ်ထိုးသံဖြင့် တိုင်၏။

ဗလကြီးက သံယောင်လိုက်၍…

'ဇင်မိုင်းကလေး ခိုက်နေတာ'

'ဟဲ့… ဟဲ့… ဩော်… ဆရာမတစ်ယောက်လုံးလာနေတာ မမြင်ရအောင် လမ်းအပြည့်ခုန်ပေါက်ပြီး မျောက်လောင်းတွေလုပ်နေ ကြပါလား၊ ပြောစမ်း ဇင်မိုင်းကလေး ကြိုက်နေတာဆိုတာ ဘာလဲ၊ ဘာလဲ'

ဓာတုဗေဒဆရာမက အဆူအပူ၊ အရိုက်အနှက် သန်၏။ ဆယ်စက်စုလည်းရှိ၏။ လောကမှာ အဖြေမရှိသော ပုဒ်စာမရှိ။ ပြဿနာ ခြင်းချက်မေးခွန်းရှိလျှင် အဖြေရှိမည်။ အဖြေရအောင် ရှာကြံ ကြည့်သည့်နေရာမှာလည်း နှစ်ယောက်မရှိအောင် ဖွဲ့နပ်ပြီးတတ်သူ။

www.burmeseclassic.com



'ပြောလေ မောင်ဗလ၊ မောင်ဇင်ဖိုင်းလေးကြိုက်နေခိုက်နေတာ ဘာကိုပြောနေကြတာလဲ'

'ဟို… အဟဲ… သက်သက်မဲ့ နောက်ပြောင်နေကြတာပါတီရှယ်'

'မရဘူး ဖြေစမ်း'

'ဇင်ဖိုင်းကလေးကြိုက်နေတာ ဒေါ်သိမ်းဘင် သမီးပါလို့နောက်ပြောင်နေကြတာပါ'

'ဘယ်က ဒေါ်သိမ်းတင်လဲ'

'ကျောင်းစောင့်ကြီး ဒေါ်သိမ်းတင်သမီး ကျပ်မပြည့်တဲ့ မယ်ကတုံးမကို ပြောတာပါ'

'ကြဲကြဲဖန်ဖန် နောက်တယ်၊ နင်တို့နှစ်ယောက်စလုံး ငါ့နောက်လိုက်ခဲ့'

ဆရာမနောက်မှ ဗလနှင့် ဝဏ္ဏတို့ ရှိုးရှိုးကုပ်ကုပ်လေး လိုက်ပါသွားကြ၏။

ကျွန်တော်နှင့် ပြောင်ခေါင်းစိမ်းတို့ တခစ်ခစ် တဟားဟားနှင့် ဝမ်းနည်းစွာ ကြိမ်းဟားဖြစ်ကြ၏။

မင်းကြောင့်တော့ ကိုယ်ဘာကိုမှ မရယ်မိပါဘူး စံတော်ဝင်ရယ်။

လေ့လာရေးခရီးသွားရမည်ဟု သတင်းရပြီးနောက် ပိုက်ဆံကောက်၏။ ရက်သတ်မှတ်၏။ အမှန်တကယ်လည်း လေ့လာရေးခရီးထွက်ဖြစ်ကြ၏။ ပဲခူး-သာမည ကျိုက်ထီးရိုးဘုရားဖူးခရီးစဉ်နှင့် ဆရာတော်ဖူးမျှော်ရန်အတွက် မနက်(၆)နာရီလောက်ကစပြီး အဝေးပြေးခေတ်မီ အမြန်ယာဉ်ကြီးတွေပေါ်မှာ စီးနင်းလိုက်ပါလာကြရ၏။

* ♠ *



## အခန်း(၆)

ကျွန်တော်နှင့်သီဟက တစ်ခုံရ၏။ ဘေးတိုက်မှာ စုံနဲ့သာဦးနှင့် ဖူးနွဲ့လေပြေ။ ပြည့်စုံကျော်နှင့် ဖုန်းလှိုင်ဇော်တို့က နောက်ဖက်ခုံမှာရ၏။ ကားနှစ်စင်းစာကျောင်းသား ကျောင်းသူတွေနှင့် အုပ်ထိန်းသူဆရာ၊ ဆရာမတွေ ပါလာကြ၏။ ပျော်စရာလည်းကောင်း၏။ ကျောင်းသားလူငယ်တို့နှင့် သက်ဆိုင်သော သီချင်းတွေ ဝိုင်းအော်သီဆိုကြရင်း လက်ခုပ်တီး စည်းလိုက်ရသည်မှာလည်း ပျော်ရွှင်ရသအဟုန်မြင့်ပြမှုတစ်မျိုးပင်။

ကျွန်တော်တို့ရဲ့ ရှေ့ခုံမှာ မာလာတင်ဖေ၊ စုံနဲ့သာဦးတို့ရဲ့ ရှေ့ခုံမှာ စံတော်ဝင်။

ပြင်ပ မြင်ကွင်းတွေကို ကြည့်ပြီး လွတ်လပ်ပေါ့ပါးနေကြသော နှစ်ညအိပ်ခရီး၊ ပထမနေ့ရက်အတွက် ကိုယ့်ထမင်းဘူး ကိုယ်ယူလာကြ၏။ ပဲခူးရွှေမော်ဓောစေတီတော်မြတ်ကြီးကို ဝင်ဖူးကြ၏။ လှူဒါန်းပူဇော်ကြ၏။ ကမ္ဘောဇ သာဒီနန်းတော်ထဲ လည်ပတ်လေ့လာကြသည်။ ရွှေသာလျောင်းဘုရား၊ လေးမျက်နှာဘုရားတို့ ဖူးမြော်ကြရှိခိုးသည်။ ကိုးသိန်းကိုးသန်းဘုရားဖူးပြီးသည်နှင့် အရိပ်ပါကောင်းသော နေရာမှာ ကိုယ့်အစုနှင့် ကိုယ် ထမင်းဘူးဖွင့်စားကြ၏။

'တို့ကတော့ ကြက်သား၊ ပုစွန်ထုပ်၊ ပြည်ကြီးငါးချိုချဉ်တွေ ထည့်လာတယ် စားကြ သူငယ်ချင်းတို့'



www.burmeseclassic.com

www.burmeseclassic.com



ငါးဆင့်ချိုင့်ကြီးနှင့် ဟင်းပွဲတွေချခင်းပြီး မာလာတင်ဖေက စတင်ကြွား၏။ စံတော်ဝင်ကလည်း အားကျမခံ။

ငါးဆင့်ချိုင့်ဖြင့်ပင် ဝက်စတူး၊ ငါးသလောက်ပေါင်း၊ ကြက်သားလုံးကြော်၊ ဝက်အူချောင်းကြော်တွေ ပါကြောင်းကို ကြေညာပြီး သူမ သူငယ်ချင်းတွေကို ချေ့ခံတည်ခင်းနေ၏။ ပြည့်စုံကျော်ကလည်း အားကျမခံ။

'တီကောင်ကြွပ်ကြွပ်ကြော်၊ ပိုးလောက်လန်း အသုပ်၊ ကင်းမြီးကောက် စွပ်ပြုတ်ဟင်းချို၊ ပိုးနံ့သာကောင်ထောင်း၊ ပုရွက်ဆိတ်ဥပေါ်ချက်၊ နဖာကျီးချဉ်စပ်၊ သန်းဥပြုတ်နဲ့ ရွှေပန်းပွင့်ကြော် ကြွပ်ကြွပ်ရှရှကလေးနော်'

အချင်းချင်း မတည့်အတူနေတွေမို့ ခိုးခိုးခွိခွိ ရယ်မောကြရင်း စားကြသောက်ကြသည်။ မေဇော်က ကျားဝိုင်းထဲ ဝင်ရအခက်နှင့် တစ်ကိုယ်တည်းထိုင်ပြီး ရွှေမင်းသမီးပွဲတော် တည်သလို မဟာဆန်သူကြီး လုပ်ကာစားပြနေ၏။

ဗလကြီးက လှမ်းပြီး...

'ဟိတ်... အနေတော်တဲ့ မေဇော်၊ လာလေတို့နဲ့တီးမယ်'

'မလာဘူး၊ ဘာလို့သူများပြောသလို လိုက်ပြောပြီး နောက်နေတာလဲ၊ ဗလကြီးမဟုတ်တဲ့ ဗလကြီးနော်၊ သူများစိတ်ဆိုးရင် ထိပ်ကို လာထိုးပစ်မယ်၊ လက်သီးနဲ့'

မင်းကြည်မိုးက ကုလားလို ဝင်ရောလာပြန်၏။

'ဟရေး... ကန်းမလေး'

'ကောင်မလေး လုပ်ပါ၊ နင့်ကြီးဒေါ်ပဲ ကန်းမလေးလုပ်'

ကျွန်တော်က ဟောက်စားဝင်လုပ်လိုက်၏။ မင်းကြည်မိုးက ဆက်၍...

'နင်တို့ စပ်ကားများတယ်နော်၊ ထမင်းစားနယ်တုန်း ပျော တာငယ်ဒွဲကြီးဒယ်၊ စယားမဒွေနော်၊ တီတွားရင် လားဆူလိမ့်မယ်၊ ဒိ



ဘောင်ပေါ်မှာနော် နတ်ကြီးဒယ်၊ စပ်ကားမှားရင်နော် တပ်ခါတည်း ဒွတ်ခယစ်တွားမယ်'

ဝဏ္ဏကဝင်၍

'ဒီရောက်တဲ့အထိ သူ့မိန်းမ ကုလားမကို မမေ့နိုင်ဘူး၊ သူ့မိန်းမ ခါတမာဘီလေသံကို ရောက်လေရာ လေ့ကျင့်ပြောပြီး အလွမ်းပြေနေတာကိုက ကြည့်ပါလား'

'ဝံနော် ဝံန'

'နင့်လင်ကြီး ဝံနရမှာလား၊ ဝဏ္ဏကွ၊ ဝဏ္ဏကွ'

'ဘယ်လိုပဲဖစ်ဖစ်လေ၊ နင်ပျော့တဲ့ ဝံနကို နာလည်းဝံနလို့ ထိုတ်ခေါ်ဒါပဲ၊ ကုလားမို့ စကားမပီတာ အပြစ်ရှိတလား၊ လက်ရမီးရယ်'

ထမင်းတွေ သိုးကုန်အောင် ပွဲကျကုန်၏။ ဆရာတွေက မဆူညံကြဖို့ လာရောက်သတိပေး၏။ ပန်းကန်ထဲက အသည်းတစ်ဖက်ကို စံတော်ဝင် ပန်းကန်ထဲ ထည့်ကျွေးချင်မိ၏။ ရောဂါပိုးများသော အသည်းကို မစားတတ်သည့်သူဖြစ်နေပါက အလဟဿဖြစ်မည်။ ရောဂါပိုးများမှန်း သိလျှက်နှင့် အသည်းအမြစ်ကို ကျွန်တော်ကြိုက်၏။

ထိုနေရာ၌ မာလာတင်ဖေနှင့် ကျွန်တော် အကြိုက်တူ၏။ သူ့နည်းလေးသာ ကွဲ၏။

'မာလာ နင် အသည်းအမြစ်ကြိုက်လား'

'ကြိုက်တယ်'

'ငါနဲ့တူတယ်၊ ငါလည်း ကြက်သည်း ဝက်သည်းဆို သိပ်ကြိုက်တာ'

မာလာက တအံ့တဩဟန်ဖြင့်...

'အဟုတ်'

'ဟုတ်... ဟုတ်... ဟုတ်'

'ဒါဆိုအကြိုက်တူပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'အင်း'

'ဗိုက်ပူအောင်သာစား'

'ဟာ… ဘာလဲဟ၊ နင့်စကားက'

'ဗိုက်ကားအောင်စားလို့ပြောတာ'

'ပြောတာကြီးကလည်း'

'ဟဲ့… ဗိုက်အစ်အောင် စားလို့ ငါပြောတာလေ၊ ဘာဖြစ်လို့လဲ'

'လှအောင်ပြောစမ်းပါ'

'ဗိုက်တင်းအောင်စား'

'မလှသေးဘူး၊ တစ်မျိုးကြီးပဲ'

'ဗိုက်ဝအောင်စား'

'သိပ်မဟုတ်သေးဘူး'

'သေအောင်စားဟေ့'

'အခုမှပဲ နားဝင်ချိုတော့တယ် မာလာရယ်'

* ♠ *



## အခန်း(၇)

ထမင်းထုပ်တွေ ပြန်ထုပ်သိမ်းရင်း စံတော်ဝင်က…

'အသားထဲမှာ ကိုယ်မစားတဲ့အသားက တစ်မျိုးပဲရှိတယ် [illegible]ရဲ့'

'အမဲသားလား'

'ဟုတ်ဘူး'

'ဝက်သား၊ ကြက်သား၊ ဆိတ်သား၊ ဘဲသား၊ ကျွဲသား၊ ငါး ငှန်း၊ ငုံး၊ ကြွက်၊ ယုန်၊ မြွေ၊ တိရစ္ဆာန်အကောင်စုံထဲက တစ်မျိုးမျိုးကို စံမစားတာပဲဖြစ်ရမယ်'

'မှားတယ်'

'အံ့သြပါရဲ့၊ ဒါဆို ဘာအသားကို မစားတာလဲ'

'သစ်ပင်ကရတဲ့ သစ်သား'

သန္တာ သဘောပေါက်သွားပြီး ပါးချိုင့်နှစ်ခွက်ထဲ ရေထည့်လို့ရအောင် ပြုံး၏။ အနီးမှ မာလာတင်က ချိုင့်တွေရေစင်အောင် သုတ်သင်ရင်း စောင်းချိတ်ပြော၏။

'တော်သေးတာပေါ့၊ သစ်သားရှောင်လို့၊ မရှောင်ရင် အံ့ဖွယ် သူတထဲမှာ သတင်းပါလာလို့ ဖတ်ပြီးဟားနေရဦးမယ်'

www.burmeseclassic.com



မာလာက ကျွန်တော့်အသည်းကို စားချင်သည်ဟု နောက်ပြောင်ပြောလိုက်တာ စံတော်ဝင်တို့အဖွဲ့ သဲ့သဲ့လေးကြားသိထားပုံရ၏။ မာလာ့ကို ပြန်ပက်ရာ၌...

'သစ်သားစားလို့ အကြောင်းမဟုတ်ပါဘူးနော်၊ လူအသည်းစားချင်တဲ့ ဘီလူးမလောက် ကြောက်စရာကောင်းပြီး အစားမပုပ်သေးပါဘူး'

'သူများ ဘာပြောသလဲဆိုတာ စပ်စုစုနဲ့ နားထောင်ကြတယ်ပေါ့လေ'

'မာလာနော် ရှင်ကစပြောလို့ ကျုပ်တို့ပြန်ပြောတာ'

'ဒီမှာ စံတော်ဝင်၊ ရှင်ကသာ ကျုပ် ဘာလုပ်သလဲဆိုတာ အမြဲစပ်စုနေတာ'

'ရှင့်ကို ကျုပ်ခေါင်းထဲ မထည့်ဘူး၊ စိတ်လည်းမဝင်စားဘူး'

'မထည့်လို့ဘဲ မဝင်စားလို့ဘဲနော်၊ ဝင်စားရင်တော့ ဟင်း... ဟင်း... ဟင်း'

သည်လိုစကားများပွဲဆိုလျှင် ဝင်ထိန်းနေကြ မေဇော်ရောက်ချလာပြီး...

'အိုး... မိန်းကလေးတွေဖြစ်ပြီး စိတ်တွေဒီလောက်ကြမ်းသလားကွယ်၊ တော်ကြပါတော့၊ တီရှယ်သိရင် ဆူခံထိမယ်'

မာလာတင်က မေဇော့်ကို တွန်းလွှတ်၏။ စံတော်ဝင်ကလည်း သူ့ဘက်ရောက်လာသော မေဇော့်ကို ပြန်လည်တွန်းလွှတ်၏။

ပြည့်စုံကျော် ရောက်လာပြီး...

'နင်တို့ကလည်းဟာ မေဇော့်ကို ချီးထုပ်မှတ်နေလို့ ဟိုလူက လက်မခံ တွန်းထုတ်၊ ဒီလူက လက်မခံ တွန်းထုတ်နဲ့ ဖြစ်နေရတာလား၊ သူ့ခမျာ ဝင်ဖြန်ပေးရှာတာပါ၊ ခမျာ သနားပါတယ်၊ အမြီးထူ ချီးပြီး ဝိုင်းတောင်းပန်လိုက်ကြ'



'ဟော... ဆရာ လာနေပြီ'

အကုန်လုံး ကိုယ့်ဣန္ဒြေနှင့်ကိုယ် ဖြစ်ကုန်ကြ၏။ ဆရာလာသည့်ဘက်ကို ကြည့်၏။ တစ်ယောက်မျှမရှိ။ ပြည့်စုံကျော်က ကျွန်တော့်ကို...

'ဟောကောင်... ဘယ်မှာ ဆရာလာလို့လဲ'

'ဒီမှာ ငါလေကွာ'

ဝိုင်းဝန်းပို့သသော ဆုလဒ်တွေနှင့် ကျွန်တော် ရင်ခံသွားရ၏။ စံတော်ဝင်က ဆရာတွေရှိရာဘက်ကို သူမတို့တစ်ဖွဲ့လုံး ပြောင်းရွှေ့ဆော်ကြ၏။

'ပြောင်းထိုင်မနေနဲ့၊ ပြောင်းထိုင်မနေနဲ့'

ကျောင်းသားတစ်ယောက် အာပြဲသံဖြင့် လှမ်းအော်၏။ သန္တာနုန်းက ဒေါ်တင်းသွားပြီး ခါးနှစ်ဖက်ထောက်၍ ခပ်တင်းတင်း ပြန်ကြည့်နေ၏။

'ဘာဖြစ်လို့လဲ'

'ဟိုမှာ ကားပြန်ထွက်တော့မယ်၊ ကားပေါ်တက်ဖို့သာ မြင်တော့၊ ဒီညနေ သာမညတောင်ပေါ် ရောက်အောင်တက်မယ်တဲ့'

ဆယ်မိနစ်အတွင်းမှာ ကားပေါ်ရောက်ကုန်ကြ၏။ စံတော်ဝင်၏ မျက်နှာပေါ် လေတိုး၍ လှုပ်ခတ်နေသော ဆံနွယ်မျှင်လေးတွေက ကြည့်၍လှ၏။

ဘားအံမြို့ကို ရောက်သောအခါ ညနေစောင်းနေလေပြီ။ ဘားအံမြို့နှင့် မိုင်၂၀ ကျော်ဝေးသော သာမညတောင်တော်ကို ခရီးဆက်ရပြန်၏။

လမ်းရဲ့ဝဲယာမှာ လယ်ကွင်းတွေ၊ ဥယျာဉ်ခြံကြီးတွေ ပတ်ဝန်းရံထား၏။ စိမ်းမှိုင်းညို့မှောင်နေသော တောင်တောမြင်ကွင်းတွေက လက်ဆတ်သော လေညှင်းဖြင့် မြင်သူရင်ကို ကြည့်ပျော်တတ်စေ၏။

www.burmeseclassic.com



ရာသီမရွေး လှပသော ဒေသဖြစ်ကြောင်း မိဘများနှင့် မကြာ ခဏရောက်ဖူးသူ စုံနံ့သာမြိုင်က ခပ်ကျယ်ကျယ်ကြွား၏။

မို့မောက်မြင့်မတ်နေသော တောင်ထွတ်တောင်စွယ်ကြီးတွေ က အလွန်လှပ၏။ အချို့သော နေရာ၌ တောင်တန်းများသဖွယ်၊ အချို့နေရာများ၌ တောင်ထွတ်များသဖွယ် ဝင့်ဝင့်ထည်ထည် တည်ရှိနေ ဖြန့်သည်။

အမြင့်နီးသော တောင်ထွတ်ကြီးတွေကို အမှန်တကယ် သွား ကြည့်သောအခါမှ ခရီးဝေးကြောင်း သိလိုက်ရ၏။ ကျေးလက်လမ်း ကလေးနှင့် ကျေးလက်အခြေချပုံတွေက လွတ်လပ်အေးငြိမ်းလှပနေ ၏။

အမြင့်ရှင်းသော စိုက်ခင်းတွေအပေါ် ဖြတ်တိုက်လာသည့် လေတွေကို အသက်ဝအောင် ရှူလိုက်ရတိုင်း စိတ်လှိုင်းဘဝင် ကြည် ရွှင်နူးကြွသွားရသည်မှာ တစ်သက်မမေ့စရာ။

ရေကျော်၊ ခလောက်နို့၊ ကော့သောင်၊ နောင်လုံ၊ ကျော့ရွာ မြပေ၊ အိန္ဒုရွာ၊ လွန်းညရွာ၊ ခနိမ့်ဒိုရွာ၊ ကော့ကဒါရွာတွေ ရောက် သည်အထိ ဥယျာဉ်ခြံ၊ ရာဘာခြံ၊ ဝါးခြံတွေကို ဖြတ်သန်းလာဖြ ကြ၏။

ကော့ကဒါရွာမှ ကျောက်ဂဝံလမ်းပေါ် မှဲ့ဆင်းလမ်းခွဲလိုက် သည်။ ရောက်နီးနီးနှင့် မျှော်ကိုးညွှတ်နူးခဲ့ရသော သာမညနယ်မြေ အတွင်းကို ချဉ်းနင်းမိလေပြီ။ ထိုလမ်းကလေးအတိုင်း (၃)မိုင်ခန့် ဆက်၍ သွားသောအခါ မြစောညီနောင် မုခ်ဦးကြီးကို ခန့်ထည်စွာ တွေ့လိုက်ရသည်။

'ဟော့ ဒီရွာကို သာမညဆရာတော် ဘုရားကြီးက သာယာ ဝတီရွာလို့ အမည်ပေးထားတာလေ။ အိမ်တာရင်းဝင် ထောင့်ခြောက်ရာ ကျော်ရှိတယ်၊ ဟိုတုန်းက တောကြီးမျက်မည်းကို ခုတ်ထွင်ရှင်းလင်း ပြီး ရွာတည်ထားတာပေါ့'



ရောက်ဖူးသူတွေက မရောက်ဖူးသူတွေကို ရှင်းပြ၏။ တောင် ...ပေါ်ကို မတက်ခင်မှာ အောင်မင်္ဂလာ တိုက်ကျောင်းကြီးရှေ့ ရပ်နား ...ပြီး အမောအပန်းဖြေကြသည်။ ကိုယ်လက်သန့်စင် ရေချိုးကြသည်။ ...ဓာ ထမင်းထုပ်တွေလိုတ်ဝေ၍ သက်သတ်လွတ်သဘာဝ ထမင်း ...ထုပ်တွေကို အဝတီးရသည်မှာလည်း အရသာတစ်မျိုးရှိလှသည်။

'အလှူ့ဒါယိကာ ဦးဖင်မိုင်းနဲ့ အလှူ့ဒါယိကာမ ဒေါ်စံတော် ...တို့၏ သားကြီး ဩရသ မောင်ပြည့်စုံကျော်၊ သမီး မမာလာ၊ ...နိုင်းတို့၏ ကောင်းမှု'

အလှူ့ရှင်ကမ္ပည်းတွေ လိုက်ဖတ်နေသော သီဟအသံကြောင့် ...ညံပွက်လောရိုက်သွား၏။ နားခိုဆောင်မှာ စောစောအိပ်ရာဝင် ...ကြ၏။ နောက်တစ်နေ့ နံနက် ၂ နာရီမှာ ဆရာတော်တရားဟော ...သော တောင်ပေါ်ကို ခြေလျင်တက်ကြ၏။ မော်လမြိုင် ပြန်မည့်ခရီး ...သည်များနှင့်ရော၍ တရားနာဖြစ်ကြ၏။ ကျိုက်ထီးရိုးတန်ခိုးကြီး ...ဓာတ်တော်မြတ်ကို ဦးခိုက်ပူဇော်ရန်အတွက် ထပ်မံခရီးဆက်ကြရပေ ...သည်။

'ဖြည်းဖြည်းဆင်းနော်၊ ဒီတောင်ပေါ်မှာ ကလက်သလိုနေ ...အသွားနှန်းကြာဟဲက ကန်ချလိမ့်မယ်'

'မကြိုက်ဘူးပြောစမ်းပါ ပြည့်စုံကျော်'

'ဖူးနွံ့လေပြေ နုပ်ချီးတွေခွာပြီး စောင်းတန်းမှာ သွားမသုတ် ...။ ဘိုးဘိုးကြီးက မကြိုက်ဘူး'

တောင်အောက်ရောက်သည်အထိ စကားတိုးတိုး ထွတ်ထိုးဖြစ် ...ကြ၏။ ကိုယ့်ပစ္စည်းကိုယ်စစ်ပြီး ကားပေါ်တက်ကြ၏။

ခင်သန္တာဘုန်းက မော်နီတာ ပြည့်စုံကျော်ကို ပညာပြ၏။

'ငါ တစ်ခုခု မေ့ကျန်နေသလိုပဲ'

'ဘာမေ့ကျန်တာလဲ ခင်သန္တာ၊ နင်တို့မိန်းကလေးတွေဟာ ...သိပ်အဆာချဲ့တာပဲ၊ ကိုယ်တစ်ပိုင်တစ်နိုင် မဟုတ်ဘူး၊ ပါသ



www.burmeseclassic.com

www.burmeseclassic.com



လောက် အကုန်ယူလာပြီးရင် ဥစ္စာခြောက်၊ ဒီကြားထဲက ပျောက်လိုက်ရသေးတယ်'

'ရှာပေးပါဦး မော်နီတာရယ်၊ အရေးကြီးတယ်'

'ဟာ... ဘာပစ္စည်းမှန်းမသိဘဲ ဘယ်လိုရှာရမှာလဲ'

'ဘာပစ္စည်းလဲဆိုတာ ငါမေ့နေတယ်'

'သေတော့မှာပဲ၊ ပျောက်တဲ့ပစ္စည်းတောင် မသိရအောင် ခေါင်းများချောင်နေသလား မသိဘူး'

'မရှာနဲ့တော့ တွေ့ပြီ တွေ့ပြီး တကယ်ကိုပြန်တွေ့ပြီ'

'တွေ့ရင်လည်း ပြီးရော၊ နင် ဘာပျောက်တယ်ဆိုတာကိုရော သိပြီလား'

'သိပြီ သိပြီ'

'ဘာလဲ'

ခင်သန္တာဘုန်း ပြန်ဖြေလိုက်သောစကားကြောင့် မော်နီတ ပြည့်စုံကျော် မတ်တပ်တက်သွား၏။ ခင်သန္တာဘုန်း ပြန်တွေ့သည့် အရာက...

'ငါ့ခြေရာကွေလေ'တဲ့။

* ♠ *

## အခန်း(၈)

'တက်ကြဟေ့၊ တက်ကြ၊ ရောက်တော့မယ်'

'ငါ့ပစ္စည်းလေး ကူသယ်ပါဦး ဗလရယ်'

'ကိုယ့်ဟာကိုယ်တောင် အနိုင်နိုင်မနေရတယ်၊ နင့်ဟာ သယ်ရင် ငါ တန်းပြီးခွေလဲလိမ့်မယ်၊ ပြည့်စုံကျော် စေတနာ့ဝန်ထမ်းကြီး လုပ်ပြီး မသယ်နိုင်သမျှ ကူသယ်ပေးလိုက်တာ ကြာတော့ သူပါ ရှော့လဲလို့ ထမ်းစင်နဲ့ကိုလိုက်ရရော'

စံတော်ဝင် ချွေးစို့နေ၏။ ဟောဟဲလိုက်နေသော သူမကို ကြည့်ပြီး...

'နင်က ကပ်စေးနည်းတာကို၊ အဲဒီအိတ်ကို အထမ်းနဲ့တင်ပေး လိုက်ပါဆိုမှ မရဘူး၊ အတင်းဆွဲတတ်တယ်၊ ကဲ နင်မရတော့ပါဘူး၊ ပေး... ပေး... ငါ ဆွဲလာမယ်'

ကျွန်တော် ကိုယ်၌လည်း မောဟိုက်နေ၏။ သီဟတို့ လျှာ ထွက်နေလေပြီ။ ဖုန်းလှိုင်ဖော်တို့ မြတ်ချစ်မောင်တို့ဆိုလျှင် ပါးစပ်မှာ ငြင်တွေကို စီလို့။ ကျိုက်ထီးရိုးတောင်ထွတ်ပေါ်ရောက်သောအခါမှာ ဘုရားစေတီတော်ကို အပြေးအလွှား ဝပ်တွားကော်ရော် အမောအပန်း အတော်အတန်ပြေပျောက်လိုက်ရ၏။

ကျိုက်ထီးရိုး ဆံတော်ရှင်စေတီတော်မြတ်ကြီးအား ကိုယ်စိတ် နှလုံး ကြည်လင်ရွှင်ပြုံးစွာဖြင့် ကြည်ညိုညွတ်တွားဖူးမြော်သည့်အခါ





www.burmeseclassic.com

www.burmeseclassic.com



သံသရာတစ်လျှောက်လုံး ပြေးလာခဲ့ရသော အမောသောက ဗျာပါဒတွေ လွင့်ခန်းယာယီဝေးကွာသွားသလို ကြက်သီးထဖွယ်ရာ ခံစားလိုက်ရ၏။

ဘုန်းတန်ခိုးကြီးမြတ်တော်မူသော ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကို နောက်တစ်နေ့၌ အရုဏ်ဆီမီး၊ ရေချမ်း၊ ပန်းနှင့် ဆွမ်းတော်တွေ ကပ်လှူပူဇော်ဖြစ်၏။

သံသရာလွတ်လမ်းကို ဆုမြွတ်ခွန်းပန်မိ၏။

နောက်တစ်နေ့ (၈)နာရီမှာ တောင်ပေါ်မှ ပြန်ဆင်းလာခဲ့ကြသည်။ အတက်ပမ်းသလောက် အဆင်းလမ်းက မပင်မပန်းပျော်စရာလမ်းကလေးဟုပင် ဆင်ရလောက်၏။ အရှိန်နှင့်ပြေးဆင်းပြီး အရှိန်သပ်တတ်ဖို့ လိုအပ်၏။

မင်းကြည်မိုး အရှိန်နှင့် ပြေးဆင်းပြီး ဥမ္မာဒေဝီကို ရှန့်တိန့်လုပ်လိုက်မိသဖြင့် နှစ်ယောက်စလုံး ထွေးဖက်လဲကျကုန်၏။

ဥမ္မာဒေဝီ နဖူးဖုသွားပြီး မင်းကြည်မိုး လက်တွေပွန်းပဲ့သွား၏။ အတတ်ဆန်းပြီး နောက်ပြန်ဆင်းပြသော ပြည့်စုံကျော်မှာ နောက်ကို ဖင်ထိုင်လျှောကျပြီး မာလာတင်ဖေအောက်ပိုင်းထဲ လျှောခနဲ သွားဝင်နေသည်။ အမြန်မ,ထုတ်ယူရသည်။ ဆရာတွေ ဆရာမတွေ လာဆူမှ ပုံမှန်လေးလျှောဆင်းဖြစ်ကြ၏။ စံတော်ဝင်က နောက်ဆုံးမှ လျှောက်လာ၏။ သူ့နောက်မှ စောင့်ကြည့်ကြီးကြပ်သည့် ဆရာဆရာမတွေအဖွဲ့သာ ကျန်တော့၏။

'တောင်ဆိုတာ အတက်ခက်သလောက် အဆင်းလွယ်လိုက်တာ စံတော်ချိန့်ရယ်'

'ဘုရားဖူးပြီး ပြန်လာတာနော်၊ နင် ငါ့ကိုအကုသိုလ်စိတ်ဝင်အောင်မလုပ်နဲ့'

'စံတော်ဝင်ကလည်း အိတ်ကူဆွဲပေးတဲ့မျက်နှာလေးတောင် မထောက်တော့ဘူးလား'



'ထောက်လို့ ဒီလောက်အခွင့်အရေး ပေးနေတာပေါ့'

'အခုရော အိတ်နိုင်ရဲ့လား၊ ကူဆွဲပေးရမလား'

'ဆင်းနိုင်တယ်၊ မဆွဲပေးနဲ့၊ ဘာလို့ ဒီလောက်စေတနာတောင်းနေရတာလဲ ဇင်မိုင်း'

'အခွင့်အရေး ထပ်ရချင်လို့ပါ'

'အနှောင့်မလွှတ် အသွားမလွှတ် မပြောနဲ့'

'ကမ္ဘာပေါ်မှာ လူသားတွေရှင်သန်နေရတဲ့အကြောင်းရင်းတစ်ခု ရှိတယ်၊ အဲဒါဘာလဲဆိုတာ စံတော်ဝင် သိသလား'

'မသိဘူး၊ သိလည်း မသိချင်ဘူး'

'မသိချင်ဘူး'

'မျောက်ကနေ အဆင့်ဆင့်ပြောင်းလဲခြင်းသဘောတရားကို လူတွေဖြစ်လာကြတာဆိုတာရော နင်ယုံလား'

'ဘာဆို ဘာမှမသိဘူး'

'မယုံဘူးပေါ့'

'ယုံလား မယုံလားဆိုတာတောင် မသိဘူး'

'ဘူးခံလှချည်လား၊ ဘူးတစ်လုံးဆောင် အိုတောင် မဆင်းရဲဘူးဆိုတဲ့စကားဟာ ဒီနေ့ခေတ်နဲ့ အံမဝင်တော့ဘူး၊ ဟိုးနောက်မှာ အများကြီးပြတ်ကျန်ရစ်ခဲ့လိမ့်မယ်'

'ကျန်ကျန်ဟာ'

'ရုပ်နဲ့နာမ်နဲ့ ဘယ်ဟာကပိုပြီး မြန်ဆန်ဖြစ်ပျက်သလဲဆိုတာကိုရော'

'ဇင်မိုင်း မမေးဘဲနဲ့ ပြောနေတာ နင် မမောသေးဘူးလား၊ နားထောင်ရတာနဲ့ထင့် ငါ အလိုလိုမောလာပြီ'

'ငါပြောတဲ့စကားထဲမှာ နင့်စိတ်ရောက်နေရင် မောလိုမောမှန်းတောင် သိလိုက်မှာမဟုတ်ဘူး၊ နင်မမောအောင်လို့ ငါပြောနေတာ'

www.burmeseclassic.com



'မပြောပါနဲ့၊ ငါမမောစေချင်ရင် နင် နှုတ်ပိတ်နေ'

'ခင်သန္တာဘုန်းတို့ ဥမ္မာဒေဝီတို့အဖွဲ့တွေ ရေ့ရောက်ကုန်ပြီ၊ နင့်ကိုဘယ်သူမှ စောင့်မခေါ်ကြဘူး၊ ငါက စိုးရိမ်လို့ စောင့်ခေါ်ပေးနေတာ'

'ငါ ကလေးမဟုတ်ဘူး၊ ဒီတောင်ပေါ်မှာ ဘာအန္တရာယ်မှ မရှိဘူး၊ ဘုရားဖူးတွေနဲ့'

စံတော်ဝင်ပြောရင်း ဟောဟဲဟိုက်ချင်လာ၏။ မမောလွန်းသော်လည်း အဆင်းခရီးက မောသင့်သလောက်တော့ မောသည်ပင်။

'ပေး… အိတ်'

'နေပါစေ'

'အားမနာစမ်းပါနဲ့၊ ငါ မလွယ်ပါဘူး၊ ဆွဲသွားလို့ဖြစ်ပါတယ် ရေ့မှာ တောင်ဝှေးတစ်ချောင်းလောက် နင့်အတွက် ဝယ်ပေးမယ်'

'ရှက်စရာကြီး၊ ငါ့ထက်အသက်ကြီးတဲ့ အခေါ်ကြီးတွေတောင်'

ထိုစဉ်မှာပင် အကွယ်တစ်ခုမှ ဘွားခနဲ ထွက်လာသော ပြည်စုကျော်။

'ဟား… ဟား… ဟား… ချစ်ရင်ချစ် မချစ်ရင်ပစ်မယ်'

ဝါးသေနတ်ကြီးနဲ့ တဒက်ဒက်လှည့်ပစ်နေ၏။ စံတော်ဝင်က

'နင်ပြောတာ မှတ်ထား၊ ဆရာမကို ပြန်ပြောမယ်'

'ဘာလဲဟ၊ သေနတ်မှာရေးထားတာမတွေ့ဘူးလား၊ ချစ်ရင်ချစ် မချစ်ရင်ပစ်မယ်တဲ့၊ ငါက အဲဒါကိုပြောတာပါ'

'ဒီသေနတ်ကြီးက မင်းအဖေနဲ့ မင်းအဖေဆော့ဖို့လား'

'ခွီးတဲ့မှပဲ၊ ငါ့ညီလေးတွေ ဆော့ဖို့ကွ'

'မင်းတို့ညီအစ်ကိုမောင်နှမ တစ်ကျိတ်နဲ့ ကိုးယောက်ရှိတယ်'

'ဟေ့ကောင်… ဝက်တွေတောင် အဲဒီလောက်မပေါက်ဘူး မင်း ငါ့ကို စံတော်ဝင်ရှေ့မှာ သက်သက်မဲ့ချတ်တာ'

'မင်း ချတ်ခံရလို့ ကျွတ်ပြီးပါပြီကွာ၊ ကွင်းလုံးကျွတ်



ဘဝဆိုတာ လသာညမှာ ကပွဲလီမီးသွေးအိတ် ရှက်လာသလိုပါပဲကွာ'

'ဟေ့ကောင် အင်ဖိုင်း၊ အင်းဆက် မင်းကိုယ်ပေါ်မှာ မီးသတိပြုစာတမ်းကပ်သင့်တာကွ၊ မလစ်နဲ့ လစ်တာနဲ့ စံတော်ဝင် အနားရောက်နေပြီ၊ ဒီကောင် ဘာဖြစ်ချင်လို့ ဒီလောက်တောင် အနားကပ်နေရတာလဲ စံတော်ဝင်'

စံတော်ဝင်က ရှက်မျက်နှာဖြင့် ပြန့်အော်၏။

'သိမလား၊ သိချင်ရင် နင့်ယောက်ဖကို မေးကြည့်ပါလား'

ကျွန်တော်က ထပ်မံ၍…

'သိချင်ရင် နောက်မှပြောပြမယ် ယောက်ဖ၊ မင်းညီမ ဘယ်နှစ်ယောက်ရှိသလဲဆိုတာ ကိုယ်ရေးရာဇဝင်ဓာတ်ပုံနဲ့ စာရင်းတင်လိုက်၊ ငါစိတ်ကြိုက်ရွေးထားလိုက်မယ်'

'ငါတို့က ညီအစ်ကိုတွေချည်းပဲ ရှစ်ယောက်ကွ၊ ပေးချင်းပေးရရင် မင်းညီမပဲ ပေးရလိမ့်မယ်၊ အင်ဖိုင်း မင်းမှာ ညီအစ်မဘယ်နှယောက်ရှိသလဲ စာရင်းဖွင့်ပြစမ်း'

'ရှိတယ်၊ ငါ့ညီမတွေက မာလာတင်ဖေ၊ စုံနံ့သာ၊ ဖူးပွင့်၊ ဥမ္မာ၊ ပပဝင်း၊ ခင်သန္တာ၊ မေဇော်၊ ခါတမာဘီ'

'တော်ပြီ တော်ပြီ ဆားနဲ့ပဲ စားတော့မယ်'

ဘုရားဖူးအပြန် ခရီးမှာလည်း အားလုံးပျော်နေကြ၏။ နောက်ဘက်နေ့ကျောင်းဖွင့်ရက်မှာ ဘုရားဖူးအတွေ့အကြုံတွေပြောလို့ မကုန်နိုင်ကြ၊ ဆရာ၊ ဆရာမတွေ စာသင်ချိန်မှလွဲလျှင် အချိန်ရသလောက် အပြိုင်အလုန် ပြောဖြစ်နေကြ၏။ အချိန်ပိုင်း ဘာသာရပ်ဆရာက…

'မင်းတို့အခြေအနေ ဘယ်လိုဖြစ်နေလဲ၊ ငါ အလက် ဘုတ်မှာ စာတတ်ရေးတာနဲ့ နောက်ပိုင်းက ပွစိပွစိတွေ ဖြစ်ကုန်ကြရော၊ အော်… သိပြီ ဘုရားဖူး လေ့လာရေးခရီးက ပြန်လာကြတာကိုး၊ အဲကြောင့်မို့ဖြစ်မယ်၊ အေး… စာသင်ချိန်မှာတော့ စာကလွဲရင် အခြားဘာကိုမှ စိတ်မဝင်စားကြနဲ့တော့၊ အားတဲ့အချိန်မှပြော'



www.burmeseclassic.com

www.burmeseclassic.com



အားသည့်အချိန်မှာ တကယ်ပြောကြပြန်၏။ ဆရာမ ဒေါ်သက်သက်ခိုင် အချိန်မှာ ပို၍ စကားပြောလို့ကောင်း၏။ ဆရာမက အဖျိုပိပိ အလှအပကြိုက်တတ်၏။ ရှေ့တန်းက ကောင်မလေးတွေ ထန်းလက်ခေါင်ပေးနေလျှင် ဝမ်းသာကြည်နူးပြီး နှစ်ဦးသား အင်တာ ဗျူးခန်းဖွင့်နေသည်မှာ ဆယ့်ငါးမိနစ်လောက်ကြာ၏။

ဆရာမကို ပိုးပန်းနေသော ဆရာလူပျိုကြီး ရောက်လာ၏။ ဆရာ လူပျိုကြီးက စကားပြောလျှင် စကားမပီ။ သနဲ့ တနဲ့ ကွဲပြား အောင် မပြောတတ်။ ဆရာမ ဒေါ်သက်သက်ခိုင်ရှေ့မှာ အိုက်တင် ထုတ်ပြီး စကားပြောလာ၏။ ဆရာမနှင့်တွေ့လျှင် ကျောင်းသား၊ ကျောင်းသူတွေကို ဆရာမမြင်တော့။ ဆရာပြောသလို သည်စကား ဆိုလိုရင်းအမှန်မှာ…

'ဟော့… သက်သက်… တို့ ဒီနေ့ဟာသကားတွားကြည့်တာ သိပ်ရယ်ရတာပဲ'

ရုပ်ရှင်ကြည့်သည့်အကြောင်းကို ပြောလိုရင်းဖြစ်၏။ စကား မပီသောကြောင့် ဆရာပြောလိုက်သော စကားသံမှာ…

'ဟော့… တက်တက်… တို့ ဒီနေ့ဟာတကားသွားကြည့်တာ တိတ်ရယ်ရတာပဲ'

ရှေ့တန်းမှ ကျောင်းသူတွေ ခိုးခိုးခွိခွိ ကျိတ်ရယ်သောအခါ ဆရာ ရှက်ဒေါသထွက်သွားပြီး…

'တိတ်အရယ်တန်တာပဲ၊ ဆရာကို ဘယ်လိုအောက်မေ့နေလဲ မတိဘူး၊ ငါ တင်မဲ့ တချိုအချိန်မှာ တချိုမရလို့ကတော့ နာပြီတာ ပြင်ထား ဟင်း'

ဆရာ ရှူးတင်းပြီး ထွက်သွားသောအခါ ဆရာမက ဆရာ လေသံဖြင့်…

'တူကလည်း တစ်မျိုး'

* ♠ *



## အခန်း(၉)

စိန်ပန်းတွေလည်း မိုးနေ့တွေနှင့်အတူ ကုန်ဆုံးပျောပါသွား၏။ မိုးကြွင်းငွေ့သော ဆောင်းနေ့တွေက ဝေဝေဝဲဝဲရောက်လာ၏။ ချမ်းရှ သော အအေးဒဏ်ဖြင့် ကော်ဖီပူပူသောက်ရင်း စာကျက်စဉ် စံတော် ဝင်ကို ကျွန်တော် သတိရမိ၏။

ကျွန်တော်ရူးပြီး တယုတယပေးဖူးသော စကားဝါပန်းကလေး များကို ကျွန်တော့်ရှေ့မှာ မွှေးပြပြီး စာအုပ်ကြားထဲမှာ တရိုတသေညှပ် သိမ်းပြခဲ့ဖူးတာတွေးမိပြီး ပြန်လည်ရင်တွေ လှုပ်ရှားမိ၏။

အလွန်အေးသော ရာသီမှန်း သိသာအောင် အခန်းတံခါးဖွင့် ထားရ၏။ စံတော်ဝင်သည် ကျွန်တော့်လို ချမ်းရှာရော့မည်။ ကော်ဖီ ပူလေးတိုက်ချင်ပါသည်။

ဗလကြီး၊ သီဟ၊ ပြောင်ခေါင်းစိမ်း၊ ဝဏ္ဏထွန်းတို့လည်း ချမ်းရှာလွန်း၍ ပုဆိုးခြုံပြီး ကွေးအိပ်နေကြမှာ သေချာ၏။

ဒီကောင်တွေက စာကျက်ပျင်း၏။ ဆယ်နာရီဆို မီးပိတ်တန်း အိပ်။ အအိပ်ကြမ်းသည့်အတွက် အနားမှာ စောင်စမ်းလို့ရလျှင် ပုဆိုးကောက်ခြုံကြမည့် နောတွေ။

www.burmeseclassic.com

www.burmeseclassic.com



မာလာတင်ဖေတို့အဖွဲ့ကတော့ အိမ်တစ်အိမ်မှာ စုဝေးပြီး ကြက်တူရွေးနှုတ်နီတွေ စကားသင်သလို စာကလေးတွေ အိပ်တန်းကို တက်နေသလို စီစီညံအောင် စာတွေကကျက်နေကြမှာ သေချာ၏။

ပြည့်စုံအောင်၊ ဖုန်းလှိုင်ဇော်၊ မြတ်ချစ်မောင်၊ မင်းကြည်မိုး တို့လည်း တီဗွီဂိမ်းနှင့် ဘီလီယက်ခုံတွေမှ ထပြီး အိမ်ပြန်စာကျက်ဖို့ ပြင်ဆင်နေကြရော့မည်။ စာကျက်ရင်း စားမည့်အစာတွေ ပြင်ဆင်ကာ စာတစ်လုံးအော်လိုက် နှစ်ဖွန်းလောက် ခပ်စားလိုက်ဖြင့် မကြာခင် မှာ ဗိုက်ကားပြီး ငိုက်မေ့အိပ်ပျော်သွားကုန်ကြမှာ သေချာ၏။

စာကျက်ရတာ စိတ်မပါ၍ သချ်ာတွက်၏။ သချ်ာတွက်ရင်း နှင့် ပျင်းလာ၍ မတ်တတ်လမ်းလျှောက်ဖြစ်၏။ မတ်တတ်လျှောက် ရင်းမှ လက်မှာဒဏ်ဖြစ်ပြီး အောင့်နေတာကို ခံစားလိုက်ရသည်။ ဒဏ်ဖြစ်ရသည့်အကြောင်းရင်းကို စဉ်းစားလိုက်သောအခါ ဘုရားဖူး လှေလှော်ပွဲမှာ လှေလှော်ရင်း... ခရီးထွက်စဉ်က စံတော်ဝင်ရဲ့အိတ်ကို စေတနာဗလပွနှင့် ဆွဲပေးခဲ့ဖူးတာ အမှတ်ရ၏။

သို့ဖြင့် တစ်ဖန် စံတော်ဝင်ကို သတိတရ ရှိမိရပြန်သည်။

* ♠ *

## အခန်း(၁၀)

ဆယ်တန်းပညာသင်နှစ်ဆုံးပြီး အောင်စာရင်းထွက်သောအခါ အခန်းတစ်ခန်းလုံးလိုလို အောင်၏။ မာလာတင်ဖေက ဂုဏ်ထူးလေး ခု စံတော်ဝင်က ဂုဏ်ထူးလေးခု။

စုံနံ့သာ၊ ဖူးနွံ့၊ ယမင်း၊ ဥမ္မာတို့မှာ (ခ)ဖြင့်အောင်ခဲ့၏။ (က) စာရင်းဖြင့်အောင်သူများအနက်မှ ဖုန်းလှိုင်ဇော်နှင့် ပြည့်စုံကျော် တို့မှာ ဗိုလ်သင်တန်းပါသွား၏။ သီဟနှင့် ပြောင်ခေါင်းစိမ်းမှာ ပြည်ပ [illegible] အမျိုးအဆွေထံမှာ အလုပ်သွားရောက်လုပ်ကိုင်၏။

ကျွန်တော်၊ ခင်သန္တာတို့မှာ မိန်းထဲမှာနေလို၍ အဝေးသင်ယူ [illegible]ကြ၏။ ကျန်သောသူမှာ ဒဂုံတက္ကသိုလ်ရောက်သွားကြသည်။ စံတော်ဝင်နှင့်မာလာတင်ဖေတို့က နည်းပညာတက္ကသိုလ်တက်ခွင့်ရ သွားကြသည်။ ကျွန်တော်နှင့်ပြိုင်ဘက်ဟုထင်ခဲ့သော ပြည့်စုံကျော်မှာ [illegible]လောင်းသင်တန်းရောက်သွားလေပြီ။ စံတော်ဝင်နှင့်မာလာတင် တို့မှာ ဆက်လက်ပြိုင်နေဆဲ။ ဘဝဟူသည် ရှေးရေစက်ရှိမှပို့သာ တွေ့ရဆုံရသည်က ခဏ။ ခွဲရကွဲရသည်က တာရှည်။

www.burmeseclassic.com

www.burmeseclassic.com

ကုံကော်မြေမှာ လျှောက်ပြီးရောက်တတ်ရာရာ ပြန်စဉ်းစား ကြည့်မိ၏။

ကျွန်တော်နှင့် အတွဲမပျက်ပါလာသော ဗလကြီး၊ ဝဏ္ဏထွန်း နှင့် မင်းကြည်မိုးတို့ ရှိကြသည့်အနက် ဝဏ္ဏထွန်းက စီးပွားရေး လောကထဲကို ခြေစုံပစ်ဝင်သွား၏။

မေဓော်ဓော်ဦးတစ်ယောက်မှာဖြင့် အလှအပမက်ပြီး အတန်း တောက်နိုင်ခဲ့လို့ ကျကျန်ခဲ့ရရှာတာကို မာမီကြီး မင်းကြည်မိုးက အမှတ် ရတိုင်း စိတ်မကောင်းကြောင်း တတွတ်တွတ်ပြောနေရှာ၏။

ဖူးရာမှ ပွင့်လာသည့်ပန်းဘဝအရွယ်မို့ လန်းဆန်းတင့်တယ် သော ကျောင်းတော်သူ ကျောင်းတော်သားဘဝမှာ နေတတ်ထိုင်တတ် လာ၏။ နောက်တတ်တာတစ်ခုကိုဖြင့် အစွဲမကျွတ်နိုင်သေး။

အတူတူတက်ရမည်ထင်ပြီးမှ အမှတ်မကောင်း၍ သင့်လျော် ရာမှာ တက်နေရသည့်ဘဝ။ အမှတ်ကောင်းသူတွေ ကျောင်းထဲလ လည်ပတ်လျှင် ပျော်လိုက်ရတာ အမော။ သူတို့လာတာက နှစ်လ တစ်ခါပင်မရှိချင်ရှိချင်။

ကျွန်တော်ကတော့ တစ်ပတ်တစ်ခါလောက် သူတို့ထံရောက် ဖြစ်ရ၏။ မရောက်လို့လည်း မဖြစ်။ အလှရှားသော ပညာသမား အရပ်မှာ အလှအားတွေကောင်းနေသည့် မချောနှစ်ယောက်မှာ မျက်နှာ ပွင့်လန်းသူတွေဖြစ်လို့နေ၏။

'နင့်ကို ငါစိတ်မချဘူး စံတော်ဝင်'

'ဘာကိုစိတ်မချတာလဲ'

'နင် သူများနဲ့ ငြိပါသွားမှာကိုပေါ့'

'မငြိတော့ပါဘူးဟာ၊ မငြိအောင်လို့ လွယ်အိတ်တော မလွယ်တော့ဘူး၊ ကျောပိုးအိတ်ပဲ ပြောင်းလွယ်ထားတယ်'

'နင် သိရဲ့သားနဲ့ မသိချင်ယောင်ဆောင်မနေစမ်းပါနဲ့ စံတော် ဝင်'





'နေပါဦး၊ နင်နဲ့ငါနဲ့က ဘာမို့လို့ နင်က ငါ့ကို စိတ်မချ ဖြစ်နေရတာလဲ ဟာသပဲနော်'

'ငါက နင့်ချစ်သူလေ'

'ဘယ်အရူးက ပြောထားတာလဲ'

'ငါပြောတာ'

'နင်အရူးပဲ'

'နင့်ကြောင့်ရူးတာ'

'မဆီမဆိုင်'

'ဆီဆိုင်လို့ ပြောနေတာပေါ့'

'နင် ရင်ဖွင့်ပုံကြီးက ကြမ်းလိုက်တာ'

'လွမ်းနေရတဲ့ကောင်ဆိုတော့ မျိုသိပ်ရတာတွေ မခံစားနိုင် တော့ဘူးလေ'

'ဖင်ဖိုင်းရယ် နင် သိပ်စိတ်ကူးယဉ်တာပဲ'

'ငါ တကယ်ပြောနေတာ စံတော်ဝင်'

'နင်နဲ့ငါနဲ့ ဖြစ်နိုင်လိမ့်မယ်လို့ နင်ထင်နေသလား'

'နင်က မြင့်နေလို့ ငြင်းချင်ရင်လည်း ငြင်းပါ၊ ငါနောက် ဆုတ်ပေးမယ်၊ ဒါပေမဲ့ ငါ့အချစ်ကိုတော့ ဘယ်လိုနည်းနဲ့မှ ရုပ်သိမ်း မှာမဟုတ်ဘူး'

'အဲဒီစကားအတွက် ငါဘာပြန်ပြောပေးစေချင်သလဲ'

'ချစ်ပါတယ်လို့ပြောပေါ့'

'ပါးစပ်ဖျားလေးနဲ့ နောက်ပြောင်ပြောလိုက်ရမှာမျိုးလား'

'ရင်ထဲကအသံနဲ့ ပြောတာကိုပဲ ကြားချင်တာ'

'အချိန်မကျသေးလို့လား မသိဘူး၊ ငါ့ရင်ထဲကအသံကိုငါ ကိုယ်တိုင် ဘာမှန်းနားထောင်လို့ မရသေးဘူး'

'ငါ စောင့်နိုင်ပါတယ်'

'မမျှော်လင့်ချင်ပါနဲ့ဟာ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလိုပြောလေ ပိုမျှော်လင့်ချင်လာလေပဲ'

'ပြောရခက်လိုက်တာ ခင်နိုင်းရယ်'

'ရင်ရှင်းရင် အတွေးရှင်းတယ်။ အတွေးရှင်းရင် အပြောရှင်းတယ်။ ပြောရခက်အောင် အတွေးခက်ရင် ရင်ထဲခက်နေ ရှုပ်ထွေးနေလို့ဖြစ်ပါလိမ့်မယ်'

'ငါ… နင့်ကို သံယောဇဉ်ရှိပါတယ်'

'သံယောဇဉ်နဲ့ ငါ့ကို နင်ဘယ်လိုကယ်တင်နိုင်မှာမို့လို့လဲ'

'နင်က ချောက်ထဲကျနေလို့လား'

'နင် အချိန်မရွေး တွန်းချခဲ့ရင် ပြောတာပါ'

'ငါက ဘာကြောင့်တွန်းချရမှာလဲ'

'နင် ငါ့ကိုမချစ်ဘူးပြောတာဟာ ချောက်ထဲတွန်းချလိုက်တာပဲ'

'သြော်… ဟော်… တကယ်များ ချစ်တယ်လို့ပြောလိုက်ရင်ကော နင် နတ်ပြည်ရောက်သွားမှာလား'

'မသေချာဘူး၊ ဘာဖြစ်လို့လဲဆိုတော့ နတ်ပြည်ထက်လွန်ပြီ ဗြဟ္မာပြည်အထိ ဖောက်ထွက်ရောက်ရှိသွားချင် သွားနိုင်လို့ပေါ့'

* ♠ *

## အခန်း(၁၁)

'ဟယ်… အတော်ပဲ၊ ငါ နင့်ကို တွေ့ချင်နေတာ ဖင်မိုင်'

စံတော်ဝင်ကိုတွေ့ဖို့ ရောက်လာစဉ် မာလာတင်ဖေကို ငါးလုံးအကွယ်မှ ဘွားခနဲ တွေ့လိုက်ရ၏။ တွေ့တွေ့ချင်း ရေးကြီးသုတ်ပြာ ယာနှင့်…

'လာဟ… ငါ ဗိုက်ဆာနေလို့၊ တစ်ခုခုသွားစားရအောင်'

'နင်ကတော့ လုပ်ပြီ၊ အစားပုပ်တုန်းပါပဲလား၊ ဒါနဲ့စံတော်ဝင်ကို မတွေ့မိဘူးလား'

'မတွေ့ဘူး၊ ငါ့ထက်နင်က ပိုပြီး အစားပုပ်တာပါနော်'

စားသောက်ဆိုင်တန်းရောက်သည်အထိ သူ့အစားပုပ်၊ ကိုယ့်အစားပုပ်တာတွေ စွပ်စွဲငြင်းခုံလာကြ၏။ နန်းကြီးသုပ်နှစ်ပွဲမှာပြီးသည်နှင့်…

'ဟို… မသာဆီက စာလာသေးတယ်'

'ဘယ်သူလဲ'

'ပြည့်စုံကျော်'

'ဘာတွေရေးထားတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အပြောင်အပျက်တွေပေါ့ဟာ'

'အဲဒါတွေ ပြောပြစမ်းပါ'

'ငါ့ယောကျ်ားရသွားပြီကြားလို့ သူ့မှာ ဝမ်းသာနေရပါတယ်တဲ့၊ ငါ့ယောကျ်ားက တိုက်ဂေါ်ကြီးလို့ သူသတင်းကြားတယ်၊ အဲဒါဟုတ်လား၊ ယောကျ်ားမရသေးရင် သူ အပွင့်တပ်ရတဲ့အထိ စောင့်နေဦး၊ စုံနေဘာပဲဟယ်၊ နင့်နာမည်တောင်ပါသေးတယ်၊ ဇင်မိုင်းနဲ့ မေဇော် ညားသွားပြီဆိုတာ ဟုတ်သလားတဲ့၊ နောက်ပြီး ဟိုမိန်းမ စံတော်ဝင်ကို မေးသေးတယ်။ သူ့အချစ်ကို မျှော်လင့်မနေပါနဲ့တဲ့၊ ကောင်မလေးတွေ သိပ်လှလို့ မေ့သွားပါပြီတဲ့၊ တကယ်နောက်တယ် သိလား'

'နင်ကရော ပြည့်စုံကျော် ပွင့်လာတဲ့အထိ စောင့်မှာမဟုတ်လား၊ ဒါမှမဟုတ် အသစ်တွေ့နေပြီလား'

'စောင့်လည်းမစောင့်ဘူး၊ တွေ့လည်းမတွေ့ဘူး'

ထိုစဉ်မှာပင် နန်းကြီးသုပ်တွေရောက်လာ၏။ မာလာက ရှမ်းနှင့်နယ်ပေး၏။

'နင် ဒီလိုလုပ်ပေးနေပုံလေးက မိန်းမပီသနေလို့ ကြည့်လို့အကောင်းသား'

'ကြည့်လို့မကောင်းတာ ဘယ်အချိန်ရှိသေးလို့လဲ'

'မရှိပါဘူး၊ အမြဲတမ်းကြည့်လို့ကောင်းပါတယ်'

'နန်းကြီးသုပ်ဖိုး ငါ့ကိုရှင်းခိုင်းနေတာလား'

'မြှောက်ပြောတာမဟုတ်ဘူး၊ ပင့်ပြောတာ'

'နင်ကလည်း အပြောင်အပျက်ပါပဲလားနော်'

'နန်းကြီးသုပ်က စားလို့ကောင်းမဲ့ပုံပဲ၊ နင်ရှမ်းနဲ့နယ်တာ ကျင်လည်သားပဲ၊ မိန်းကလေးဆိုတာ အဲဒီလို စိတ်ရှည်လက်ရှည် သေသေသပ်သပ်လုပ်တတ်ရတယ်'

'ဇင်မိုင်းရယ်'



မာလာတင်ဖေက စကားတန့်သွားပြီး ဆိုင်ပြင်ကို အကြည့်ရောက်သွား၏။ ပြီးလျှင် ဆိုင်ရှေ့ကို ဘေးတိုက်ထိုင်နေသော ကျွန်တော့်ကို ညှုတုတုလေး ကြည့်ရင်း...

'ပါးစပ်ဟ'

'သွားဖြဲကြည့်မလို့လား'

'နန်းကြီးသုပ် ခွံ့ကျွေးချင်လို့'

မာလာတင်ဖေ နောက်ပြောင်နေသည်ထင်၍ ကျွန်တော် တခင် ပါးစပ်ဟပေးလိုက်၏။ မာလာက တယုတယပင် ခွံ့ကျွေး၏။ တစ်ရှူးဖြင့် ပါးစပ်မှာ ပေသွားတာကိုပင် ကြင်ကြင်နာနာ သုတ်ပေးလိုက်သေးသည်။ ပြီးလျှင် ဆိုင်ရှေ့ကို အကြည့်ဝေ့ပြီး မထီမဲ့မြင် မျက်နှာထားလေးပင် မော့နေပြလိုက်၏။ ဆိုင်ရှေ့ကို ဘာကြောင့် အကြည့်ဝေ့ပြီး မျက်နှာထားပြောင်းသွားတာလဲဆိုတာ သိချင်၍ ကျွန်တော် လှည့်ကြည့်လိုက်သောအခါ...။ လား... လား။ စံတော်ဝင် တောင့်တောင့်ကြီးရပ်ပြီး ကျွန်တော်တို့နှစ်ယောက် ဖြစ်ပျက်နေတာကို ကြည့်နေ၏။ မျက်ဝန်းထဲမှာ အလျှံညီးညီးတောက်နေသော အမုန်းမာန်တွေကို တွေ့လိုက်ရ၏။ နှုတ်ခမ်းကို တင်းတင်းစေ့ပိတ်ပြီး ဆတ်ခနဲ မျက်နှာလွှဲသွား၏။ သွားပြီ။

စံတော်ဝင်နောက်မှ အဖော်ယောကျ်ားတစ်ယောက် ရောက်လာ၏။

'စံတော်ဝင် ဆိုင်ထဲဝင်ထိုင်ကြမယ်လေ'

ပြောသံသဲ့သဲ့ကို ကြား၏။ စံတော်ဝင်က...

'ဒီဆိုင်မှာ မထိုင်ချင်ဘူး၊ တခြားဆိုင်မှာ သွားထိုင်မယ်'

'ဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ဘူး၊ ကျွန်မ ပြောသလို လုပ်ပါ'

ထိုလူက ခေတ်ဆန်ဆန် ဝတ်စားဆင်ယင်ထား၏။ စံတော်ဝင် အဆိန့်ကို ဦးလည်မသုန် နာခံ၏။

www.burmeseclassic.com

www.burmeseclassic.com



စံတော်ဝင်က ထိုလူလက်ကို တွဲချိတ်မိပြီး လိုက်ပါသွား၏။ ခန့်ထျောင်ဖြောင်သော ရယ်သံတွေကို ချန်လှပ်ထားရစ်ခဲ့၏။ ကျွန်တော့်ရင်ထဲမှာ နင့်ခနဲနာပြီး မျက်လုံးတွေ ပြာဝေသွား၏။ လေးလံသော အသိတရားတွေဖြင့် စံတော်ဝင် နောက်ကျောကို လှမ်းကြည့်နေရင်းမှ နေမထိထိုင်မသာ ဖြစ်ချင်လာ၏။

မာလာတင်ဖေက အကဲခတ်မိပုံရ၏။

'နင့်ရဲ့စံတော်ဝင် ဘာဖြစ်သွားတာလဲ၊ တို့ကိုတွေ့မှ ရှောင်ထွက်သွားတယ်'

'နင် ငါ့ကိုခွဲကျွေးတာ သူမြင်ပြီး အထင်လွဲသွားပြီနဲ့တူတယ်'

'နင်က သူ့ရည်းစားမို့လို့လား'

'ဖြစ်လုဖြစ်ဆဲပေါ့ဟာ'

'အဲဒါဆို နင်သေလိုက်တော့၊ သူ့ရည်းစားကို တွဲသွားတာ နင်မမြင်လိုက်ဘူးလား၊ စံတော်ဝင် ရည်းစားရနေတာ သိပ်မကြာသေးဘူး ဇင်မိုးရဲ့'

'ငါ မသိရပါလား'

'တစ်လှည့်စီ တွဲနေတာပဲ နင် ဘယ်သိပါ့မလဲ၊ အခု နင်သိပြီမဟုတ်လား'

'စံတော်ဝင် လှည့်ပတ်ပြောထားတာ အဲဒီလူက ယုံနေလို့ လွှတ်ထားတာ နေမှာပေါ့၊ အဲဒီလူနာမည်က ခိုင်မင်းတဲ့၊ ငွေဂုဏ်ပြည့်စုံတယ်၊ ပညာကလည်း အတူတူပဲ၊ နည်းပညာတက္ကသိုလ်မှာ သူတို့စုံတွဲဖြစ်တာ သိပ်မကြာသေးတော့ စုံတွဲအသစ်ကလေးပေါ့ဟာ'

ကျွန်တော့်ရင်နှလုံး နွမ်းချိုးသွား၏။ မြင်လေရာ အပူရိပ်ဝေသော တဲလွမ်းနေ၏။ ဆောက်တည်ရာမရသော အာရုံဖြင့် ရင်ခုန်လိုက်တိုင်း နာကျင်နေတာကို ထိန်းညှိမရတော့။

'နင် ကြေကွဲသွားပြီလား ဇင်မိုး'

'ဒီလိုပါပဲဟာ'



'နင် ကံကောင်းသွားတာ၊ စံတော်ဝင်ရဲ့ အရုပ်လူစာရင်းက နင် ပြုတ်သွားတာ သိပ်ကံကောင်းတယ်၊ နို့မို့ကတော့ စံတော်ဝင်ပြစားရာ နင်ကြိုးဆွဲရုပ်ဖြစ်ပြီး ကွယ်ရာမှာ သူများတွေ ဟားတာ နင် ခံရလိမ့်မယ်၊ မုန်းပစ်လိုက်စမ်းပါဟာ၊ စံတော်ဝင်ဆိုတာ ဘယ်တုန်းက ကောင်းဖူးလို့လဲ၊ မာယာအတတ်တွေ သူ့မှာစွဲနေပြီ၊ ကြာရင်နေမြင့်လေ အရူးရင့်လေဖြစ်ပြီး နင် ဒီထက်ပိုခံစားရလိမ့်မယ်'

'စံတော်ဝင် ငါ့ကို အထင်လွဲပြီး မခံချင်စိတ်နဲ့ အဲဒီလူကို သတ်တွဲပြသွားတာလို့ ငါထင်တယ်'

'နင့်ဘဝတော့ ပစ်ရပါပြီ ဇင်မိုးရယ်၊ ကျားကိုက်ခံရတာ ကောင် အပေါက်ကလေးနဲ့ ဟုတ်မဟုတ် ပြန်စစ်ကြည့်နေသေးတယ်'

'ငါ… ငါ'

'နင့်သဘောပဲ နောက်မှ ငါသိရဲ့သားနဲ့ မပြောရကောင်းလားဆိုတာ ဖြစ်မလာနဲ့၊ ငါတို့ တစ်ကျောင်းတည်း အချိန်ပြည့်နေရလို့ စံတော်ဝင် ဘာလုပ်တယ်ဆိုတာ အကုန်သိနေရတယ်'

'အေးပါဟာ၊ နင် တာဝန်ကျေပါတယ်'

'နင် စံတော်ဝင်ကို တကယ်ချစ်နေတာလား ဇင်မိုး'

မာလာက စူးစူးစိုက်စိုက် မေးလာသောအခါ…

'ဟုတ်တယ် မာလာ'

'နင် ဘာဆက်လုပ်မယ် စိတ်ကူးလဲ'

'သူ့ရဲ့ဖြေရှင်းချက် တောင်းချင်တယ်'

'စံတော်ဝင် ထပ်လှည့်ဦးမှာ သေချာတယ်'

'ငါ့ကံပေါ့ဟာ'

'နင့်ကံမဟုတ်ဘူး၊ ဒါပေမဲ့ နင့်ဘက်က ဖြေရှင်းချက်ပြန်တောင်းလာရင် ငါ လိုက်ဖြေရှင်းပေးမှာ မဟုတ်ဘူးနော်၊ ငါ ဘယ်တုန်းမှ အဲဒီမိန်းမကို အောက်ကျခံတာမဟုတ်ဘူး၊ သူနဲ့တော့တွေ့တိုင်လည်း စကားမပြောချင်ဘူး၊ နင့်ပြဿနာ နင့်ရှင်း'

www.burmeseclassic.com

'မဟုတ်ဘူးဆိုတာလောက်တော့ နင် မငြင်းနိုင်ဘူးလား'

'သိချင်ရင် သူ့ကို ငါ့ဆီခေါ်လာခဲ့၊ ငါပြောမယ်၊ ငါက သူ့ဆီသွားပြီး ဖြေရှင်းရမယ်ဆိုရင်တော့ ဝမ်းနည်းပါတယ်'

'အေးပါဟာ၊ ငါနဲ့နင် ဘာမှမဟုတ်ဘူးဆိုတာ သူသိသွားနိုင်ဖို့သာ အဓိကပါ'

မာလာတင်ဖေက နန်းကြီးသုပ်တစ်ဇွန်း ခပ်စားလိုက်ပြီး ဝါးနေရာမှ...

'အဲဒီ အဓိကကို ကြည့်ရသေးတာပေါ့ဟာ'

* ♠ *



# အခန်း(၁၂)

အမြင့်နိမ့်ပြီး အလှမ်းဝေးသော မြင်ကွင်းတွေကို မြင်နိုင်ရာ ရှုမျှော်ခင်းအစပ်မှာ ရပ်ချိန် အနည်းငယ်ကြာ၏။ ကျွန်တော့်ကို စိတ်ဆိုင်းနေ၍ စံတော်ဝင် တော်တော်နှင့်အတွေ့မခံ။ လေရူးက အထက်ကို နှင့်ပို့၍ မြေငွေ့ရနံ့တွေ ပျံ့သင်းသွား၏။ ကျွန်တော် အတင်းဝင်ပြီး နေတောခေါ်မှ စံတော်ဝင် စိတ်ပျက်လက်ပျက် ပုံစံဖြင့်လိုက်ပါလာ၏။

ကောင်းကင်တစ်ဝိုက်မှာ တိမ်အနားသတ်တွေ ညိုနေ၏။ ကျွန်တော့်ဘက်က မတော်တဆ ဖြစ်ရပ်ကို အထပ်ထပ်ရှင်းပြမိ၏။ တိုက်က နေ့ကိုကွယ်ကာသွားသည်။

'တကယ်ဖြစ်ရင်လည်း အကြောင်းမဟုတ်ပါဘူး ဖင်ဇိုင်း၊ သာနဲ့ ပတ်သက်ရင် အစအဆုံး ကြိုတွေးပြီး အသင့်ပြင်ပြီးသားပါ၊ ကောင်းဘယ်လောက်ခံမလဲ၊ အဆိုးဘယ်လောက်ခံမလဲ ကြိုက်တာ ပါစေ ရဲရင့်နေပြီ'

ဝန်းကျင်တစ်ခွင် မှိုင်းအုံ့ မကြည်လင်ဆဲ။

'ကိုယ့်ဘက်က ရှင်းပြီးပြီ၊ မင်းဘက်က ဘာလဲ၊ မင်း ကိုယ့် တခေါင်တွဲပြသွားတဲ့လူနဲ့ မင်းရဲ့ဆက်စပ်မှုက ဘာလဲ စံတော်ဝင် တိုယ် ရင်ပူလွန်းလို့ မြန်မြန်ရှင်းပြစမ်းပါ'

'ရင်ပူတာတ်သားပဲ၊ ဘာရယ်မဟုတ်ဘဲ တွဲဖြစ်နေတဲ့လူတစ် ယောက်ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီထက်ပိုပြီး ခိုင်လုံတဲ့ ငြင်းချက်တစ်ခုတလေများ မရှိနိုင်တော့ဘူးလား'

'ကျွန်မ ရှင့်အပေါ် အဲဒီလောက် မတောင်းဆိုခဲ့ပါဘူး'

'ကိုယ့်ဘက်က ဘာမှမဟုတ်တာ အမှန်ပါ'

'ကျွန်မ ဘာမှထပ်ပြီး ဝန်မခံချင်ဘူး၊ ပြောချင်တာ ဒါပဲလား၊ လမ်းလျှောက်ပြန်ရမှာ၊ ဝေးတယ်၊ စောစောပြန်မယ်'

'ဒီကွင်းတစ်ဖြတ်ကျော်ရင် ကားလမ်းပေါ် ရောက်ပြီ၊ ဘတ်စ်ကားစီးစီး တက္ကစီစီးစီး ကြိုက်တာစီး ပြန်လို့ရတယ်၊ မင်း ကိုယ့်ကို စိတ်အစာမကြေဘူးဆိုတာ ကိုယ်သိတယ်၊ မင်းရဲ့ပေါ့လျှော့နေဘဲ့ အဖြေကိုလည်း ကိုယ် ယုံစားလို့ကိုမရနိုင်ဘူး၊ အဲဒီလူနဲ့ တကယ်ဟန်ဆောင်ခဲ့တာပါဆိုရင်တောင် မင်းဘက်က မိန်းကလေးဖြစ်ပြီး အဲဒီလောက်တွဲပြတာ မလုပ်သင့်တဲ့အရာပါ၊ မိန်းကလေးတစ်ယောက်ရဲ့ တန်ဖိုးကို ဝဇ္ဇသိက္ခာပိုင်းဆိုင်ရာမှာ ကြက်ခြေခတ်တချို့ဝင်လာတာမျိုးဖြစ်သွားပြီ'

ကျွန်တော့်အပေါ် စံတော်ဝင် အရေးမထားသလို ပြန်ကြည့်ပြီး မခိုးမခန့် အမူအယာလုပ်ပြနေ၏။ ကျွန်တော် သူမကို လှုပ်ခါပြီး မေးပစ်ချင်စိတ်ပေါက်လာ၏။

သို့ဖြား…

'သဝန်ကြောင်လွယ်လွန်းလိုက်တာ၊ မိန်းမတစ်ယောက်တဲကဲပိုပိုနဲ့ ခွဲ့ကျေးတာကျတော့ အဲဒီမိန်းမမှာ ဘာမှဖြစ်မသွားဘူးတဲ့လား၊ ရှင်လည်း ကြည်နူးသွားရတာပဲ မဟုတ်လား'

'မာလာတို့နဲ့ ကိုယ်တို့ ဘယ်လိုနေလာခဲ့တယ်ဆိုတာ မင်းလည်း သိပါတယ်၊ တတ်သိရဲ့သားနဲ့ကွာ၊ မာလာက နောက်ပြောင်နေတာ ကိုယ်လည်း…'

'တော်… ရှင် ဒီလိုပဲ ပြောမယ်ဆိုတာ ကြိုတွေးပြီးသား အခုတလော ကျွန်မစိတ်တွေ ထွေပြီးရှုပ်နေတယ်၊ စာဘက်ကိုလည်း





အလေးပေးရဦးမယ်၊ ရှင့်ကို တွေ့ချိန် သိပ်ပေးနိုင်တော့မှာ မဟုတ်ဘူး'

'စံတော်ဝင်… မင်း… ကိုယ့်ကို…'

ကျွန်တော် ပြောချင်တာတွေ တစ်ဆို့ကုန်၏။ ဝမ်းနည်းစိတ်နှင့် ဒေါသစိတ်တွေ ဝင်တိုက်မိကုန်သော ရင်ဘတ်ထဲမှာ ပျက်စီးမှုအတော်များသွားလိမ့်မည်ထင်သည်။

'ရှင်… ဒီပုံအတိုင်း ဆက်နေသွားမယ်ဆိုရင် ကျွန်မကို ဘယ်တော့မှ မမျှော်လင့်ပါနဲ့တော့'

ထပ်ဆင့်ထိမှန်လာသည့် ဒဏ်၊ ခြေစုံရပ်တန့်ရသည်ပင် မနိုင်ချင်တော့။ ပြောရက်လိုက်တာ။ ပြတ်သားလိုက်တာ။ အနိုင်ယူရဲရင့်လိုက်တာ။ အသာစီးယူပြီး စိတ်ကြိုက်အလဲထိုးနိုင်ရက်လိုက်တာ။

'ကိုယ့်မာနကို ခြေနဲ့ချနင်းချင်တာလား စံတော်ဝင်'

'ရှင် ဘယ်လိုထင်စေချင်သလဲ ပြော'

နေကွယ်သော တိမ်တွေ ရွေ့လျားသွား၏။ ဟာရီကိန်းလိုင်းထဲထိုးမွေနိုင်သောအကြည့်။

အကြည့်ချင်းငြိပြီး သံယောဇဉ်ကြိုးကို အားတင်ပြင်ဆင်ထားနိုင်သူက တမင်တကာ ဖြတ်ချနေသည့်အလား။ ကျွန်တော့် မျှော်လင့်ချက်လေး ပြတ်မကျသွားအောင် ကျွန်တော့်သံယောဇဉ်ကြိုးကို သူမ ဆွဲတင်းရာ အလိုက်သင့်လျှော့ကာပေးလိုက်၏။

ကျွန်တော့်အကြည့်ကို ရပ်သိမ်းစဉ်မှာပင် သူမက အချိန်အနှေးဖြတ်သားရဲသည့်အသွင်ဖြင့် ကျောခိုင်းလျှောက်ထွက်သွား၏။ မှုတို လျှော့ပြီး ချစ်ခြင်းတရားရဲ့ ဆော့ကစားရာ အရုပ်တစ်ခုပမာ ကျွန်တော် နောက်က လိုက်လျှောပါမိရပြန်သည်။

အိပ်မက်ကြီးပါ။

ကောင်းကင်ပက်လက်ကြီးပေါ် ဖန်းတွေရှာတယ်။ ဟာဒီ ကျွန်ုပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မြေပြင်လောက်ကို အနစ်နာမခံနိုင်တဲ့လူ
လက်တွေ့ဘဝကမို ကြိုက်သလိုသာယူလိုက်
အသက်ရှင်ခြင်းရဲ့ လှိုက်လှဲမှု
မျှော်လင့်ချက်ကို ကုစားပေးပါ
အိပ်မက်ကြီးပါ
သိသိကြီးနဲ့ ရင်နာခဲ့တာလည်း နာပါစေတော့
အချစ်ဆိပ်ဒဏ်ကို ဘယ်သူဖြေလျှော့နိုင်မလဲ
မြေမြင့်မှောက်ခုံကြီးလိုလဲပြီ။
အကြည့်…။

* ♠ *

## အခန်း(၁၃)

စာသင်နှစ်တွေ ကုန်ဆုံးသွား၏။ ကံ့ကော်ရွက်တွေအလဲ ပြောင်းဖြစ်ခဲ့သည်။ ပွင့်ဟောင်းကြွေပြီး ပွင့်သစ်ဝေခဲ့၏။ ပင်အားရှိပြီး ...ပွင့်ဝေငုံခဲ့ပြီးပြီ။

စံတော်ဝင်နှင့် ကျွန်တော်၏ ဆက်ဆံရေးမှာ အေးလိုက် ပူ ...တိုက်၊ လျော့လိုက် တင်းလိုက်၊ လင်းလိုက်မှောင်လိုက်နှင့်။

ကျွန်တော် ရှိသော အချိန်မှာ စံတော်ဝင် အပေါင်းအသင်းတွေ ...နှင့် ခွာပြီး လိုက်လာတတ်၏။ တွဲဖြစ်သော ယောက်ျားလေးဆိုသည့် ...သီချင်းကိုပင် ကျွန်တော်နှင့်ပေးမဆုံ။ မိတ်ဆက်မပေး။

ကျွန်တော့်ထက်၊ ကျွန်သောအရေးအရာတွေထက်၊ ကျောင်း...ကို ပိုမိုအားစိုက်အလေးပေးရသော ကျောင်းတော်သူ၊ ကျောင်းတော်...တွေပီပီ နှစ်ကုန်ပိုင်း အနားနီးလေ တစ်ဦးနှင့်တစ်ဦး ပို၍ ခွာဝေး...လေဖြစ်လာခဲ့ရာမှ စာမေးပွဲတွေပြီးစီး၍ ကျောင်းပိတ်သွားသည့်...အထိ တစ်ဦးကိုတစ်ဦး မတွေ့ဖြစ်တော့။ စံတော်ဝင်က သူမ...အားဖြင့် ကျောင်းတက်လာ၍ ယခင်လို တွေ့ချိန်မရတော့။ ...တဆင်း၊ ကားပေါ်ပြန်တက်လောက်သာ တွေ့ရတော့၏။ ...လည်း မပေး။ တမင်ရှောင်ပြေးနေမှန်း သိသာလာ၏။

www.burmeseclassic.com



ယခင်ကလို ဘတ်စ်ကား အတူတူမစီးချင်တော့၍ ထင်၏။ ယခင်ကလို ထီးတစ်ချောင်းဖြင့် ချွေးစက်မပေါင်းစည်းချင်တော့၍ ထင်၏။ ယခင်ကလို ပခုံးချင်းထိတိုက်ပြီး လှိုက်လှိုက်လှဲလှဲ ရယ်မော ပျော်ရွှင်ရခြင်းကို မလိုလားတော့၍ထင်၏။

စံတော်ဝင်တို့ အိမ်ပြောင်းသွားသည်ကို နောက်မှသိရ၏။ ကွာခြင်းဝေးခြင်း နှစ်ခုပေါင်းသော ဝေးကွာခြင်းတွေက ကျွန်တော့် အလွမ်းဆိပ်တက်စေရပြန်သည်။

ဒုတိယစာသင်နှစ်အလယ်ပိုင်းကျမှ စံတော်ဝင်ကို ကျွန်တော် ပြန်လည်တွေ့ခွင့်ရသည်။ စံတော်ဝင် ရှောင်သွေနေသော ကာလမှာ ကျွန်တော်လည်း ကိုယ့်ဘဝ အရေးပါတာတွေနှင့်လုံးလည်လိုက်နေ၍ စံတော်ဝင်ထံ မရောက်ဖြစ်ခဲ့ပြန်။ ဒုတိယနှစ်လယ်မှာ တွေ့ဆုံဖြစ်ကြ ခြင်းမှာလည်း ပြည့်စုံကျော် ရောက်ရှိလာ၍ဖြစ်သည်။ စံတော်ဝင်ကို မိန်းထဲရောက်အောင် ခေါ်လာ၏။

သုံးယောက်သား အအေးဆိုင်ထိုင်ပြီး ကြဲရည်မှာသောက်ဖြစ် ကြ၏။ စံတော်ဝင်က မာနကြီးပြနေ၍ ကျွန်တော်လည်း ဘာသိဘာ သာပင် နေလိုက်၏။ ပြည့်စုံကျော်က…

'နင်တို့ ဘာတွေဖြစ်နေကြတာလဲဟ၊ ငါ ခွင့်ရတုန်း ခဏ ပြန်လာချိန်လေးမှာတောင် ငါ စိတ်ချမ်းသာအောင် ဟန်ဆောင်ဖို့ ဆောင် မဆက်ဆံကြတော့ဘူးလား'

'ဘာအကြောင်းပြချက်မှမရှိဘဲနဲ့ ငါ့ကို စိမ်းသွားတယ်၊ ငါ ဘာပြန်ပြောရမလဲ'

'သူ အရင်စစိမ်းတာ၊ သူ မကောင်းလို့၊ သူနဲ့မာလာနဲ့ ဖြ နေတယ် ပြည့်စုံ'

'ဟာ… ဟုတ်လား'

'မဟုတ်ဘူး၊ အထင်လွဲနေတာ'

'ဒီကောင် မာလာ့ကို ရင်မခုန်ပါဘူး၊ ဒီကောင့်မျက်လုံးထဲ





ကို စံတော်ဝင် နှပ်ချီးချွာတာတောင် ဘယ်နှစ်ခါရှိသွားပြီဆိုတာ အတိ အကျပြောနိုင်တဲ့အထိ စံတော်ဝင် ဘာလုပ်လုပ် လိုက်ကြည့်နေတာ'

ပြည့်စုံကျော်စကားကြောင့် စံတော်ဝင် ရှက်ပြီး ရှုးတင်းသွား ပြန်၏။ ကျွန်တော်က…

'စံတော်ဝင်က နိုင်မင်းဆိုတဲ့ သူတို့အတန်းဖော် တစ်ကောင် နဲ့ တွဲနေလို့ ငါ့ကို ရှန်တိန်လုပ်ပြီး တွဲဖြုတ်ထားခဲ့တာ'

'မဟုတ်ဘူး၊ ဖင်ဖိုင်း… ရှင် ထင်ကြေးနဲ့ ရမ်းသမ်းမပြော နဲ့၊ နိုင်မင်းက အတင်းလိုက်ကပ်နေတာ၊ ဒီနေ့ထိ သူ့ကို ဘာမှ အဖြေပြန်မပေးသေးဘူး၊ အဲဒီလို အတင်းလိုက်နေတဲ့ ယောကျ်ားလေး တွေမှ အများကြီးပဲ'

'နင်ကလည်း မျက်နှာပွင့်လိုက်တာ'

အာမီကေနှင့် သေသေသပ်သပ် ဝတ်စားဆင်ယင်ထားသော ပြည့်စုံကျော်က စည်းကမ်းဘောင်ထဲမှ ခဏလွတ်လပ်ခွင့်ရနေ၍ အာမြူးဟန်သွက်နေ၏။ ဆက်၍ပြောလာသည်။

'ဒါဆို ငါလည်း နင့်ကို အဖြေတောင်းချင်တယ်'

'ဘာရယ်… နင်က ငါ့ကို'

'အေးလေ ဘာထူးဆန်းလို့လဲ၊ ရရင်လည်း အမြတ်၊ မရရင် လည်း အရင်းပေါ့ဟာ'

'ဟွန့်'

ကျွန်တော် မချိုပြုံးလေး ပြုံးနေရ၏။ စံတော်ဝင်က ကျွန်တော့် ကို မသိမသာ ခိုးခိုးကြည့်တတ်၏။ ကျွန်တော်ကတော့ ခပ်ရဲရဲပင် ကြည့်၏။ ပြည့်စုံကျော်က…

'မာလာနဲ့ နင်နဲ့ အဲဒီနှစ်ယောက်စလုံး ငါ့ကိုရွေးကြ၊ ငါ ရွေးတော့ဘူး၊ ကဲ… မာလာ့ဆီကိုလည်း သွားတွေ့ရဦးမယ်၊ နင့် ဘက်က အဖြေက ဘာလဲ၊ ငါက စစ်သားဆိုတော့ တိကျပြတ်သား တာပဲ ကြိုက်တယ်၊ မြန်မြန်ဖြေ စိတ်မရှည်တော့ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အောင်မယ်မယ်… လာလာချေသေးတယ်၊ နှင့်ကို ဖေဖော် ဝါရီလ (၃၀)ရက်ရောက်မှ စဉ်းစားတော့မယ်၊ အခုတော့ လုံးဝပဲ'

'နှင့်အဖြေက အမျှင်တန်းနေသေးတယ်'

'နှင့်ကို လုံးဝမစဉ်းစားဘူးဟေ့'

'ကောင်းတယ်၊ တစ်ယောက်ပြုတ်သွားတော့ ရွေးရခက်နေတာ လွယ်သွားတာပေါ့၊ ဒါဆို မာလာ့ကို ငါ သင်တန်းဆင်းပြီးတာနဲ့ လက်ထပ်ခွင့်တင်လို့ရရင် လက်ထပ်မယ်'

'မာလာက မင်းကို အဖြေပေးပြီးပြီလား'

'ပြဿနာမရှိပါဘူး၊ သူ့ဘက်က အိုကေပါပဲ၊ မင်းတို့ချင်းသာ အိုကေအောင် ညှိကြ'

စံတော်ဝင် မျက်နှာညှိုးမောင်းတင်ပြီး…

'အဲဒါသာကြည့်တော့ ပြည့်စုံ၊ ဇင်မိုင်းက မာလာကို စိုးရိမ်ပိုနေတုန်းပဲ၊ နင်နဲ့ငြိသွားမှာ သူလန့်နေလို့ ခုနက မေးလိုက်တာကို ကြည့်ပါလား'

'ဟ… အဲဒီသဘောမဟုတ်ပါဘူး'

'မင်း မှန်မှန်ဖြေနော် ဇင်မိုင်း၊ မာလာနဲ့ တကယ် သူငယ်ချင်းပဲလား၊ ဘာစိတ်မှမပိုဘူးလား'

'တကယ် သူငယ်ချင်း၊ ဘာစိတ်မှမပိုဘူး'

'သူ ညာနေတာ ပြည့်စုံ'

ဘယ်အငြိုးနဲ့များ အရမ်းကာရော စွပ်စွဲနေရတာလဲ စံတော်ဝင်ရယ်ဟု ကျွန်တော် စိတ်အတွေးပြုမိလိုက်၏။

'စံ ပြောပြမယ်၊ စံသူငယ်ချင်း မေပွင့်တို့ မာလာတို့နဲ့လည်းခင်တယ်၊ မေပွင့်ကို တီးခေါက်နိုင်းကြည့်တယ်၊ ဇင်မိုင်းနဲ့မာလာ ဘယ်လိုလဲဆိုတော့ မာလာက ဘာပြန်ပြောလိုက်တယ် မှတ်သလဲ၊ သူတို့ချင်း ငြိနေကြတယ်တဲ့'

'ဗျာ'



'ဟင်'

'မဟုတ်ဘူး၊ မာလာ့ကို ကိုယ် သွားမေးရဲတယ်၊ စံတော်ဝင်လိုက်ခဲ့၊ စံတော်ဝင်ရဲ့ရှေ့မှာ မာလာ့ကို မေးပြမယ်'

ပြည့်စုံကျော်က စိတ်ညစ်ညစ်နှင့် ခေါင်းသာ တွင်တွင်ကုတ်နေ၏။ စံတော်ဝင်က…

'အဲဒီမိန်းမကို အောက်ကျနောက်ကျခံပြီး မမေးချင်ပါဘူး'

'ဒါဆို ဘယ်လိုသက်သေပြရမလဲ'

'ကင်းအောင် နေပြလိုက်ပေါ့၊ ကိုယ်ကောင်းရင် ခေါင်းဘယ်ရွေ့မှာလဲ မဟုတ်ဘူးလား ပြည့်စုံ'

'ဩော်… အဲ… အင်း… ဟုတ်တယ်လေ'

ကျွန်တော် ကျဉ်းကျပ်သလို ခံစားလိုက်ရ၏။ ချုပ်ကိုင်မှုကရောက်လာပြီ။ ရိုးရိုးသားသား သူငယ်ချင်းတစ်ယောက်ကို အပြစ်မရှိဘဲ စွန့်လွှတ်လိုက်ရတော့မလား။ မာလာက လုပ်ကြံဖြေဆိုခဲ့တာမှန်လို့ အပြစ်သတ်မှတ်ပြီး စွန့်လွှတ်ရလျှင် ဖြေသာသေး၏။

သေချာအောင် မာလာကို နောက်ဆုံးတစ်ခါ တွေ့မေးဖို့ အခွင့်အရေးတော့ရှိချင်သည်။ ထို့ကြောင့် နှစ်ယောက်စလုံးရှေ့မှာ အခွင့်အရေးကိုတောင်း၏။

နှစ်ယောက်စလုံးက ပေးချင်ပုံမရ။

နောက်ဆုံးမှ ပေး၏။

တွေ့ကြသေးတာပေါ့ မာလာတင်မေရယ်။

* ♠ *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

'စံတော်ဝင် သိပ်တတ်နေပြီ၊ နင့်ကို မေပွင့်နဲ့ တွေ့ပြီးရှင်းပေးမယ်၊ လာ… လိုက်ခဲ့'

'ပိုရှုပ်ကုန်လိမ့်မယ်'

'ဘာရှုပ်စရာရှိလဲ'

မာလာခေါ်ဆောင်လာ၍ မေပွင့်ကို လိုက်ရှာရ၏။ ကျောင်းအဝင်ဂိတ်မှာ သွားတွေ့၏။ မေပွင့်ကို အဖော်တွေထဲမှ ခေါ်လာပြီး မာလာက ဒေါသသံလေးဖြင့် အကျိုးအကြောင်းရှင်းပြ၏။ မေပွင့်ကို မာလာပြောခဲ့ မပြောခဲ့ဆိုတာကို စူးစူးစိုက်စိုက် ကြည့်ပြီး မေး၏။ မေပွင့်က အားနာတတ်ပုံရ၏။ ဒွိဒိုးရင်ဆိုင်ရှင်းရသောအခါ ဟိုလိုလို ဒီလိုလိုဖြစ်သွား၏။

'ရှင်းရှင်းသာ သူနားလည်အောင် ဖြေလိုက်စမ်းပါ'

'ထင်ယောင်ထင်မှား ဖြစ်ကုန်ကြတာပါ၊ မေပွင့်လည်း မပြောမိပါဘူး၊ ဟိုလေ… အို… မသိတော့ပါဘူး'

မေပွင့်က အားနာ၍လား။ မာလာနှင့်ရန်ဖြစ်ရမှာ လန့်၍လားမသိ။ လျှောချသွား၏။ အမှန်က တကယ်မပြောဖြစ်ခဲ့တာလည်း ဖြစ်နိုင်နေပြန်သည်။ မေပွင့်ထံမှ အဖြေရသော်လည်း ထိုအဖြေမှာ ပြဿနာမဖြစ်ချင်၍ ပြီးလွယ်စီးလွယ် ဖြေခဲ့တာပိုဖြစ်နိုင်သည်ဟု ကျွန်တော် ယူဆ၏။ မာလာတင်မေကတော့ ပြောအားရသွား၍ စံတော်ဝင်ကို အခဲမကျေနိုင်တာတွေ၊ စံတော်ဝင် ကောက်ကျစ်စဉ်းလဲကာတွေကို ဆက်တိုက်သွန်ပြောနေ၏။





'စံတော်ဝင်နဲ့ တွေ့ပြီး ထိပ်တိုက်ဖြေရှင်းမှဖြစ်မယ်၊ ဒီမိန်းမ ဘာသဘောနဲ့ ဒီလိုအကွက်ဆင်ပြောရတာလဲဆိုတာ ရအောင်မေးရမယ်၊ ဟင်း… တွေ့မယ်'

'မတွေ့တော့ပါနဲ့ မာလာရယ်၊ ဒီလောက်ဆို အဖြေတွက်သွားပါပြီ၊ ကိုယ် နားလည်သွားပါပြီ'

မာလာက ကျွန်တော့်ကို မသက်မသာကြည့်၏။ ပြီးလျှင်…

'နင့်မျက်နှာ ထောက်နေလို့ပေါ့ဟာ၊ နို့မို့ကတော့ အဲဒီမိန်းမကို စုတ်ပြတ်သတ်သွားအောင် ဟောက်ပစ်မိမှာပဲ'

'အချင်းချင်းတွေပဲဟာ'

'အဲဒါကြောင့် ကြောက်ဖို့ကောင်းနေတာ'

ကျွန်တော် အာရုံလွှဲသည့်အနေဖြင့်…

'နင့်ကို ပြည့်စုံကျော် လာတွေ့သေးလား'

'တွေ့တယ်'

'ဘာတွေပြောသွားလဲ'

'သူ ရူးနေတဲ့အကြောင်းပေါ့ဟာ'

'ငါကိုပြောတော့ နင်နဲ့ရွှေလက်တွဲမလို့တဲ့'

'သူ့စကားများ ဆယ်လုံးပြောရင် တစ်လုံးတောင် ခွဲခြမ်းစိတ်ဖြာပြီးမှ ယုံရလိမ့်မယ်'

'ဒီကောင် အတည်ပြောနေတာလို့ ငါထင်တယ်'

'အလကားပါဟယ်'

'နင်ကလည်း လူအားလုံးကို မယုံဘူးချည်းပဲ'

'စံတော်ဝင် သင်ပေးလိုက်တာလေ'

စကားက လမ်းဟောင်းပေါ် ပြန်ရောက်လာပြန်၏။ ထို့ကြောင့်–

'နင်တစ်နေ့ ပြည့်စုံကျော်ကို လက်ထပ်မယ်ဆိုတာ ငါယုံနေတယ်'

'ဗိုလ်ကြီးပြည့်စုံကိုလား'



www.burmeseclassic.com

www.burmeseclassic.com



'နင်တို့နှစ်ယောက်က လိုက်တယ်၊ ဟိုကောင်က ရှေ့တစ်လက်မနောက်ပြောင်၊ နင်က ရှေ့ပြောင်နောက်ကွေး၊ တကယ်လိုက်တာ'

နဖူးပြောင်ပေါ်မှာ ဆံနွယ်မြွှာတွေ ဖွချထားပြီး ဆံပင်အကောက်တွေကို နောက်လှန်ဖြီး၍ အလှပြင်ထားသော မာလာရဲ့အလှကို ဖော်ကြွားလိုက်၍ မာလာ ခွေ့ခွေ့ခုန်သွား၏။

'သေနာ၊ အဲဒါ၊ စတိုင်လ်ညှပ်ထားတာ၊ နင့်မျက်လုံးထဲမှာ စံတော်ဝင်လိုမိန်းမ၊ ကြောင်မျက်လုံးလို ပြူးကြောင်ကြည့်တတ်တဲ့မိန်းမ၊ နှာခေါင်းချွန်လုံးနဲ့ နှုတ်သီးဖောင်းဖောင်းမိန်းမ၊ ဟိုစာရေးဆရာမတစ်ယောက်နဲ့တူတယ်ဆိုတဲ့ မိန်းမကိုပဲ လှတယ်လို့ နင် ထင်နေတာမဟုတ်လား'

လှည့်လာပြန်ပြီ။ ကျွန်တော်က ထပ်၍…

'နင်နဲ့ပြည့်စုံကျော်တို့ မင်္ဂလာဆောင်ဖြစ်ရင် ငါလက်ဖွဲ့စရာရှိတယ်'

'ညစ်ပတ်တာတွေ မနောက်နဲ့နော်'

'လက်ဖွေ့ထိုးတဲ့ လက်အိတ်နှစ်စုံ ပေးမှာကိုပြောတာ၊ နင်တို့ညားရင် နေ့တိုင်းဘောင်ဆင်ပလေးနေမှာ မြင်ယောင်နေလို့'

'ငါက သနပ်ခါးတုံးနဲ့ထုမယ်'

'ကဲ… ကြည့်… ပြောတော့ မဟုတ်ပါဘူးလေး ဘာလေး ငါ စိတ်ကူးနဲ့ပြောတော့လည်း သူလည်း စိတ်ကူးနဲ့မျောပြီး ပြော တယ်၊ အဲဒါပဲ၊ နင် ပြည့်စုံကျော်ကို ကြိမ်းသေလက်ထပ်မှာပါဆိုတာ'

'ဇင်ဗိုင်း အစုတ်ပလုတ်'

မာလာက ကျွန်တော့်ကျောပြင်ကို ဖျောတင်၍ ထုနေစဉ် ကျွန်တော် ရယ်မောနေလိုက်မိ၏။ ရင်၌မှာ မရယ်မောနိုင်အော ရင်မောနေ၏။

'ဒါ… ငါတို့နောက်ဆုံးတွေ့ခြင်းဆိုတာ နင် မသိပါဘူး မာလာရယ်'

* ♠ *

## အခန်း(၁၅)

မာလာတင်ဖေ လုပ်ကြံသည်ထင်၍ တင်းထားခဲ့သော်လည်း မဟုတ်မှန်းသိရသောအခါ အရှည်ပျော်သွားရပြန်၏။ မာလာတင်ဖေနှင့် မတွေ့ရန် ရှောင်နေခြင်းသည် အကောင်းဆုံးဖြစ်မည်။

ခက်သည်က စံတော်ဝင်တို့ကျောင်းထဲရောက်လျှင် စံတော်ဝင်ကို အဆင်သင့်တွေ့ပါမှ။

မတွေ့၍ လိုက်ရှာလျှင် မာလာနှင့်ထပ်မံဆုံတိုးမှာပင်။ တွေ့ ချတ်သားနှင့်မခေါ် မပြောဘဲနေလျှင် တစ်ဖက်လူရင်မှာ ဘယ်သူ အခံရခက်ပြီး ဒေါသထွက်ဆူပွက်မည်ဆိုတာ ကြိုတွေးရင်နာမိရပြန် သည်။

ပြည့်စုံကျော် ခွင့်ရက်စေ့ခါနီး ပြန်သွားသောအခါ ကျွန်တော် နှင့်စံတော်ဝင်တို့ ဆက်ဆံရေး အေးစက်နေရာမှ အနည်းငယ် နွေးထွေး လာခဲ့ပြန်၏။ တစ်ပတ်တစ်ခါ ရောက်ဖြစ်သောနေ့မှာ ကံအားလျော်စွာပင် စံတော်ဝင်ကို တွေ့ရ၏။ သို့ပြား…

တစ်ယောက်တည်းမဟုတ်။ ကိုနိုင်မင်းဆိုသူနှင့် တွဲလျက် စံတော်ဝင် မိတ်ဆက်ပေးပါသည်။ အရပ်ရှည်ရှည်၊ ဥပဓိရုပ် ချောသန့်နှင့် ရှိုးကျကျ ဝတ်ဆင်ထားသော ကိုနိုင်မင်းလိုလူကို မိန်းကလေးတော်များများ သဘောကျတတ်ကြသည်မှာ မဆန်း။ စံတော်

www.burmeseclassic.com



ဝင်တာ ငြင်းဆန်နေခဲ့သည်ဆိုတာ ဖြစ်နိုင်ချေ။ ဖြစ်တန်စွမ်း ဘယ်ယောက်ရာခိုင်နှုန်းများ ရှိနိုင်မလဲ။ မယုံမရဲဖြင့်ပင် သူတို့နှစ်ယောက်ကို အကဲခတ်ရ၏။

ကိုနိုင်မင်းဆိုသူက စာကျက်ကောင်း၍ လိုင်းကောင်းရသည့်အပေါ် တော်တော်လေး ဂုဏ်ယူနေဟန်တူ၏။ သူ မည်မျှကြွယ်ဝသည်ဆိုသည်ကိုလည်း ကြွားဝါချင်ပုံရ၏။ သူ နှုတ်တုံ့ပြန်လျှင် ပြဿနာဆီသို့ ဦးတည်ရာရောက်မည်။ ငြိမ်နေလိုက်သည်။ ငြိမ်နေမှ ပို၍ဖိလာ၏။

'ဒီလိုဆိုင်မျိုးတွေ ထိုင်မနေစမ်းပါနဲ့ စံရယ်၊ ကိုယ်လိုက်ကျွေးနိုင်တယ်၊ ဘယ်မှာစားမလဲပြော၊ အပေါင်းအသင်းပေါင်းရင်လည်း မြင့်မြင့်ကြည့်ပေါင်းရတယ်၊ အောက်ငုံ့ကြည့်ပေါင်းရင် ကိုယ်လည်း အောက်နိုက်သွားလိမ့်မယ်'

'ဒီမယ် ကိုနိုင်မင်း စကားကို ဆင်ဆင်ခြင်ခြင်ပြောပါ'

စံတော်ဝင် ဝင်ထိန်းရုံမျှနှင့် ကျွန်တော် လက်မခံချင်တော့။

'ခင်ဗျားအရည်အချင်းက အကြွားသန်ဖို့လောက်ပဲ ရှိပါတယ်၊ ခင်ဗျား ဘယ်လောက် သုံးဖြုန်းနိုင်သလဲ၊ ကျွန်တော်လည်း သုံးနိုင်တယ်၊ လိုင်းကားစီးနေလို့ အထင်မသေးနဲ့၊ ခင်ဗျားစီးတဲ့ကားလောက်ကတော့ မြောင်းထဲပို့ပစ်လိုက်လို့ရတယ်၊ အဲဒီကားမျိုးတွေ နိုင်ငံခြားမှာတောင် အငှားကားအဖြစ် ဆွဲမစားကြတော့ဘူးဗျ၊ သိကွာကျလို့'

'ဟေ့ကောင်… မင်းကကော ဘယ်လောက်တန်ကားပိုင်လို့လဲ၊ သောက်ကြီးသောက်ကျယ်နဲ့ လူနေချိုကြား စိတ်နေဘုံဖျား လာမလုပ်နဲ့'

'ခင်ဗျား သိချင်ရင် ကျွန်တော့်အကြောင်း စုံစမ်းကြည့်လိုက်ပေါ့ဗျာ၊ စကားပြောတာ အဆင့်နိမ့်တဲ့ ခင်ဗျားလိုလူနဲ့ ကျုပ် ဆက်ပြောရင် လျှာသနတယ်'

'ဟေ့ကောင်… မင်းလိုကောင်က ငါလိုကောင်ကိုများ'





'ကိုနိုင်မင်း တော်တော့၊ ဖင်ဖိုင်း နင်ဘယ်လိုဖြစ်နေတာလဲ၊ ငါ့မိတ်ဆွေကို ရန်လိုနေတာလား၊ နင်တို့က ရန်သူတွေလည်း မဟုတ်ဘဲနဲ့'

'ကိုယ့်အတွက်ကတော့ ဒီကောင်ဟာ ရန်သူပဲ စံ'

'ခင်ဗျားရန်သူဆိုလည်း ကျွန်တော်က ဂရုမစိုက်ပါဘူး'

'နှစ်ယောက်စလုံး ငါပြောနေတာ မရဘူးလား၊ နေခဲ့ကြတော့၊ သတ်ချင်သလောက် ထသတ်ကြတော့'

စံတော်ဝင် ထွက်သွား၏။ နိုင်မင်းက မကြည်မလင်ကြည့်ပြီး စံတော်ဝင်နောက်မှ ကောက်ကောက်ပါအောင် လိုက်သွား၏။

ကျွန်တော်ကတော့ မသောက်ဖြစ်သော လက်ဖက်ရည်သုံးခွက်ရဲ့ အေးစက်မှုမျိုးနှင့် သူတို့ကျောကို စိမ်းစိမ်းကြီး ကြည့်နေလိုက်မိသည်။ နင့်ကို ငါ နားမလည်တော့ဘူး စံတော်ဝင်။

နင် ဘယ်လို မိန်းမလဲ။

နင် ဘယ်လိုစိတ်ထားလဲ။

နင် ဘယ်လိုအချိုးမျိုးနဲ့ ငါ့ကို ရိုးရိုးလေး နှိပ်စက်နေတာလဲ။ မြွတ်သားတဲ့ ဆိုင်းငုံကြိုးတွေနဲ့ ပြဿနာမတတ်တက်အောင် ဖန်တီးနေတဲ့သူဟာ နင်ပဲဆိုတာ နင့်ကိုယ်နင် မသိတော့လောက်အောင် အလှဆန်တွေတက်နေပါလား။ သွားစမ်းကွာ။

ကမ္ဘာပေါ်မှာ ကျွန်တော် အချစ်ဆုံးမိန်းမမှာ စံတော်ဝင်ဖြစ်ပြီး ကမ္ဘာပေါ်မှာ ကျွန်တော် အမုန်းဆုံးမိန်းမဟာလည်း ဒင်းမှဒင်းဖြစ်နေ၏။

* ♠ *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၆)

'အဲဒီဒင်းကြီးကို စိတ်နာလိုက်ပါတော့ ဖင့်ဓိုင်းရာ၊ တို့မိန်းထဲမှာလည်း သူ့ထက်ပျံနေတာတွေ တစ်ပုံကြီးပါကွ'

ဗလကြီး ကျွန်တော့်အရေးကို စာနာတွေးပြီး ပြောလာခြင်းဖြစ်သည်။ ဝဏ္ဏထွန်းက...

'စံတော်ဝင်ကို ဒီကောင့်အာရုံထဲက ကန်ထုတ်ပစ်နိုင်ဖို့ အချိန်လိုတယ်ကွ၊ အချိန်သမားတော်ကပဲ အချစ်နာကို ကုစားလို့ပျောက်တယ်'

မင်းကြည်မိုးက ကုလားမသံနှင့်လုပ်လာပြန်၏။

'ဟရေ... ဝဲနထွန်း... ဘာလဲ အချိန်သမားတော်ဆိုဒါ နာတော့ နားမလည်ဘူး'

'ဒီကုလားမကလည်း တစ်မျောင့်၊ ချစ်လှပါတယ်ဆိုတဲ့ လူ တစ်ယောက်သေရင် ကျန်တဲ့မိသားစုတွေ မိတ်ဆွေတွေငိုကြွေးကြ တယ်၊ တစ်ပတ်၊ တစ်လပေါ့ကွာ၊ နှစ်နှစ်သုံးနှစ်လောက်ကြာတော့ မေ့သွားရော၊ ဒီလိုပဲ ချစ်လှပါတယ်ဆိုတဲ့ ချစ်သူတွေ ဝေးသွားကြပြီး တခြားလူတွေနဲ့ အိမ်ထောင်ကျကုန်တယ်၊ အသည်းကွဲချိန်က ခဏ တာပါ၊ နောက်တော့ သူလည်း သားတွဲလောင်း၊ သမီးတွဲလောင်းနဲ့ ကိုယ်လည်း သားတွဲလဲ၊ သမီးတွဲလဲနဲ့ ဘဝချင်းပြန်ပြင်ပြီး လက်ထပ် မယ်ဆိုရင်တောင် သားသမီး တရားဝင်ဇနီး သံယောဇဉ်နဲ့ ဘယ်သူ ပြန်လက်ထပ်ကြတော့မှမဟုတ်၊ အဲဒါ အချိန်သမားတော်က ကုစား လိုက်တာ၊ ဒီကောင်အသည်းအက်နေတာလဲ ခဏပဲ၊ အချိန်ကြာရင် ငါ ဘာဖြစ်ခဲ့လို့လဲတောင် ပြန်ဟားတိုက်ပြီး မေးလာလိမ့်ဦးမယ်'





'ဟရေ... ဟေးဟေး... နင်ပျော့တာ ခုမှပဲ ရှင်းသွားတော့တယ်၊ ဒါပေမဲ့ ဒွတ်ခဖြစ်နေတာက နှာအဖြစ်၊ လက်ရှိမီး မေးဇော့ (၁၀)တန်းကျတယ်နော်၊ နှာဝမ်းနည်းဒယ်၊ ဝမ်းနည်းလို့နော်၊ ဝမ်းနတ်တယ်၊ ထပ်ခါတည်း ဝမ်းလျော့လို့ ဆေးရုံပေါ် တန်းခနဲ ရောက်သွားတော့တာပဲ အာရို'

ဗလကြီးက မင်းကြည်မိုး ပါးစပ်ထဲ အိကြာကွေးထိုးထည့် ပိတ်နိုင်းလိုက်ပြီး...

'ဘယ်လိုလဲ မင်း စံတော်ဝင်ကို မုန်းတော့ မေ့တော့မယ် မဟုတ်လား'

'အင်း'

'မင်း အင်းကလည်း အသက်မပါလိုက်တာကွာ'

'ဘာမှမဟုတ်ဘူး၊ ဒီကောင် နှမြောနေတာ၊ စားရမှာလည်း သိတာရှုပ်ရှပ်၊ ပစ်ရမှာလဲ အဆီတဝင်းဝင်းဆိုတော့ စဉ်းစားရခက်နေတယ်ကွ'

ကျွန်တော် ပြန်ပြောမည်အပြင် မင်းကြည်မိုးက ပလုပ်တောင်းစားသံကြီးဖြင့်...

'မင်းပြောတာ ဆင်ချီးတုံးကို ပြောတာ မဟုတ်လား'

'ချီး... ဝက်သားတုံးကို ပြောတာကွ'

'ဝက်တားနော့... အစ်ဆီများတယ်၊ နာနော် ဝက်တား ...ဘူး၊ နုတ်တီးကစရင် အမြီးဆုံးတဲ့ထိ တစ်ကောင်လုံးပဲမျိုတယ်'

မင်းကြည်မိုး ဝင်နှောက်ပြောင်၍ ကျွန်တော် အဖြေရသက် ...ခြင်းပဲဖြစ်သည်။ ဝဏ္ဏထွန်းက မင်းကြည်မိုး ပါးစပ်ထဲကို ...ကွေးတစ်ပိုင်း ထိုးထည့်ပြီး နှုတ်ပိတ်လိုက်ပြန်၏။

'မင်း မဖြေရင် စံတော်ဝင်က မင်းကိုအရင်ဖြည်သွားလိမ့် ...ပိမ့်မယ် ဇင်ဓိုင်း၊ ငါတို့ပြောသလို ပျော်ပျော်ပြန်နေစမ်းပါ ...ဘွတ်နစ်ခံမနေစမ်းပါနဲ့'

ဝဏ္ဏထွန်း၏ စကား ဗလ ခေါင်းညိတ်ထောက်ခံရင်း...

www.burmeseclassic.com

www.burmeseclassic.com



'လေ့လာရေးခရီးပါသွားလို့ ပြည့်စုံနဲ့ မတွေ့လိုက်ရတာ နာတယ်၊ ဒီကောင် ရှိရင် မင်းကို ပိုင်းပြောလို့ လွယ်တယ်၊ စားလည်းစား၊ ပျော်လည်းပျော်ရမှာကွ၊ မာလာတင်ဖေကိုတော့ လက်ခံတယ်၊ အရင်အတိုင်းပဲ၊ စံတော်ဝင်ကတော့ ကားပေါ်ကမဆင်းတော့ဘူး၊ ဟိုတလောတုန်းက သူ့ကိုမြင်တော့ ငါ့ကို ရှူးချင်ယောင်ဆောင်နေလိုက်တယ်၊ သူ့ဘာသာသူ နှုတ်တောင်မဆက်ရဲဘူး၊ အသားလေးတစ်ဖတ်လွှဲပြီး လိမ့်သွားတယ်'

မင်းကြည်မိုးက ပလုပ်ပလောင်း ဝါးသံကြီးဖြင့်...

'ဟရေး... နာ့တဲပုရာတီးလေး မူးရင်ရှူရအောင် ယူလာတာ အခု လွယ်အိတ်ထဲကနေ အောက်ထွက်ကျပြီထင်တယ်၊ ဘယ်ဘက်ကို လိမ့်သွားတာလဲ ခုံအောက်ထဲဝင်ကြည့်ကြစမ်း'

'မင်းကလည်း ဒီမှာ အမှန်အကန်ပြောနေတာကို စွတ်နောက်နေတယ်၊ အကြံလေးဘာလေး ပိုင်းပေးပါဦးလား'

'အကြံဒေါ် မရှိဘူး၊ အကျန်ဒေါ်ရှိဒယ်၊ ယူမလား၊ ကွမ်းဝါးလို့ ကျန်တဲ့အကျန်'

'ဒီကောင် ပြောလေဆိုးလေပါလား ဝဏ္ဏ'

'ဟရေ ဗငံလ'

'ဗလလုပ်စမ်းပါ၊ ဖင်လှတာ နင့်ဂျီးဒေါ်ဟ'

'အေးပါ ဗငံလ၊ နာ ဘာဆို့သလဲပြော'

'နင်ဆို့မှာက အန်ဖတ်ဆို့မှာပဲ ကုလားမရဲ့'

'ဟရေး'

မင်းကြည်မိုးရဲ့ ဟရေး စပြောသံအဆုံးမှာ ပိုင်းပြီး နရင်းအုပ်လိုက်ကြသည်။ 'အမယ်လေး' ဆိုတာကိုပင် အိန္ဒိယအသံကလေး ဖြင့် အော်သွားလိုက်ပုံက...

'ဟမ်မလေး... ဟမ်မလေး... အမားရေ... အဓိနာသေတော့ပြီ'

* ♠ *

# အခန်း(၁၇)

စံတော်ဝင်ထံ ကျွန်တော် မသွားဖြစ်ပြန်။ ရက်သတ္တပတ်များကြာသည်အထိ တောင့်ခံအေးခဲနေလိုက်၏။ ရင်၌မကောင်း။

သူငယ်ချင်းတွေနှင့် စိတ်ပျော်ရာတွေ လျှောက်လုပ်ဖြစ်၏။ အချိန်အားရလျှင် ခေါင်းထဲကို စာတွေပစ်သွင်းသလို ကျက်မှတ်၏။ ခေါင်းကိုအနားပေး၍မရ။ စံတော်ဝင်အကြောင်းတွေက သိမ်းပိုက်လွှမ်းမိုးသွားမှာစိုး၏။ သတိရစိတ်ကို နာကျင်မှုဖြင့် ချိုးနှိမ်ရသည်။

စကားကတောက်ကဆဖြစ်ခဲ့ကြတာလောက်ကို နာကျင်မှုဟုလည်း သတ်မှတ်ရတာ ခက်နေပြန်၏။ စံတော်ဝင်နှင့်ဖြစ်ခဲ့ရသည်လည်း မဟုတ်။ သွယ်ဝိုက်ပတ်သက်မှုတွေကြောင့် ဖြစ်လာသည်ဆိုသော တွန်းအားက ပျော့လွန်းလှသည်။ ကျွန်တော် တစ်ကိုယ်တော် ဝဋ်ဝဋ္ဋာဖြစ်နေစဉ်မှာပင် ကျွန်တော်တို့ ကျောင်းကို စံတော်ဝင်ရောက်ချလာ၏။

ကျောင်းတော်ကြီးသူနှစ်ယောက်ကို ဘယ်ညာခြံရံလျက် မင်းကြည်မိုးက ကျောင်းပုရဝဏ်ထဲမှာ တွေ့လာခဲ့တာကို ပြောပြ၏။

'မင်းကို လိုက်ရှာနေတာတဲ့'

ကျွန်တော့်ကိုယ် ကျွန်တော် ထိန်းမရတော့။ ဘာအကြောင်းကြောင့်များလဲ။ ဗလနှင့်ဝဏ္ဏက ကျွန်တော့်ကို ချုပ်ကိုင်ထား၏။ စံတော်ဝင်ကို စိတ်နာလောက်ဖွယ်ရာတွေ တွင်တွင်ပြော၏။

www.burmeseclassic.com



သူတို့ပြောနေတာတွေ ဒီဘက်နားကဝင်ပြီး ဟိုဘက်နားက ထွက်သွားၤ၏။ ကျွန်တော် ဘာကြောင့် ဒီလောက်တောင် ပြေးတွေ့ချင်နေရတာလဲ။ မင်းကြည်မိုးက ကျွန်တော့်ကိုကြည့်ပြီး စာနာပုံရ၏။

'လွှတ်ပေးလိုက်ပါကွာ၊ အကျိုးအကြောင်း သိရတာပေါ့'

'သူတို့ ဒီကိုရောက်လာတဲ့အထိ စောင့်နေခိုင်းတာပါကွ'

'ဟာ… ဒီခုံတန်းက ချောင်ကျတယ်၊ သူတို့က မိန်းကလေးတွေ၊ စေ့စေ့စပ်စပ် လိုက်ရှာပါ့မလား၊ ပြီးတော့ တို့ကလေးယောက်'

'စံတော်ဝင်ဆိုတာ အစိမ်းသက်သက်မှ မဟုတ်တာ'

'သူနဲ့ပါလာတဲ့ အဖော်နှစ်ယောက်ကို ငဲ့ဦးလေ'

'မငဲ့နိုင်ဘူးကွာ၊ ယောကျ်ားဈေး မဖျက်နဲ့'

'ယောကျ်ားဈေး၊ မိန်းမဈေးတွေ၊ ငါးဈေး၊ အမဲဈေး၊ ကန်စွန်းရွက်ဈေးတွေ လုပ်မနေစမ်းပါနဲ့၊ ဒီမှ ဇင်ဖိုင်း၊ မင်းခံစားရတာကို ခင်ဗျားသိတယ်၊ ဘယ်သူမှ ဝင်ကူပြီး ခံစားပေးနိုင်တာလည်းမဟုတ်ဘူး၊ ခင်း ဒီကောင်တွေကို ဆရာတင်ရင် မှားမယ်၊ ဒီကောင်တွေ ကိုယ်တိုင်ကိုယ်ကျ သောက်ခွက်ပြောင်လို့ ငါ ဘယ်မှာအစွဲထုပ်နိုင်လို့လဲ၊ မင်းရဲ့ ရှေ့ရေးကို မင်းပဲဆုံးဖြတ်၊ ဒီကောင်တွေ ဘာမှဝင်မပါစေနဲ့၊ မဖွေနိုင်ရင် ဆက်ချစ်ပစ်လိုက်၊ ရဲရဲကြီးချစ်ပစ်လိုက်၊ ဖြစ်ချင်တာဖြစ်၊ လာပါစေကွာ မေ့နိုင်တယ်ဆိုရင်လည်း ဟင်းဆို လှည့်မကြည့်နဲ့တော့'

'ဟေ့ကောင် မင်းကြည်မိုး မင်းပြောနေတာမှ ဟုတ်ရဲ့လား၊ အရှားပြောပြီး အပြောမှားနေပြီကွ'

'ဟုတ်ပါ့ကွာ၊ မင်းမြှောက်ချမနေနဲ့၊ ဇင်ဖိုင်းက အရေးပါနေပြီ၊ အကြီးအကျယ် ကွဲသွားလိမ့်မယ်၊ ကလေးက ကလေးလိုနေစမ်း၊ လူကြီးတွေကြားထဲ ဝင်မပါနဲ့၊ မင်းတို့ကလေးတွေ ကလေးလိုနေကြစမ်း၊ လူကြီးကြားထဲ ဝင်ပါတာ မြင်းကောင်းပြေးရာ ခွေးကျိုးကန့်ထန့်ဝါသလိုပဲ၊ ဆင်ခြင်နေကြ၊ ဇင်ဖိုင်း သူ့ဘာသာသူ ဘာလုပ်ရ



မလဲဆိုတာ သူ့ဘာသာသိပြီးသား၊ နေရာတကာ ဝင်ဝင်ပါ၊ တစ်ချိန်လူအမြင်ကတ်တာခံရလိမ့်မယ်၊ လောကမှာ လူဆိုတာ နေတတ်ဖို့သိပ်အရေးကြီးတယ်၊ မနေတတ်တဲ့လူတွေ အနေညံ့ပတယ်၊ အနေကျပ်တယ်၊ အနေရှုပ်တယ်၊ အနေစုပ်တယ်၊ ကြားကြလား ငါ ဆရာကြီးလုပ်ပြောနေတာမဟုတ်ဘူး၊ မင်းတို့ နေတတ်အောင် သင်ပေးနေတာ၊ မင်းတို့ ဒီကောင် ဇင်ဖိုင်းလုပ်တာကို အသာစောင့်ကြည့်၊ ဒီကောင်လုပ်တာ Good ရင် ဆရာကျိုးလို့ ခေါ်'

'မိုက်ရိုင်းတယ်၊ ချစ်သူနှစ်ယောက် တွေ့ကြမယ့်သစ်ရွာမှာ မင်းတို့နှစ်ယောက်ဟာ ချိုးပုံနှစ်ပုံပဲ၊ ခြေလှမ်းယောင်မှားနင်းမိရင် အချစ်ရဲ့ ရနံ့တွေအားလုံး ပြယ်ကုန်လိမ့်မယ်'

'ဟာ… ဒီကောင့်ကို အုပ်ကွာ'

သူတို့အချင်းချင်း ရှုပ်တွေးနေစဉ်မှာပင် ကျွန်တော် အသာလှို့ထွက်လာလိုက်၏။ ပြေးလွှားလာရင်း မြင်မြင်ရာလိုက်၍ရှာသည်။ ပြန်များသွားပြီလား အမှုတွေးဖြင့် လူတွေ့တိုင်းမေးလိုက်ချင်သည်။ တွေ့ပြီ မောပန်းသော်လည်း မောမှန်းမသိ။

ကျွန်တော့်ကိုလည်း စံတော်ဝင်တို့ လှမ်းတွေ့သွား၏။ အမြင်များမှာလေရော့သလား။ ကျွန်တော့်ရှိရာကို တည့်တည့်လျှောက်လာကြ၏။ စိတ်ဆိုးမာန်ဆိုးပုံစံလား။ မဟုတ်ပေ။

လွမ်းလွမ်းဆွေးဆွေးဟန်ပန်လား။ မဖြစ်နိုင်။

တည်တည်ငြိမ်ငြိမ်လေးနှင့် အနားကိုရောက်လာ၏။

'ဘယ်ရောက်နေတာလဲ'

တွေ့လျှင်တွေ့ချင်း ပုံမှန်လေသံဖြင့်မေး၏။

'ကျောင်းဆောင်ပေါ်က လှမ်းမြင်လို့ ဆင်းလာတာ'

'တက်ကြည့်သေးတယ်၊ အပေါ်မှာမတွေ့ပါဘူး'

'အောက်ရောက်နေလို့ နေလိမ့်မယ်၊ ရှေ့ဆင့်နောက်ဆင့်တော့ ထွဲကလေးတွေဖြစ်နေလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



စံတော်ဝင်က သူမအဖော်တွေနှင့် မိတ်ဆက်ပေးပြန်၏။ စံတော်ဝင် ဘော်ဒါတွေကို မိတ်ဆက်ရတာလည်း ခပ်လန့်လန့်ပင်။

စံတော်ဝင်က…

'သူတို့က မြို့ထဲကို သွားစရာရှိတယ်၊ ကျွန်မနဲ့အဖော်လိုက်ပေးတာလေ၊ ဇင်မိုင်းနဲ့ ပြောစရာရှိလို့၊ သူတို့နဲ့မလိုက်ဘဲ ဇင်မိုင်းကို ဝင်ရှာတာ'

အဖော်ကျောင်းသူနှစ်ယောက်က ဖော်ရွေစွာ ပြုံးပြပြီး မြို့ထဲသွားသည့်ကားဂိတ်ဆီ ချီတက်သွား၏။ စံတော်ဝင်က ကျွန်တော့်ကို မထီတရီလေးကြည့်ကာ…

'သွားစို့'

'ဘယ်ကိုလဲ'

'အေးချမ်းငြိမ်သက်တဲ့ တစ်နေရာပေါ့'

'ကိုယ်ရွေးတတ်တယ်၊ လာ လိုက်ခဲ့'

'အဝေးကြီးလား'

'အချစ်နဲ့အမုန်းလောက်ပဲ ဝေးကွာတယ်'

ရေလယ်တံတားကို အတူလျှောက်ဖြစ်ကြ၏။

စိမ်းကြည်သော ကန်ရေပြင်မှာ ကောင်းကင်တိမ်သလ္လာတွေ ပန်းညှာတံဖြင့် စုပ်ချက်စွဲသလို ဆေးသားသီရရီ။

အဝေးဆီမှ တရိပ်ရိပ် ဖြတ်သန်းသွားလာနေကြသော ကားမျိုးစုံကို လှမ်းတွေ့နေရ၏။

ရေပြင်ကို ရှပ်ပျံလာသော လေခုတ်သံနှင့်အတူ အပူငွေ့တွေ ပျံ့လွင့်ပြေးသွား၏။ မျက်နှာပေါ်မှာ ဆော့မြူးသော ဆံနွယ်တွေကို လက်ဖယောင်းသွယ်သွယ်ဖြင့် သပ်တင်ရင်း သံချိုညှင်း၏။

'သူ တမင်ရှောင်နေတာလားဟင်'

ပင့်သက်ပြင်းပြင်းရှိုက်ရင်း ချစ်ခြင်းအားဖြင့် စံတော်ဝင်ကို ကျွန်တော် ကြည့်လိုက်သည်။



'ရာသီဥတုသာယာမှ ကိုယ်က အမြင့်မှာ ပျံဝဲဝံ့ရဲတဲ့ ပျံလွှားငှက်လေးလို ဘဝနဲ့ တူနေရတဲ့သူပါ'

'မုန်တိုင်းလို့ ထင်ခဲ့တာကိုး'

'တိမ်ညိုကလည်း မှိုင်းခဲ့တာပဲ မဟုတ်လား'

'မိုးဖြိုးမစဲ၊ မိုးမဲမရွာတဲ့'

'သဘာဝတရားကပေးတဲ့ အသိနဲ့ ကောင်းကင်ကြီးကို မယုံနိုင်ဘူး'

'မယုံကြည်သူကိုမှ ရွှေလက်နဲ့ခေါ်မိတဲ့ မိန်းမသားဘဝကို စောင့်ညှာပါဦး'

'မေတ္တာလက်မှာ အသက်နှင်းပြီးသားမို့ ရွှေစော်နံ့တဲ့လက်ကို သင်းဆက်ဖို့ ခက်နေရတာပါကွာ'

အနုစကားတွေ ဝက်ဝုတ္တိနှင့်ပြောနေရာမှ

'သူ ကျွန်မအပေါ် နားမလည်ဘူး'

ကျွန်တော် ငြိမ်နေလိုက်၏။ စံတော်ဝင်က ဆက်၍…

'အရင်က ကျွန်မဘက်က စတင်ပြီးချာဝေးသွားတယ်၊ ပြောဆောတ်အောင် ရင်ထဲမှာ ဘာမှဖြစ်မကျန်ခဲ့ဘူး၊ ရင်ထဲမှာ လစ်ဟာသွားသလိုပဲ၊ သူနဲ့ဝေးတဲ့ ရက်တွေမှာ ကျွန်မကိုယ်ကျွန်မ မေးခွန်းတော်များများ ပြန်မေးကြည့်ခဲ့ဖူးတယ်၊ သူနဲ့ပတ်သက်တဲ့မေးခွန်းတွေပေါ့၊ ဘာအဖြေထွက်လာသလဲဆိုတော့…'

စံတော်ဝင် စကားကို ဆိုင်းငံ့ပြီး ကျွန်တော် ထောက်မေးချင်သအောင် စောင့်နေပုံရ၏။ အလိုက်သိသိပင်…

'ဘယ်လိုအဖြေထွက်လာသလဲဟင်'

'သူလိုချင်တဲ့အဖြေထွက်လာတယ်'

ဒိန်းခနဲ ဆောင့်ခုန်လိုက်သော နှလုံးခုန်သံ။ ထိဆုကြီး ဆယ်စုတောတ်ပေါက်သည့် အရှိန်အဟုန်လောက်ရှိမည်ထင်ရ၏။ စံတော်ဝင်ကို ကြည့်နေရင်းမှ ပိုမိုမြတ်နိုးလာ၏။

www.burmeseclassic.com



ဆံနွယ်လေးတွေ [illegible] ချိုးသည်။ လက်ဖယောင်းကို ဖွဖွလေး မညှောင်းစတမ်း ကိုင်တွယ်ထွေးပွေ့ထား ချင်သည်။ ဆန္ဒမည်သည် လက်တွေ့အလျှင်စလို အတည်ပြု၍မရ။

'ကိုယ် မင်းကို နားလည်သွားပါပြီ စံတော်ဝင်ရယ်'

ကျွန်တော့်ရင်ခွင်ထဲ ယိုင်လာသောသူမကို အလိုက်သင့် ပွေ့ ထားလိုက်၏။ တမ်းမွတ်ခဲ့သော လက်မောင်းသားနုနုကို တယုတယ ပွတ်သပ်မိ၏။

ကိုယ်ငွေ့၊ ရနံ့၊ ချစ်သူဖြန့်ပေးလာသော လက်ဖဝါးထဲကို ကျွန်တော့်ဘဝတစ်ခုလုံး ထည့်လိုက်သလို ကျွန်တော့်လက်ကို ထည့် လိုက်၏။

နူးညံ့သော အထိအတွေ့မှာ ယစ်မူးမေ့မျောသွားချင်၏။ လွှတ် နေသော အလွမ်းတွေကို မလွှတ်တမ်း ဖမ်းဆုပ်မိလေပြီ။

တကယ်မှ ဟုတ်ရဲ့လား။

ဒီကောင့်အာရုံတွေ ဖမ်းစားခံလိုက်ရပြီ။

စိမ်းလဲ့ကြည်သော ကန်ရေပြင်ပေါ်မှာ ချစ်သူဘဝရဲ့ အတည် ပြုလွှာကို လက်မှတ်ရေးထိုးလိုက်ချင်သည်။

ဆာလောင်မွတ်သိပ်မှုတွေ ဖိစီးနေတဲ့ ကန္တာရ ခရီးသည်ကြီး ရဲ့ ရမ္မက်အာသီသ လိုတရသလို ချက်ချင်းပြည့်ဝသွားစေနိုင်သော စွမ်းအင်၊ အချိန်တန်ခိုးရှင်ပါပဲ။

'ဒါ... တကယ်ပါနော်'

တုန်အက်မောလှပစွာ မေးလိုက်မိသော ကျွန်တော့်လေသံ။

မိုးနဲ့မြေ ဆံနေသော်လည်း ရင်တွင်းကာရန် ညီနေတာ၊ ဒီမြေကမ္ဘာသက်သေတည်ပါလိမ့်မယ်။

မထင်မှတ်ထားတဲ့ အခါသမယမှာ ပန်းပွင့်တွေ မိုးလို ရွာချ ခဲ့တာ။ (မယုံရဲရဲ ယုံရဲရဲနှင့်)... ရင်ပွင့်မတတ် ဝမ်းသာခဲ့ရပါသည်။

* ♠ *



## အခန်း(၁၈)

BURMESE CLASSIC

ကျွန်တော် ကိုယ်၌က မယုံမရဲနှင့် ယုံစွဲခဲ့ရသည့်အကြောင်း သူတို့ကို ကောင်းကောင်းရှင်းပြလည်း သူတို့နားမလည်။ လက်မခံ ငြင်းဆန်ကြသည်မှာ မထူးဆန်းလှပါ။

ထူးဆန်းသည်က သူတို့၏ ထင်ကြေးများပင်။

'ကြက်ကန်းဆန်အိုးတိုးတာ အချစ်မှာမဖြစ်နိုင်ဘူး'

ဝဏ္ဏထွန်းရဲ့ စကား၊ ဗလကြီးက...

'ဒီကောင် မွဲချင်လို့ပြာပုံတိုးလာတာပဲ ဖြစ်လိမ့်မယ်'

မင်းကြည်မိုးက...

'သူ့ဘာသာ ဘယ်လိုတိုးတိုး မင်းတို့နှစ်ကောင်သာ ခွေးတိုး ပေါက်ကတိုးပြီး ပြေးပေါက်မများမိစေနဲ့၊ ဘာလဲကွာ အခါပေးဦးပုညရဲ့ ယောပါသားတွေ ကျနေတာပဲ၊ သူများဖြစ်လာတာကို တံတွေး တမြုပ်မြုပ် တတွီတွီတွေးပြီး အောက်တန်းကျကျ ပင့်ထိုးနေကြတယ်'

'မင်းကြည် မင်းပါးစပ်ပိတ်ထား'

'ဘာလို့ပိတ်ရမှာလဲ၊ ဟုတ်တာပြောနေတာပဲ'

'မပိတ်ပိတ်အောင် ငါလုပ်ပြရမလား'

'ဘယ်ရမလဲ၊ မင်းတို့တေတွားမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ခင်မိုင်းက သူတို့ဖြစ်ပျက်နေတာကို စောင့်ကြည့်အကဲခတ် လေ့လာနေ၏။ ခင်မိုင်းရဲ့ မထုံတတ်တေး ဖြစ်လာပြန်သော အမူအရာကို မင်းကြည် အားမလိုအားမရဟန်ဖြင့် တစ်စုံတစ်ရာ ပြောဖို့ပြင်စဉ် ဗထကြီးက ကြိုတင်ပိတ်ဝင်ပြီး ပြောလိုက်သည်မှာ…

'ခင်မိုင်း… မင်းက အထာမကိုင်တတ်ဘူး၊ အထာဆိုတာ သူ့နေရာနဲ့သူရှိတယ်၊ အထာကိုင်နိုင်ရင် မင်းရဲ့စံတော်ဝင်ပြတ်ထွက် ပြီးတော့ကို ရောက်လာလိမ့်မယ်၊ ငါတို့သင်ပေးတဲ့အတိုင်း မင်းနေ လိုက်တာနဲ့ အခု အကြီးအကျယ် အကျိုးရှိသွားပြီ မဟုတ်လား၊ နောက် ဆို ငါတို့စကားပဲ နားထောင်၊ မင်းကြည်စကားဆိုရင် မြင်းမထော လည်တယ်လို့ပဲ သဘောထားလိုက်'

'ဟရေး… ဝန်၊ နင် နာ့ကို ပြောရက်ဒယ်ပေါ့လေ၊ နင့်ကို လည်း နာပြောမယ်၊ နင်တို့တိတ်မိုက်တဲ့ကောင်တွေ၊ နင်တို့ဝင့်လည် မယ်၊ နင်တို့ပြောဒယ်နော်၊ မတွားနဲ့ဒွဲ ခင်းမိုင်နော်၊ တွားဒယ်… တူ့ဘာသာတူ ဖစ်တွားတယ်၊ နင်တို့နဲ့ ဘာဆိုင်တလဲ၊ နင်တို့နဲ့ဆို တာတင်းဂျိုင်းကွန်းဘဲ ရှိဒယ်'

'မင်းတို့ဘာမှမပြောကြနဲ့တော့၊ ငါ့ဘာသာငါ လုပ်ချင်တာ ဆက်လုပ်မယ်၊ ဖြစ်လာတဲ့အကျိုးဆက်မှန်သမျှ ငါ စံသင့်လည်း စံ မယ်၊ ခံသင့်လည်းခံမယ်'

'တိတ်ဟုတ်ဒါပေါ့ ခင်မိုင်း၊ ဒီစကားနော် တပ်ခါတည်း မှန်းဒယ်'

'မှန်တယ် ဟုတ်လား ကုလားမ'

'ဝုဒ်ဒါပေါ့၊ ဝုဒ်ဒါပေါ့'

* ♠ *

# အခန်း(၁၉)

စံတော်ဝင်နှင့် ရင်ခုန်ကြည်နူးဖြစ်ရာ ရေလယ်ကျွန်းနားခို ဆောင်မှာ ထပ်မံတွေ့ဆုံချိန် ချိန်းဆိုထားသဖြင့် ကျွန်တော် စောင့်နေ ခဲ့သည်။ ရောက်သင့်သည့်အချိန်မှာ ရောက်ချလာသူက ခိုင်မင်း။

ကျွန်တော် အံ့သြနားမလည်စွာ စိုက်ကြည့်နေမိစဉ် အနား ရောက်လာသော ခိုင်မင်းက ရန်လိုသော အကြည့်ဖြင့်…

'မင်းနဲ့ စံတော်ဝင်ဖြစ်သွားပြီဆိုတာ ဟုတ်လား'

ဘီလူး စည်တိုတီးသံ ပေါ်လာ၏။ ကျွန်တော် စကားမပြော နိုင်၍ နှုတ်ပိတ်နေလိုက်၏။ ခိုင်မင်းက ဒေါက်သံဖြင့်…

'ဟေ့ကောင်… မင်းကို ငါမေးနေတယ်'

'မင်း လူလား၊ တိရစ္ဆာန်လား၊ လူဆိုရင် လူလိုပြော'

'လူလိုပြောတာ မင်းပြန်ဖြေလို့လား'

'မင်းနဲ့ငါ ဘာမှပြောစရာမရှိဘူး၊ မင်း ဒီကိုဘာအကြောင်း ရောက်လာတာလဲ'

'ငါမေးတာပဲ မင်းဖြေ၊ မင်း စံတော်ဝင်ကို ဘယ်တော့မှ ရဘူး၊ စံတော်ဝင် ငါ့ကိုကြွေပြီးမှ မင်းကြားဖြတ်သုတ်လို့ တွေ့ဆုံရမယ့်အခန်းကို ရောက်တော့မယ်၊ အဲဒါတွေအားလုံး မင်း ကြောင့် မင်းကြောင့်'

'မင်း မှားနေပြီ၊ စံတော်ဝင်နဲ့တွေ့တာ မင်းကအရင်လား၊ ငါက အရင်လား'

www.burmeseclassic.com



'ဟာကွာ၊ မင်း အခုချက်ချင်းနောက်ဆုတ်ပေး။ မဆုတ်ပေးရင်
မင်းကို ငါ အရှေ့ဆုတ်ပြီး ဘဝပြောင်းပစ်လိုက်မယ်'

'မင်း သိပ်မိုက်နေပါလား နိုင်မင်း'

'မိုက်တော့ဘာဖြစ်လဲကွာ'

ရန်လိုစွာ အနားတိုးလာသော နိုင်မင်းကို…

'မင်း အေးအေးဆေးဆေးပြောရင် ကောင်းမယ်'

'မပြောနိုင်ဘူးကွာ၊ မင်းကို ငါသတ်ချင်နေပြီ'

ကျွန်တော် ဝရန်တာဘက်ကို နေရာရွှေ့လျှောက်လိုက်၏
အနားကပ်နေလျှင် သူ့ဒေါသက ကိုယ့်အပေါ်ကျလာနိုင်သလို ကိုယ့်
ဒေါသက သူ့ကိုလက်တုံ့ပြန်မိသွားလိမ့်မည်။

နိုင်မင်းက ကျွန်တော် နေရာရွှေ့တာကို ကြောက်လို့ရွှေ့တယ်
ဟုထင်သွားပုံရ၏။

'ကြာတယ်ကွာ၊ မင်းနောက်ဆုတ်ပေးမလား၊ မဆုတ်ပေးဘူး
လားပြော၊ တစ်ခွန်းတည်း ပြတ်ပြတ်သားသားပြော'

ကျွန်တော် ခေါင်းခါပြလိုက်၏။ နိုင်မင်း ဒေါသတွေ အထွတ်
အထိပ်တက်သွားပြီး မာန်ဖီသံပေး၍ ကျွန်တော့်ထံ ဝလုံးထိုးပြေးဝင်
လာ၏။ လက်ထဲမှာ ခလုတ်နှိပ်ဓားနှင့် အတင်းခုန်ဝင်ထိုးခြင်းဖြစ်၏။

ကျွန်တော် သတိရှိနေ၍ ရှေ့ဘက်ကို အမြန်ခုန်ရှောင်ပေး
လိုက်၏။ နိုင်မင်း လေကိုသာ ထိုးမိပြီး သစ်သားလက်ရန်းကို ဖြောင်း
ခနဲ ပစ်တိုက်မိကာ အရှိန်လွန်ပြီး ရေထဲကို ဗွမ်းခနဲ ပစ်ကျသွား၏

ဤအဖြစ်မျိုး အတွေ့အကြုံမရှိ၍ ကျွန်တော်လည်း ကြောင်
အမ်းနေမိ၏။ ပြီးမှ သတိဝင်လာပြီး ရေထဲကို ငုံ့ကြည့်လိုက်၏။

ရေထဲမှာ ယက်ကန်ယက်ကန် ပေါ်လိုက် ပြန်နစ်သွားလိုက်
နှင့် ရေမကူးတတ်၍ ရေနစ်သော နိုင်မင်း။ ကျွန်တော်ကိုယ်၌လည်း
ရေမကူးတတ်။ သစ်သားလျှောက် လမ်းအတိုင်း ပြေးသွားပြီး ကန်
မှာ တွေ့သမျှလူတွေကို အော်ဟစ်အကူအညီတောင်းရ၏။ လူ...





...ယောက် ပြေးလာကြသော်လည်း ရေကူးတတ်သူမပါ။ ကန်ရေက
...သေမို့ အနည်းငယ် ရေကူးတတ်သူတွေက ဆင်းမဆယ်ရဲ။ ရေနစ်
...ကို ခန္ဓာကိုယ်မဖော့တတ်ဘဲ ဆင်းကယ်သူကို အတင်းဖက်ဆုပ်ထား
...င် ဆင်းကယ်သူလည်း ရေမကူးနိုင်ဘဲ ရေနစ်သေဆုံးသွားနိုင်
...ကြောင်း ပြောလျှင် လန့်နေကြ၏။ နီးရာဝါးလုံးတွေရှာပြီး နိုင်မင်းကို
...ကူအညီပေးဖို့ ပြေးလာသော်လည်း များစွာနောက်ကျသွားလေပြီ။
...နိုင်မင်း စုံးစုံးမြုပ်သွားလေပြီ။

ကျွန်တော် လန့်ပြီး ကြက်သေသေနေမိ၏။ လူတွေရောက်
...လာသည်။ ကယ်ဆယ်သည့်လူတွေ၊ ရေကူးတတ်သည့်လူတွေ ဆင်း
...ဆယ်ကြ၏။ အရေးပေါ်ကားတွေ အရံသင့်ရောက်နေလေပြီ။ နိုင်မင်း
...ကို ပြန်ဆယ်လာနိုင်၏။

ရေဝင်ဖောင်းကားနေသော နိုင်မင်းကို ရှေးဦးသူနာပြုစုနည်း
...နှင့် ပြုစုသော်လည်း နလုံးပြန်မခုန်လာတော့။

စံတော်ဝင် ရောက်ချလာ၏။ ကျွန်တော့်ရင်ဘတ်ကို အတင်း
...ဆုပ်ပြီး ဘယ်လိုဖြစ်ရတာလဲဆိုတာကို သွေးရူးသွေးတမ်းဖြင့်မေး
...၏။ ကျွန်တော် အထစ်ထစ်အငေါ့ငေါ့ဖြင့် ရှင်းပြသော်လည်း စံတော်
...ဝင် ယုံကြည်ပုံမရ။ အနီးအနားမှ လူတွေကို အတင်းလိုက်မေးကြည့်
... အရေးပေါ်ကားပေါ်တင်ပြီး နိုင်မင်းကို ပုဂ္ဂလိကဆေးရုံဆီ
...ဆောင်သွားကြ၏။ စံတော်ဝင် လိုက်ပါသွား၏။

ကျွန်တော့်အနားကို သတင်းပို့ချက်အရ ရဲတွေရောက်လာ၏။
...မြင်သက်သေမရှိသော မှုခင်း။

ကျွန်တော် အမှန်ထွက်ဆိုငြင်း၍မရ။ စခန်းရောက်မှကြည့်ရှင်း
...ထာ လူသေမှုအတွက် မသင်္ကာဖွယ်ရာ လူအဖြစ် ကျွန်တော့်ကို
...ထိန်းသိမ်းခံ... ဖိပ်ခတ်၏။ ရဲစခန်းခေါ်သွားကြ၏။

တရားရင်ဆိုင်ရမှာ ကြိမ်းသေနေလေပြီ။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၀)

ခိုင်မင်းတို့ဘက်မှ လူသတ်မှုဖြင့် ပုဒ်မတပ်ပြီး တရားစွဲ
၏။ အချုပ်ခန်းထဲမှာ ရမန်သုံးပတ်နေလိုက်ရသည်။ ရှေ့နေ
တရားရင်ဆိုင်ရတော့သည်။ ခိုင်မင်းသေဆုံးမှုမှာ အားလုံးက ကျွန်တေ
ရေထဲတွန်းချသတ်သည်ဟုသာ ထင်နေကြ၏။ ခိုင်မင်းတို့မိသားစု
ခင်မင်ရင်းနှီးစွဲရှိသော စံတော်ဝင်ကိုယ်တိုင်ကပါ ကျွန်တော့်ကို
လာ၏။

'နင် အဲဒီလောက်အထိ မလုပ်သင့်ဘူး၊ ခိုင်မင်းက န
ခဏတွေ့ပြီး ဆွေးနွေးချင်တာလို့ ခဏခဏပြောနေတာနဲ့ တို့
ယောက်ချိန်းထားတဲ့နေရာဆီကို သူ့ကိုလွှတ်လိုက်မိတယ်၊ ဒီလိုဖြစ်
မှန်းသိရင် မလွှတ်ပါဘူးဟာ'

'ကိုယ် ဘယ်နှစ်ခါရှင်းပြရမှာလဲ စံတော်ဝင်ရယ်'

'ခိုင်းမင်းက စိတ်ရူးပေါက်ပြီး သူ့ဘာသာသူ ခုန်ချမှာလာ

'သူ ကိုယ့်ကို ရန်ပြုရင်း အရှိန်လွန်ကျသွားတာ'

'နင် တွန်းချတာပါ၊ အရှိန်လွန်ရအောင် ကလေးမှမဟုတ်တ
နင် ခိုင်မင်းကို မကျေနပ်ဘူးဆိုတာ အစကတည်းက ငါသိပါတယ်
နင်အနိုင်ရနေတာတောင် နင် အဲဒီလောက်အထိ ယုတ်မာပစ်တ
နင့်ကို ငါ ဘယ်လိုမှ ခွင့်လွှတ်လို့မရဘူး'





သံတိုင်တွေ ခြားနားနေသည့်ဘဝ။ ချစ်သူက အတင်းအကျပ် စွပ်စွဲနေတာကို ခေါင်းငုံ့၍သာ ခံလိုက်၏။

အမုန်းစကားနှင့် စွပ်စွဲချက်တွေပြောဖို့ ကျွန်တော်ရှိရာ အချုပ်ခန်းကို တစ်ကြိမ်တည်းသာရောက်သော ချစ်သူကို ကျွန်တော် ဘယ်လို အပြစ်ယူရပါမလဲ။

ကျွန်တော့်ဘက်မှ အုပ်ထိန်းသူတွေနှင့်အတူ သူငယ်ချင်းတွေ ရောက်လာ၏။ မာလာလည်း ပါလာ၏။

'တစ်နေ့ ဒီလိုဖြစ်လာမယ်ဆိုတာ ငါကြိုသိလို့ အတန်တန် ပြောခဲ့သားပဲ ဇင်မိုင်းရယ်၊ အခုတော့ နင့်ကို ဒီလိုနေရာမှာတွေ့လိုက်ရတာ ငါ စိတ်မကောင်းဘူးဟာ၊ အဲဒီမိန်းမဟာ နင့်ကိုဘာတွေလာ လုပ်ပေးနိုင်သလဲ၊ ပြောစမ်းပါဦး ဇင်မိုင်းရယ်၊ ပြောစမ်းပါဦး'

'ငါ့ထိုက်နဲ့ ငါ့ကံပဲ ရှိပါစေတော့ မာလာရယ်'

ဝဏ္ဏထွန်းက ဒေါထန်သောလေသံဖြင့်…

'ရှိလို့မရဘူးကွ၊ လူသတ်မှုဆိုတာ ထောင်ဒဏ်ဆယ်နှစ်တော့ အသာလေးကျသွားနိုင်တယ်၊ အဲဒီမိန်းမရဲ့ အရှုပ်ထုပ်ကို မင်း တရားခံအလုပ်ခံလိုက်ရတာ ငါ ရင်နာတယ် ဇင်မိုင်းရယ်'

ဗလကြီးက သံတိုင်းကြားမှာ သူ့လက်ကို ဖမ်းဆုပ်ပြီး…

'ဖြစ်လာမှတော့ ဖြေရှင်းရတော့မှာပေါ့ကွာ၊ နောက်နောင် စံတော်ဝင်ဆို ဝေးရာရှောင်ပေတော့၊ ပထမနဲ့ နောက်ဆုံး သင်ခန်းစာ ဖြစ်ပါစေ၊ ဒုတိယ တတိယသင်ခန်းစာတွေ ဖြစ်မလာစေနဲ့တော့၊ ငါပြောသားပဲ၊ ဒီကုလားမ ပြောတာတွေ လိုက်မလုပ်ပါနဲ့လို့၊ ပြောလို့မှ မဆုံးသေးဘူး အခုဖြစ်ပြီ'

မင်းကြည်မိုးက မျက်နှာငယ်လေးဖြင့်…

'ကောင်းမလားလို့ ငါလည်း တိုက်တွန်းတာပါကွာ၊ မမျှော်လင့်ထားတဲ့ ပြဿနာက ဒဲ့ဒိုးဝင်လာတော့ ဘယ်တတ်နိုင်ပါ့မလဲ၊ အားမငယ်ပါနဲ့ တရားကို နတ်ကောင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



တရားရုံးတော်ပေါ်မှာ ရှေ့နေတွေ အပြန်အလှန် လျှောက်လဲ တင်ပြကြ၏။ အမှုရင်ဆိုင် ကာလ သုံးလကျော်မှာ လမ်းမနှင့်အတန် ငယ်လှမ်းသော ရေလယ်နှားခိုဆောင်မှာ ဖြစ်ပျက်ခဲ့သည့်အတွက် မျက်မြင်သက်သေမရှိ။ အမှုလိုက် အရာရှိတွေက စုံစမ်းစစ်ဆေးဖော်ထုတ် တွေ့ရှိချက်အရ လူသတ်မှုမဖြစ်နိုင်။ သူ့ဘာသာသူ အရှိန်လွန်ပြီး ဖြစ်ရသည့် လူသေမှုအဖြစ် သတ်မှတ်တင်ပြချက်ကို ရုံးတော်က အတည်ပြုပြီး ကျွန်တော့်ကို သက်ညှာစွာ ထောင်ဒဏ် (၁)နှစ်ချမှတ် လိုက်၏။

ကျွန်တော် ထောင်ကျခဲ့ရပြီ။ လူညွှန့်ကျိုးခဲ့ရပြီ။ ချစ်သူက လည်း မုန်းခဲ့ပြီ။ ဘဝအညွှန့်လည်း တုံးသလိုဖြစ်ခဲ့ရပြီ။

လေးဖက်လေးတန် နံရံတွေက ကျွန်တော့်ဘဝကိုသာမက ကျွန်တော့်စိတ်ကိုပါ အကျဉ်းချခဲ့၍ ထွက်ပေါက်ပိတ်မှုန်းကျပ်မှုတွေ ဖြင့် ကျွန်တော့်မှာ ရှူးမတတ်ခံစားခဲ့ရ၏။ နေကျင့်ရလာသောအခါမှ တရားမှတ်ပြီး လွတ်ရက်ကို စောင့်တတ်လာ၏။

ထောင်စည်းကမ်း သေသပ်မှုနှင့် အချုပ်ခံရက်တွေ လျှော့ပေါ့ ပယ်ဖျက်ပေးသဖြင့် (၈)လနှင့် ထောင်မှ လွတ်လာ၏။

ဘယ်သူ့ကိုမှ ထောင်ဝင်စာ အတွေ့မခံခဲ့။

ကျွန်တော် ထွက်လာတာကိုလည်း ဘယ်သူမှမသိကြ။

အိမ်ကို ပြန်ရမည်ဖြစ်သော်လည်း မပြန်ချင်။ လေလွင့်ရာ လိုက်ပါသော ရော်ရွက်ဝါလို စိတ်နှင်ရာလွင့်နေမိ၏။

လမ်းမှာ ဗလကြီးနှင့် မမျှော်လင့်ဘဲ သွားဆုံသည်။

ညစ်စုတ်စုတ်ဖြစ်နေသော ကျွန်တော့်ကို အသေအချာကြည့် ပြီးမှ ဗလကြီး အတင်းလိုက်ခေါ်၏။

'ခင်မိုင်း… မင်း ခင်မိုင်းပါကွာ၊ မင်း လွတ်လာပြီကိုး၊ ဝမ်းသာလိုက်တာ သူငယ်ချင်းရာ'

'အေးကွာ လွတ်လာပါပြီ'





'မင်း တော်တော်ဆိုးတဲ့အကောင်ကွာ၊ မင်း အိမ်သားတွေကို လည်း ထောင်ဝင်စာအတွေ့မခံဘူး၊ ငါတို့တတွေ လာတွေ့တော့ လည်း အတွေ့မခံဘူး'

'တွေ့နေရင်လည်း အပြင်ကအကြောင်းတွေ မျိုးစုံကြားနေရဦး မှာပဲ မဟုတ်လား၊ စိတ်ဆင်းရဲစရာပါရင် ပိုစိတ်ဆင်းရဲနေရလိမ့်မယ်၊ ဝမ်းသာစရာဆိုရင်လည်း ထောင်ကျနေတဲ့လူအတွက် ဘာမှပိုထူးမလာ နိုင်ပါဘူး၊ ဒါကြောင့်ပါ'

'မင်းပြောတာ ဟုတ်တော့ဟုတ်ပါတယ်။ လာကွာ မင်း အိမ်ပြန်မှာမဟုတ်လား'

'ငါ့အိမ်က ငါ့ကို ထောင်ထွက်တစ်ယောက်ဖြစ်လာအောင် မွေးမြူခဲ့တာ မဟုတ်ဘူး၊ ငါ့ဘဝတုံးခဲ့ပြီ၊ ငါ အိမ်မပြန်ဖြစ်တာ လေးငါးရက်လောက်ရှိနေပြီ'

'ဘာဆိုင်လဲကွာ၊ မဖြစ်ချင်ဘဲနဲ့ ဖြစ်ခဲ့ရတာကို၊ မင်း အိမ် မပြန်လို့ဖြစ်မလား၊ ကျောင်းပြန်တက်ရမယ်'

'ငါလို ထောင်ထွက်တစ်ယောက်ကို ဘယ်သူက အဖက်လုပ် မှာလဲ'

'မင်းကိုယ်မင်း အဲဒီလောက်ဆွဲချနေရင် အဝီစိရောက်ဖို့ပဲ ရှိတော့မယ်၊ စိတ်ဓာတ်ကို ပြန်တင်းမှပေါ့ကွ၊ မင်းကိုယ်မင်း အဲ သလောက်ထင်နေတာ ဘယ်သူကမှ တွေးတောင်တွေးမိမှာ မဟုတ်ဘူး၊ လာကွာ လောလောဆယ် စားသောက်ရင်း ပြောကြရ အောင်'

ကမ်းနားလမ်းမကြီးအနီးမှ စားသောက်ဆိုင်တစ်ခုထဲ ဝင်ခြစ် ၏။

'ငါ့မှာ ငွေမရှိဘူး'

'ခင်မိုင်းရာ ဖြစ်မှဖြစ်ရလေတယ်၊ ငါ့မှာပါတယ်၊ မင်းသုံးဖို့ ညှင်းပေးမယ်၊ ဘာမှမပူနဲ့'

www.burmeseclassic.com

www.burmeseclassic.com



ဘီယာ၊ ကြက်ခြောက်ကြော်၊ ဝက်သားလုံးကြော်တွေ မှာကြားပေး၏။ ကျွန်တော်ကြိုက်သော ခေါက်ဆွဲကြော်ကိုလည်း မှာပေး၍ အဝတီးမိ၏။

'မင်း ထောင်ကျနေတဲ့အချိန်မှာ အပြောင်းအလဲဆိုလို့ ကြီးကြီးမားမားတစ်ခုပဲရှိခဲ့တယ်'

'ငါ့အိမ်အကြောင်းလား'

'မဟုတ်ဘူး၊ စံတော်ဝင်နဲ့ မာလာအကြောင်း'

မကြားချင်ဆုံးသော ကြားနာချင်ဆုံးစကား။ ဘီယာထဲကို အပြင်းရောစပ်ပြီး မော့သောက်ပစ်လိုက်၏။

'စံတော်ဝင် မင်းကို ဘာမှ ရေရေရာရာ တိတိကျကျမပြောဘဲ လမ်းဖြတ်သွားပြီးတဲ့နောက်မှာ မာလာနဲ့ ကျောင်းမှာ ပြဿနာခဏခဏဖြစ်ခဲ့ကြတယ်၊ မာလာက မင်းအတွက် မခံချင်စိတ်နဲ့ပေါ့ကွာ၊ စံတော်ဝင်က နိုင်မင်းအတွက် မခံချင်တဲ့စိတ် ပြီးတော့ မင်းအပေါ် မာလာ ဒီလောက်အထိဖြစ်နေရတာကို နားမလည်နိုင်တဲ့ သဝန်တိုစိတ်တွေနဲ့ မကြာခဏ ဖြစ်လာတဲ့ ပြဿနာဟာ နောက်ဆုံးမှာ အကြီးအကျယ် ပေါက်ကွဲတဲ့အဆင့်ကို ရောက်သွားရတော့တာပဲ'

ဆက်စားချင်စိတ် ပျောက်၏။ ဆက်သောက်ချင်စိတ်ပေါက်၏။ သို့ဖြစ်၍ တုံဏှိဘာဝေနေပြလိုက်၏။

'တစ်နေ့မှာ မာလာတို့ လမ်းထိပ် မီးပွိုင့်နဲ့ သိပ်မဝေးတဲ့နေရာလေးမှာ ညနေဘက် လမ်းလျှောက်ထွက်လာတဲ့ မာလာကို မြို့ထဲကိုအကြောင်းတစ်ခုနဲ့သွားတဲ့ စံတော်ဝင်ရဲ့ ကားက တိုက်တယ်'

'ဟာ… ဘာတွေဖြစ်ကုန်ကြသေးလဲ'

'ပြောမယ်၊ စံတော်ဝင်ကတော့ မတော်တဆဖြစ်ရတာပေါ့လေ၊ သူ ကားမောင်းလာရင်း သူ့မျက်လုံးထဲကို ပိုးစပ်ကောင်ဝင်သွားလို့ မမြင်မစမ်းနဲ့ စတီယာရင်ကို ဆွဲယမ်းမိသလိုဖြစ်သွားပြီး လမ်းမပေါ် ဆင်းလျှောက်နေတဲ့ မာလာ့နောက်ပိုင်းကို ဝင်တိုက်မိတာပါ၊





မာလာမှန်းလည်း သူ ကြို့မသိပါဘူးပေါ့ကွာ၊ ဝင်တိုက်တဲ့အရှိန်က သိပ်အပြင်းကြီးမဟုတ်ဘူး၊ မီးပွိုင့်နီလို့ အရှိန်လျှော့နေတဲ့ အရှိန်လောက်နဲ့ တိုက်မိသွားတာ၊ မာလာ အောက်ပိုင်းထိသွားတယ်'

'မာလာဆိုတာ စံတော်ဝင်ကို အသေမုန်းတော့တာပဲ၊ မာလာ့မိဘတွေက စံတော်ဝင်ကို တရားစွဲတယ်၊ စံတော်ဝင်တို့ဘက်ကလည်း အကောင်းဆုံးရှေ့နေငှားပြီး ပြန်ကာတာပေါ့ကွာ၊ စံတော်ဝင် လျော်ကြေးငွေ တော်တော်ပေးလိုက်ရတယ်၊ အဲဒီငွေနဲ့မာလာ ဆေးပြန်ကုခဲ့လို့ ခြေထောက်နှစ်ချောင်းလုံး ပစ်မသွားရတာပေါ့၊ ဒါပေမဲ့ ခြေထောက်တစ်ချောင်းထိသွားတာကြောင့် ချိုင်းထောက်နဲ့ လမ်းလျှောက်ရမှာ ရှက်တတ်တဲ့မာလာ့အဖို့ ပိုးချဲစီးတော့ ခြေထောက်နှစ်ချောင်းစလုံး ထိခိုက်ခံသွားရသလို ဖြစ်သွားရတာပေါ့'

'စံတော်ဝင် တမင်ဝင်တိုက်တာပဲ ဖြစ်ရမယ်'

'ငါတို့အားလုံးလည်း အဲဒီလိုပဲ ထင်တယ်၊ ဒီလောက်တောင် တိုတ်ဆိုင်မှုကြီးဖြစ်မလာနိုင်ဘူး၊ စံတော်ဝင် တမင် ကြိုတင်တိုင်ပင်ပြီး တိုက်ရတာဖြစ်ရမယ်၊ ခက်တာက တစ်ဖက်ကတွေးရင် အသေတိုက်တာလည်း မဟုတ်ပါဘူး၊ ဒုက္ခိတဖြစ်သွားအောင် တိုက်တာဆိုရင်လည်း တမင်ချိန်ဆယူလို့ရနိုင်မလား၊ စံတော်ဝင် အဲဒီလောက်အထိ လုပ်ရဲတာ မင်းတို့ငါတို့ အသိဆုံးပါ၊ သူ့ကိုကိုက်တဲ့ခြင်ကိုတောင် သနားလို့မရိုက်ရက်တဲ့အကျင့်ရှိခဲ့ဖူးတယ်၊ နောက်ပြီး ရာဇဝတ်အမှုအခင်းဖြစ်မှာ သိပ်ကြောက်တယ်၊ မှုခင်းနဲ့သက်ဆိုင်တာဆို ဖတ်ကိုမတော်ဘူး၊ အဲဒီလောက်အထိ သွေးနုညံ့းတဲ့မိန်းမတစ်ယောက်က ဒီလောက်အထိ လုပ်နိုင်ပါ့မလားဆိုတဲ့ စဉ်းစားလို့ကို မရနိုင်အောင်ဖြစ်နေရပြန်ရော'

ကျွန်တော် တွေဝေသွား၏။ မတော်တဆအမှု၊ ကျွန်တော်ထိုယ်တိုင်ခံစားခဲ့ရပြီး အားလုံးက မဖြစ်နိုင်။ ဟော… ဖြစ်နိုင်၍ဖြစ်သင့်တာက ဖြစ်သွားခဲ့လေပြီ။ ကျွန်တော့်လိုပင် စံတော်ဝင် အထင်

www.burmeseclassic.com



လွဲမှားခဲ့ရတာလည်း ဖြစ်နိုင်ပါသည်။

'စံတော်ဝင်ရဲ့ မိဘတွေက နိုင်ငံခြားမှာ ဒီက အသိုးအသွား တွေက အသေအလဲတောင်းပန်လို့ မာလာ့မိဘတွေက အမှုကို ကျေ အေးပေးခဲ့တယ်၊ မာလာကတော့ သိတဲ့အတိုင်းပေါ့ကွာ'

'အခု စံတော်ဝင် ဘာလုပ်နေလဲ၊ ဘယ်လိုနေလဲ၊ ဘာတွေ ဆက်ဖြစ်နေသေးလဲ၊ နောက်လူနဲ့ အသစ်ထပ်တွဲနေပြီ မဟုတ်လား'

'အရင်လို ကျောင်းပြန်တက်နေတယ်၊ အရင်လို ရှုပ်ရှုပ်ပွေ ပွေမနေတော့ဘူး၊ ငြိမ်သွားပြီ၊ သူ့ဘာသာသူ မိန်းကလေးအဖော်တွေ နဲ့ပဲနေတယ်၊ တစ်ခါတလေ တွေတွေဝေဝေကြီး နေတတ်တယ်လို့ မင်းကြည်မိုးက သူတို့ကျောင်းကို ခဏရောက်လို့ တွေ့ခဲ့ရသမျှ ပြန် ပြောပြတာပဲ သိခဲ့ရတယ်'

'ငါတို့ မာလာ့ကို ကျောင်းပြန်တက်ဖြစ်အောင် သူ့အိမ်သား တွေနဲ့ ပိုင်းပြီး အားပေးရသေးတယ်၊ မာလာက စိတ်ဓာတ်မာတယ်၊ ဘီးတပ်ကုလားထိုင်နဲ့ ကျောင်းပြန်တက်တယ်၊ သူ့သူငယ်ချင်းတွေ က ဝိုင်းကူတွန်းပေးကြတာပေါ့ကွာ'

'နောက်ဆက်တွဲ အခြေအနေ ဘာထူးခြားသေးလဲ'

'မာလာနဲ့ ထိပ်တိုက်မဆုံရအောင် စံတော်ဝင် ရှောင်နေတာ ပေါ့၊ အဲဒီနောက်ပိုင်း အခြေအနေတွေ ပြန်ငြိမ်နေတယ်'

'ငါရောက်လာလို့ လှုပ်ခတ်သွားမှာစိုးတယ်'

'မင်းကလည်း မင်းကိုယ်မင်း တစ်လောကလုံးက အပြစ်တွေ လာပုံလို့ရတဲ့ အမှိုက်ပုံလို့များ ထင်နေသလား၊ မင်းကို ငါတို့ပြန် တက်ကြွလာအောင် လုပ်ပေးမယ်၊ မင်းကျောင်းပြန်တက်၊ အိမ်ပြန် နေ'

ကျွန်တော် ငေးငိုင်နေမိ၏။ ဗလက…

'မင်း စံတော်ဝင်ကို မေ့လို့ရပြီလား'

ကျွန်တော် အကြောက်ဆုံး မေးခွန်းတည်း။



'ငါ မဖြေချင်ဘူး ဗလ'

'သေလိုက်တော့ကွာ'

ကျွန်တော့်ရဲ့ မပြတ်သားမှုအပေါ် တစ်လောကလုံးက အုံကြွ တော်လှန်နေသလို ထင်မှတ်မိ၏။

ကျွန်တော့်နှလုံးသားကို ကျွန်တော် မပိုင်။ စံတော်ဝင်က ပိုင်ဆိုင်သွားခဲ့ပြီဆိုတာ သူတို့နားလည်နိုင်မယ်ဆိုရင်ဖြင့် ကျွန်တော့်မှာ အပြစ်ဖြစ်နိုင်ပါသလား။ တစ်ခါကွဲရတဲ့အသည်း မှာဘဲရှိပါ့မလား။ မဟုတ်တော့…။

အခါခါကွဲရသည့်အသည်း နာပဲမနာနိုင်တော့လောက်အောင် ထုံ၍ နာသွားခဲ့ရလေပြီ။

(ဪ… စံတော်ဝင်ရယ်…)

* ♠ *

www.burmeseclassic.com

## အခန်း(၂၁)

ကျွန်တော် အိမ်မှာ ပြန်နေဖြစ်၏။ ကျောင်းပြန်တက်ဖြစ်၏။ မာလာနှင့်တွေ့ဆုံဖြစ်ခဲ့သည့်အခါ မာလာရဲ့ မျက်ရည်နှင့်အမုန်းကို ရင်နှလုံးညှိုးချုံးစွာဖြင့် တွေ့မြင်ကြားသိလိုက်ရ၏။

'စံတော်ဝင်ကို နင် မချစ်ပါနဲ့ ဇင်မိုင်းရယ်၊ အဲဒီမိန်းမ အသည်းကွဲနေတာ ငါကြည့်ချင်လွန်းလို့ပါ၊ ငါ့ကို သနားညှာတာရင် စံတော်ဝင်ကို ရဲရဲကြီးမေ့ပစ်လိုက်စမ်းပါ၊ သူ နင့်ကို အနိုင်ယူတာတွေ များနေပြီ၊ သူ့ရဲ့အဆိပ်တက်တဲ့ဒဏ်တွေပဲ နင်ခံစားနေရတယ်၊ အရာရာတိုင်းမှာ တုံ့ပြန်မှုရှိတဲ့သဘောနဲ့ နင့်ရဲ့အဆိပ်တက်ဒဏ်တွေကို သူပြန်ခံနေရတာ မြင်ရင် ငါ ကျေနပ်ပြီ၊ နင် ငါ့ကို သူငယ်ချင်းကောင်းပီပီသသ ရပ်တည်ခဲ့တယ်ဆိုတာ အဲဒီတစ်ချက်တည်းအပေါ် မူတည်ပြီး ငါ ဆုံးဖြတ်တော့မယ် ဇင်မိုင်း၊ ငါပြောသလို နင်လုပ်မှာလား'

ချုပ်ချယ်လိုက်သော မေးခွန်းကြောင့် ကျွန်တော့်အတွေးတွေ ယောက်ယက်ခက်ကုန်၏။ အကြည့်စူးစူးနှင့် မေးလာသော စကား။ ကျွန်တော် ဘယ်လိုပြန်ပြီးဖြေကြားရမလဲ။ အဖြေစကားမရှိ။ သို့ပြား

'ငါ ကြိုးစားပါ့မယ် မာလာရယ်'

မျက်ရည်တွေ ပြုံဆင်းလာသော မာလာရဲ့ ပါးပြင်ကို မသက်ဆိုင်သူတစ်ယောက်အနေနဲ့ သုတ်ပေးချင်သော်လည်း သုတ်ပေးခွင့်





မရှိ။ မာလာက ကျွန်တော့်အဖြေအပေါ် ကျေနပ်မှုမရစွာ အံကြိတ်ပြီး ပြန်ကြည့်နေ၏။

'မာလာ ညောင်းနေရင် ဟိုနားဒီနား ငါတွန်းပေးမယ်လေ'

'နင်ဟာလူမိုက်ပဲ၊ အခုထက်ထိ စံတော်ဝင်ကို နင်ချစ်နေသေးတယ်၊ နင့်ကိုငါမုန်းပစ်လိုက်ချင်တယ် ဇင်မိုင်းရယ်'

'ငါက အားလုံးကို အရှုံးပေးပြီးသားပါ'

'နင် ငါ့ဘဝထဲ အပြီးအပိုင်သာ ထွက်သွားပါတော့၊ မနှင်ချင်ပေမယ့် နင့်မှာ ပယောဂဝင်နေတယ်၊ ငါ ရင်နာနာနဲ့ပဲ နင့်ကို နှင်ပစ်လိုက်တော့မယ်ဟာ'

ကျွန်တော့်အတွက် နှုတ်ဆက်လှည့်ပြန်ဖို့ကလွဲလျှင် အယူခံဝင်စရာအကြောင်းမရှိတော့ပါ။ အမုန်းဆိုတာကြီးကို လက်သီးနဲ့ထိုးပြီး ဆုံးမချင်မိ၏။ ဒါကိုကပင် အမုန်းဖြစ်နေပြန်ပါရော။

ကျွန်တော့်စိတ်ကို စိတ်တော်မပိုင်ဘဲနှင့် စံတော်ဝင်ကို မုန်းနိုင်အောင်နိုင်ပါသည်ဆိုကာ အာမမခံရဲပါ။ အာမခံဘက်အလုပ်ရမည်ဆိုသည်း ဝင်မလုပ်။ ကျွန်တော် ပိုင်နိုင်သည့် စိတ်အခြေအနေထိအောင် အောင့်စားပေးနိုင်သူလည်း တစ်ယောက်မျှမရှိပါ။ မူးလို့တောင် ရူးစရာမရှိတဲ့ဘဝ။ ကျွန်တော့်ဘက်က ချုပ်တည်းမှုများဖြင့် စံတော်ဝင်ကို ရှောင်သွေနေပါမည်။ ဝေးဝေးနေပါမည်။

ထိုသို့နေခဲ့ပါလျက် ရှေးရေစက်က မကုန်နိုင်၍ စံတော်ဝင်နှင့်တည့်တည့်ကြီး ဆုံဆည်းရန် အကြောင်းက ဖန်လာပြန်ပါသည်။ သိပ်ပြီးဟ ဂလွမ်း။ ထိုနေ့က ကောင်းကင်ပေါ်မှာ မိုးတိမ်နှင့် လေပြင်းတွေ တိုက်ပွဲဆင်နေပါသည်။ မကြည်လင်သောရာသီဥတုမှာ ပတ်ဝန်းကျင်တစ်ခုလုံးမှုံမှိုင်းနေပါသည်။ ပန်းတို့လည်းမပွင့်။ လိပ်ပြာတို့သည်လည်း မလွင့်ဝဲ။ ကံတရားရဲ့ စက်ဝန်းထဲမှာ ဒိုင်းခနဲ ဆုံတွေ့လိုက်ရသည့် ခဏ။ ကျွန်တော့်စိတ်တွေ ဘရိတ်အန့်စ်ကပြီ။

ပတ်ဝန်းကျင်တစ်ခုလုံး မိုးမှောင်ကြီးကျ၍ သွားတော့သည်။

* ♠ *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၂)

ဘတ်စ်ကားဂိတ်တစ်ခုမှာ ကျွန်တော် ကားစောင့်နေ၏။ ဖြ
ပတ်ကားတစ်စီး ထိုးဆိုက်လာပြီး ကားပေါ်မှ ဆင်းလာသော စံတော်
ဝင်နှင့်မေပွင့်ကို တွေ့လိုက်ရသည်။

တစ်ဦးကိုတစ်ဦး ကြည့်ပြီး မှင်သက်နေမိချိန် ဘယ်မျှကြာ
သည်မသိ။ ကျွန်တော် စီးရမည့်ဘတ်စ်ကားကြီးမှာ မှတ်တိုင်မှ ထွက်
ခွာသွားလေပြီ'

'ဘယ်လဲ'

စံတော်ဝင် စတင်နှုတ်ဆက်၍ အံ့အားသင့်မိသည်။

'အိမ်ပြန်မလို့ပါ'

'နာရီဝက်လောက် အချိန်ရမလား'

'ရပါတယ်'

'ဒီအနီးအနားက ဆိုင်တစ်ဆိုင်မှာ ထိုင်ပြီး စကားပြော
အောင်'

'ဒီနားမှာ ယာဉ်စွန်းတန်းကော်ဖီဆိုင်ရှိတယ်'

ကော်ဖီဆိုင်ရောက်သောအခါ ကော်ဖီမှာသောက်ဖြစ်ကြ၏
မေပွင့်က ပြုံးပြရှာပါသည်။ ကျွန်တော် လည်း ကြိုးစားပြုံးရတော့၏

'ရှင် ပြန်လွတ်လာတာ ကျွန်မ ကြားတယ်၊ ရှင့်ကို ကျွန်
စိတ်ဆိုးနေမိတာနဲ့ လာမတွေ့ဖြစ်ဘူး'



'ဘယ်လိုမှသဘောမထားပါဘူး'

'ရှင့်အပေါ် ကျွန်မ ကိုယ်ချင်းစာတတ်လာလို့ ကျွန်မဘက်
က စခေါ်လိုက်တာပါ'

စံတော်ဝင်ရဲ့ စကားက တည်ငြိမ်၏။ မေပွင့်က ငြိမ်ငြိမ်
လေးပင် ထိုင်နေဆဲ။ ကျွန်တော့်ဟန်အမူအရာပျက်မှာစိုးကာမှ ပို၍
ပျက်သွား၏။ ရေနွေးငှဲ့ပြီးသားကို ထပ်ငှဲ့မိမလိုဖြစ်သွား၏။ စံတော်
ဝင်တပင်...

'ရှင့်ကို ကျွန်မ တကယ် အထင်လွဲခဲ့တယ်၊ လူတစ်ယောက်
ကို အသက်ဆုံးရှုံးရအောင် ပြုလုပ်ခဲ့တယ်လို့ပဲ ကြိမ်းသေထင်ခဲ့တယ်၊
ရှင်က မတော်တဆအမှုပါလို့ တွင်တွင်ငြင်းခဲ့ပေမယ့် ကျွန်မ နား
ထောင်ခဲ့ဘူး၊ မာလာနဲ့ ကျွန်မ ဖြစ်ခဲ့တဲ့အကြောင်းကို ခုလောက်ဆို
ရှင် ကြားသိပြီးလောက်ရောပေါ့'

ကျွန်တော် ခေါင်းညိတ်ပြ၏။ ကော်ဖီ တစ်ငုံသောက်၏။
ဘာတို ပြန်ချမလိုလုပ်ပြီးမှ နောက်ထပ်တစ်ငုံသောက်မိ၏။ စံတော်
ဝင်က...

'ကျွန်မကိုယ်တိုင် မတော်တဆမှုကို ကြုံတွေ့လာမှ ရှင်ဖြစ်
ခဲ့တာတွေကို ကိုယ်ချင်းစာတတ်လာတယ်၊ နားလည်လာတယ်၊ ကျွန်မ
ကြောင့် မာလာ မသန်မစွမ်းဖြစ်သွားရတယ်၊ ကျွန်မကိုယ်ကျွန်မ
ခွင့်လွှတ်လို့မရအောင် ဝမ်းနည်းကြေကွဲမိတယ်၊ ကျွန်မ တကယ်ကို
မတော်တဆဖြစ်ခဲ့ရတာပါ၊ ဘယ်သူမှ မယုံချင်ကြဘူး၊ ရှင့်ကို စွပ်စွဲ
ခဲ့တဲ့စကားတွေ ကျွန်မ ပြန်လည်ခံခဲ့ရတယ်၊ ကျွန်မကိုယ်ကျွန်မ ဒဏ်
ခတ်တဲ့အနေနဲ့ ကားဘယ်တော့မှ မမောင်းတော့ဘူး၊ နောက်နောင်
ကားတွေကို ဘယ်တော့မှအတွေ့မခံရဲတော့ဘူး၊ တွေ့ခဲ့လို့ မာလာ ရန်
တွေ့သူတွေရှာရင်လည်း ကျွန်မ လည်စင်းခံလိုက်တော့မယ်၊ ကျွန်မ
ဘဝပြောင်းသွားပြီ၊ ရှင့်အပေါ် အထင်လွဲမှားပြီး စိမ်းစိမ်းကားကား
ပြောခဲ့တဲ့အပေါ်မှာလည်း ကျွန်မကိုယ်ကျွန်မ ယူကျုံးမရဖြစ်မိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကို တောင်းပန်ချင်ပေမယ့် ရှင် စိတ်နာကြည်းပြီး မုန်းတီးနေတာ ရင်ဆိုင်ရမှာ ရွံ့နေလို့ ကျွန်မ အချိန်ယူနေမိခဲ့တယ်၊ အခုလို မမျှော် လင့်ဘဲ ပြန်တွေ့ရတော့ ရှင် ကျွန်မကို ဘယ်လိုမျက်နှာထားနဲ့ ကြည့်နေတာ မဟုတ်မှန်းသိရလို့ ခပ်ရဲရဲ ခေါ်လိုက်မိတာ'

'ကိုယ့်အပေါ် နားလည်ပေးနိုင်တာကိုပဲ ဝမ်းသာနေရပါပြီ စံတော်ဝင်၊ ဘယ်သူ့ကိုမှ ရှင်းပြလို့မယုံကြည်ပေမယ့် မင်းနဲ့ကိုယ် ယုံနေကြရင် ပြီးပါတယ်၊ ကိုယ် မင်းကို ဘယ်လိုမှ မုန်းမှေ့လို့မ ဘူး၊ စိတ်ဆိုးစိတ်နာရင်လည်း ခဏပဲ'

'ကျေးဇူးတင်ပါတယ် ဇင်ဖိုင်းရယ်'

စံတော်ဝင်ရဲ့စကား မေပွင့်က ဝင်၍…

'ဟိုတစ်ခါတုန်းက စကားရှုပ်တာ တစ်ခုကို ကျွန်မနဲ့ ကိုဇ ဖိုင်းရယ် မာလာရယ် ရှင်းပြခဲ့ကြဖူးတာ မှတ်မိလား'

'မှတ်မိပါတယ်'

'တကယ်တော့ မာလာပြောခဲ့ဟာ အမှန်ပါ၊ မဟုတ်ဘူးလ ကျွန်မ ငြင်းဆန်ခဲ့ရတာက မာလာက ဒေါသအမျက်ကြီးတယ် ကျောင်းရှေ့မှာ ပြဿနာ အကြီးအကျယ်တက်ကုန်မှာစိုးလို့ ကျွန် ပြီးလွယ်စီးလွယ် ဖြေလိုက်တာပါ'

'အဲဒါတွေ ဘာမှခေါင်းထဲမရှိတော့ပါဘူး'

'ဟုတ်ပါတယ်၊ မရှိသင့်တော့ပါဘူး၊ မာလာမျာလည်း ဒီ ဖြစ်သွားရတာ စိတ်အားငယ်ရှာမှာပေါ့၊ ကျွန်မတို့ မိန်းကလေးချ ပိုနားလည်လို့ ပိုပြီးကိုယ်ချင်းစာရပါတယ်၊ အဲဒါကြောင့် စံတော် ကို မာလာနဲ့ပတ်သက်ရင် အားလုံးအရှုံးပေးပါလို့ တိုက်တွန်းရ တာပါ၊ စံကလည်း လိုက်လျောပါတယ်၊ တကယ်တော့ စံလည် ရှင့်ကို တကယ်အလေးထားတာပါ၊ ရှင်လည်း စံအပေါ် တကယ အလေးထားတယ်ဆိုတာ ကျွန်မယုံပါတယ်၊ ကြားခံအကြောင်းအ တွေက လျှပ်တပြက်ဝင်ဝင်ရှုပ်သွားလို့ ရှင်တို့ဝေးခဲ့ကြရတာပါ၊ အ



သို့ ပြန်ဆွေးနွေးလိုက်တော့ တစ်ယောက်အပေါ်တစ်ယောက် ပိုနား လည်လာပြီး အရင်ကလို ပျော်ပျော်ရွှင်ရွှင် ပြန်နေကြတာ အကောင်း ဆုံးပါပဲ'

မေပွင့်စကားကြောင့် ကျွန်တော်တို့နှစ်ယောက်ရဲ့ အနာဂတ် သမ်းလေး ပြန်လည်ပွင့်ဟလာ၏။

'ကျွန်တော်တို့နှစ်ယောက်စလုံး မာလာ့ကို ပြန်လည်ပြုစု စောင့်ရှောက်ပေးသွားချင်တယ်၊ ဒါပေမဲ့ အဲဒီလိုလုပ်ခြင်းဟာ မာလာ့ ကို ပိုညှင်းဆဲရာကျလိမ့်မယ်၊ မာလာက ကျွန်တော်တို့နှစ်ယောက်ရဲ့ ဆုံမှတ်ကို လုံးဝပယ်ဖျက်လိုက်ချင်တဲ့သူ ဖြစ်နေပါပြီ၊ ကျွန်တော်တို့ သူ့ယိုက်တဲ့နည်းနဲ့ပဲ မာလာ့ကို ထောက်ကူကြတာ အကောင်းဆုံးပါ'

'ကျွန်မလည်း အဲဒီလို စဉ်းစားမိတယ်'

စံတော်ဝင် ပြောလိုက်သော စကားဖြစ်၏။ မေပွင့်က ခေါင်း ညိတ်ထောက်ခံ၏။ အေးလိုက်နွေးလိုက် ဆက်ဆံရေးကို အပြုပြင်ပြင် ဖြစ်မည်ထင်၏။ မေပွင့်က အရင်လမ်းခွဲထွက်ခွာသွားချိန်မှာ စံတော်ဝင်နှင့် ကျွန်တော် လျှောက်လည်ရင်း စကားတွေအများကြီး ပြောဖြစ်ကြ၏။ မတွေ့ရသော ကာလမှာ ဖြစ်ပျက်ခဲ့သမျှတွေက ပြောရ၍မဝ။ ကျွန်တော့်အလွမ်းတွေ စံတော်ဝင်ကေသာဦးမှာ ဖန်းလို လိုက်ချင်သည်။

'ကျွန်မလည်း သူ့ကို အချိန်တိုင်းမဟုတ်တောင်မှ နေ့တိုင်း တမ်းတနေပါတယ်၊ ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် နောက်နောင် ကျွန်မတို့ ဘယ်တော့မှမဝေးချင်တော့ဘူး'

'ကိုယ်လည်း ဒီလိုပါပဲ၊ စံတော်ဝင်ရဲ့ဘက်ကသာ အလျင် ဆုံးဖြတ်မှုတွေ ထပ်ဖြစ်မလာပါနဲ့၊ ကိုယ့်ဘက်က ကျောက်တိုင် မတ်မတ်နိုင်နိုင် တည်နေပါတယ်'

'ကျွန်မတို့အကြောင်းကို သိတဲ့ သူငယ်ချင်းတချို့က ပြော

www.burmeseclassic.com

www.burmeseclassic.com



'ဆက်ပြောလေ'

'သူက ကျွန်မကို စိတ်နာကြည်းသွားပါပြီတဲ့၊ တကယ်လို့ သူ့ဘက်က ပြန်ရောက်လာပြီး အရင်လို ပြန်ချစ်ပြနေတယ်ဆိုဦးတော့ မယုံရတော့ဘူးတဲ့၊ သူက ကျွန်မဆီက အမြတ်တစ်ခုခုရအောင် ထုတ်ယူလိမ့်မယ်၊ ကျွန်မကို မာန်စွယ်ချိုးလိမ့်မယ်၊ လှည့်စားလိမ့်မယ်၊ တဲ့ပြန်ကလဲ့စားချေတဲ့သဘောနဲ့ ကျွန်မကိုအရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်လိမ့်မယ်၊ ကျွန်မကိုနောက်ဆုံးအဆင့်ရောက်တဲ့အထိမျှားခေါ်သွားပြီး ရုတ်တရက် စွန့်ပစ်ဆုတ်ခွာသွားလိမ့်မယ်၊ အယုံသွင်း လှည့်စားမှု အမျိုးမျိုးနဲ့ ကျွန်မ ရင်ကျိုးအောင် ချိုးနှိမ်စွမ်းတဲ့တစ်နေ့မှာ ယောက်ျားတို့ရဲ့ ဟန်ဆောင်အတတ်ပညာကို အစွမ်းကုန်ပြပြီး အနိုင်နဲ့ပိုင်းသွားလိမ့်မယ်တဲ့၊ အဲဒါတွေကိုတွေးမိရင် ကျွန်မလေ ကျွန်မ...'

'အံ့သြစရာပဲ စံတော်ဝင်ရယ်၊ ကိုယ်ကလည်း တစ်နေ့ မင်းကိုယ့်ကို အဲဒီနည်းထဲက တစ်နည်းနည်းသုံးပြီး အစွမ်းပြစွန့်ခွာသွားမှာကို ရင်တထိတ်ထိတ်နဲ့ ကြောက်ကြောက်လန့်လန့်ချစ်နေရတာ'

'အို... ဟုတ်လား၊ သူ တကယ်ပြောနေတာပါနော်'

'မင်းကလည်း တကယ်ပြောနေတာလား'

'တကယ်ပါ အစစ်ပါ ယုံပါ'

'ကိုယ်လည်း တကယ်ပြောတာ ယုံပါ'

လမ်းလျှောက်ရင်းမှ လက်ဖဝါးချင်း မြဲမြံစွာ ဆုပ်တွေးထားမိ၏။ တစ်ဦးကမသက်ာတစ်ဦးက သံသယနှင့်။ ကျွန်တော်တို့နှစ်ယောက်ရဲ့ ချစ်သူဘဝမှာ မိုးမှောင်ပယောဂတွေ မှိုင်းပျနေလေပြီ။

ကောင်းကင်လေပြင်းကဲ့ သွေခွင်းသယ်ဆောင်သွားလေမလား။ ဤနေရာ ဤအချိန် ဤရင် ဤအသည်း ဤအသက်မှာ လျှပ်လက်ထစ်ချုန်းရွာ၍ မဆုံးအောင် ရှိလေတော့မှာလား။

* ♠ *



## အခန်း(၂၃)

ပြည့်စုံကျော် ခွင့်နှင့်အလည်ရောက်လာခဲ့သည်။ ပြောင်းလဲသွားကြားရ၍ ထခုန်မိမတတ် အံ့အားသင့်သွား၏။ စံတော်ဝင်နှင့်အရင်တွေ့၏။ မာလာတင်ဖေထံ အပြေးသွားတွေ့၏။ သူငယ်ချင်း သံယောဇဉ်ဆိုသည်ထက် မာလာတင်ဖေကို မျှော်လင့်ချက်ထားခဲ့မိသည့် ပြည့်စုံကျော့်ရင်မှာ မီးတောက်ရပြန်သည်။

'နှင် ငါ့ကို ဘယ်တော့မှ မျှော်လင့်မနေပါနဲ့တော့ ပြည့်စုံ'

'နှင် ဒီလောက်ဖြစ်သွားတာနဲ့ ငါနောက်ဆုတ်သွားမယ် ထင်သလား မာလာ၊ ငါ နှင့်ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ထားပြီ'

'နှင် နောက်မနေပါနဲ့ဟယ်'

'အမှန်ပြောနေတာ မာလာ'

'အရာရှိကတော်တစ်ယောက်ဟာ ငါ့လိုမျိုးဖြစ်သင့်ရဲ့လား'

'နှစ်နှစ်ကာကာချစ်မြတ်နိုးရင် အဲဒါတွေ မလိုပါဘူးဟာ'

'နင့်မှာရွေးစရာတွေအများကြီးရှိပါတယ်'

'နင်မှနင်ပဲလို့ ငါ ခွဲကြီးခဲ့တာ မေ့နေပြီလား'



www.burmeseclassic.com

www.burmeseclassic.com



'ပြောရင် ယုံမလား မသိဘူး၊ နင် ငါ့ကို ဒီနေ့ဒီအချိန်အထိ နောက်ပြောင်ပြောနေတယ်လို့ပဲ ငါထင်နေသေးတယ်'

'ငါ့ကို အထင်သေးလိုက်တာ'

'အထင်သေးလို့ပြောတာမဟုတ်ပါဘူး၊ မယုံရဲလို့ပြောတာ'

'နင့်မိဘတွေဆီ လူကြီးစုံရာနဲ့ ငါ လာတောင်းမယ်၊ နေ့စေ့ပြီးရင် လက်ထပ်ခွင့်တင်မယ်၊ ရရင် နင့်ကိုငါ အမြန်ဆုံးလက်ထပ်တော့မယ်ဟာ'

'နင် ငါ့ကိုတကယ်ချစ်လား'

'ပြောစရာမလိုလောက်အောင်ပဲ'

'တကယ်ချစ်လား'

'ချစ်တယ်၊ အရမ်းချစ်တယ်၊ အသည်းနင့်အောင်ချစ်တယ်'

'နင် ငါ့ကိုချစ်ရင် ငါဖြစ်စေချင်တာတစ်ခုကို လုပ်ပေးနိုင်မလား'

'မာလာ ဘာဖြစ်စေချင်လို့လဲ'

'စံတော်ဝင်ကို သေစေချင်တယ်'

'ဟာ… အဲဒီလောက်တော့'

'ငါ သိပါတယ်၊ နင် မလုပ်ပေးရဲပါဘူး၊ အဲဒါကြောင့်အဲဒီလောက်အထိလည်း ငါ မတောင်းဆိုတော့ပါဘူး၊ ငါဖြစ်စေချင်တာက ဇင်မိုင်းကို စံတော်ဝင်နဲ့လက်မထပ်ဖြစ်အောင် နင် ရတဲ့နည်းနဲ့ တားမြစ်ပေးပါ'

'ဘာအကျိုးအမြတ်ရှိလာမှာမို့လဲ'

'စံတော်ဝင် အသည်းကွဲတာကို မြင်ချင်လို့'

'ဇင်မိုင်းက ဘယ်လက်ခံပါ့မလဲ၊ အဲဒါ သူတို့အရေးဖြစ်နေတာကိုး'

'ငါ လက်မခံဘဲနဲ့ ငါ့ကို ဒီလိုဖြစ်အောင် စံတော်ဝင်လုပ်နိုင်တော့ရော နင် ဘာပြောချင်သေးလဲ ပြည့်စုံ'



'အဲဒါက အက်ဆီးဒင့်ဖြစ်သွားရတာပဲ၊ စံတော်ဝင်လည်း နောင်တရနေပါပြီ'

'တော်စမ်း… ငါဖြစ်စေချင်တာကို နင်မလုပ်ပေးနိုင်ရင် ငါ့ကိုမမျှော်လင့်ပါနဲ့တော့၊ လုပ်ပေးနိုင်မှ ငါ့ဆီပြန်လာခဲ့ပါ၊ ငါ့ဆန္ဒပြည့်မှ ငါဖြစ်သင့်တာတွေကို ရှေ့ဆက်လုပ်လို့ရလိမ့်မယ်'

'မာလာရယ်… အကျပ်ကိုင်တတ်တဲ့အကျင့်က ဆယ်တန်းကျောင်းသူဘဝတုန်းက အတိုင်းပါပဲ'

'နင် လုပ်ပေးမလား မပေးဘူးလား၊ ဒါပဲပြောဟာ'

'ငါ နားမလည်တော့ဘူး၊ နင် ဇင်မိုင်းကိုများ…'

'မဟုတ်ဘူး၊ နင် ထင်တာတွေ လုံးဝမဟုတ်ဘူး၊ ဇင်မိုင်းကို သူငယ်ချင်းလိုခင်တာ'

'သူတို့နှစ်ယောက်စလုံး အသည်းကွဲကုန်ကြမှာ သူများချစ်ခြင်းကိုမခွဲကောင်းပါဘူးဟာ'

'နင် ငါ့ကိုဘာမှပြောမနေနဲ့၊ လုပ်နိုင်ရင်လုပ်၊ မလုပ်နိုင်ရင် ဖြန့်ဆုတ်တော့ဟာ'

'နင်ဖြစ်စေချင်တာ စံတော်ဝင်ကို နင့်လိုဘဝမျိုး ပြန်ဖြစ်စေချင်တာ မဟုတ်လား'

ပြည့်စုံကျော်က ခပ်ဆတ်ဆတ်လေသံဖြင့် မေးလိုက်သောအခါ မာလာတင်မေ တွေဝေသွား၏။ ပြီးမှ ထန်ပြင်းသောလေသံဖြင့်

'ငါဖြစ်စေချင်တာ ပြောပြီးပြီဟာ၊ ငါစိတ်တိုအောင် စကားထိုကွေ့ပတ်ပြောမနေနဲ့တော့'

'ခဏလေးပြောခွင့်ပေးပါ၊ စံတော်ဝင်နဲ့ ငါသွားတွေ့ပြီးပြီ၊ စံတော်ဝင်က နင် ဒီလိုမျိုးဖြစ်နေတာကို သူပြန်ဖြစ်ခံရမယ်ဆိုရင် ကျေနပ်သလိုသာလုပ်ပါ၊ သူ ပြန်ခံစားပေးပါ့မယ်တဲ့၊ နင်က သတ်ချင်ရင်တောင် သူက ဓားရိုးကမ်းပေးပါ့မယ်တဲ့၊ နင် သူ့ကိုသတ်ချင်နေ ငါခေါ်ပေးရမလား'

www.burmeseclassic.com



စာလာတင်ပေ ငိုင်ခနဲဖြစ်သွားပြန်၏။ ပြီးမှ မျက်နှာကို ပြန်တင်းမဲ့လိုက်ပြီး…

'ဘာမှမလုပ်ချင်ဘူး၊ ငါ ပြောပြီးပြီ၊ ငါဖြစ်စေချင်သလိုပဲ လုပ်'

နောက်ဆုံးရာစသံမှန်း ပြည့်စုံကျော် သိလိုက်၏။

ထို့ကြောင့် ခေါင်းကိုမညိတ်ချင်ညိတ်ချင်နှင့် ညိတ်ပြလိုက်၏။

* ♠ *



## အခန်း(၂၄)

'ငါတော့ စိတ်ညစ်တယ် စံတော်ဝင်ရယ်၊ နင့်ဘက်က လိုက်ပြောတာတွေပြောပြနေတာတောင် သူခေါင်းမာပြီး နင် အသည်းကွဲကိုပဲ တွင်တွင်တောင်းဆိုနေတယ်၊ အဲဒါဘာလဲ၊ ငါနားမလည်တော့ဘူး'

'သူ့ရင်ထဲမှာ ခင်မိုင်းရှိနေလို့ပေါ့ဟာ၊ အဲဒီလိုပြောလိုက်ရင် ငါ ပိုခံစားရမယ်ဆိုတာ သိပါတယ်၊ ဒါပေမဲ့ ရှင်းအောင်လုပ်ချင်ရင် ရှုပ်နေတာတွေ ဖြည်ထုတ်ရမှာ ဓမ္မတာပဲ မဟုတ်လား'

'အဲဒါဆို သူနဲ့ခင်မိုင်း အနေနီးခဲ့ပြီး ဘာလို့ရည်းစားမဖြစ်ခဲ့ကြတာလဲ'

'ခင်မိုင်း ငါ့အပေါ် သစ္စာစောင့်နေလို့ နေမှာပေါ့'

နှစ်ယောက်ကြားမှာ စကားဆိတ်သုန်းသွားရပြန်၏။ တရားခံ မည်သူမျှမရှိ။ တရားလိုလည်းမရှိသော ပြဿနာကို ဘယ်လိုအဖြေ ထုတ်ရမည်နည်း။

'ဟူး… ငါလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့ပါ ဘူးဟာ'

'တစ်ခုတော့ရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com



စံတော်ဝင် ပြောလိုက်၍ ပြည့်စုံကျော် စူးစိုက်မိသွား၏။

'ငါ့ဘက်က သေချာပေမယ့် ဇင်မိုင်းဘက်က သေချာချင်မှ သေချာလိမ့်မယ်လို့ ငါထင်တယ်'

'ဘယ်လိုမသေချာတာလဲ'

'ဇင်မိုင်းက ငါ့ကိုတကယ်ချစ်ချင်မှချစ်တော့မှာ၊ သူ့အယောင်ဆောင် အယုံသွင်းပြီး ငါ့အသည်းကို ခွဲသင့်တဲ့အချိန်မှာခွဲဖို့ သူ ပြင်ဆင်ထားသလိုပဲ'

'ဟုတ်ပါ့မလား စံတော်ဝင်ရယ်'

'တပ်အပ်တော့ မပြောနိုင်ဘူးပေါ့၊ သေသေချာချာ သိချင်ရင် ဇင်မိုင်းကို နှိုက်မေးကြည့်ပါလား'

'တကယ်လို့ ဇင်မိုင်းဘက်က မသေချာခဲ့ဘူးဆိုရင် နင့်ဘက်က ဘာတွေပြင်ဆင်ထားသလဲ စံတော်ဝင်'

'ဘာမှမပြင်ထားပါဘူး၊ ဒါပေမဲ့ အရာအားလုံးကို စွန့်လွှတ်နိုင်ဖို့ ကြိုတွေးမိထားဖူးတယ်၊ ငါ့ရဲ့မိဘတွေက ပြည်ပမှာလေ၊ ဖေဖေက အီလက်ထရွန်းနစ်ကုမ္ပဏီတစ်ခုမှာ မန်နေဂျာ၊ မေမေက ကော်ပိုရေးရှင်းကြီးတစ်ခုမှာ အကြံပေးအရာရှိ၊ ငါးနှစ်သမီးလောက်ကတည်းက ဒီမှာရှိတဲ့ အဘိုးအဘွားတွေဆီကို ပို့ထားတာ၊ ဟိုတလောက ကားတိုက်မှုဖြစ်ကတည်းက ဟိုမှာအလုပ်ဝင်ရင်း ကျောင်းဆက်တက်ရအောင် ခေါ်နေတာ၊ ဒီက သံယောဇဉ်တွေနဲ့ သွားလို့မဖြစ်ဘူး၊ အခု ထပ်ခေါ်နေပြန်ပြီ၊ ငါ့အတွက် အရမ်းကို စဉ်းစားရခက်နေတယ်၊ သွားလည်း သွားချင်တယ်၊ သွားလည်းမသွားချင်ဘူး၊ ဇင်မိုင်းဘက်က မသေချာဘူးဆိုတာ အမြန်သိရရင်လည်း ကောင်းမယ်၊ မာလာလည်း စိတ်ချမ်းသာမယ်၊ ငါလည်းပြည်ပကို ထွက်သွားလို့ရမယ်၊ နောက်ဆံတင်းစရာဘာမှမရှိတော့ဘူးပေါ့'

'အဲဒါကို ဇင်မိုင်းသိလား'

'သူ စိတ်မကောင်းဖြစ်မှာကြောက်လို့ မပြောဖြစ်သေးဘူး ပြောသာပြောရတယ်၊ သူ ဘယ်လိုမှ ခံစားရမယ်ဆိုတာမျိုးလည်း သိပ်မထင်ချင်ဘူး၊ သူ ဒီနေ့ ရောက်လိမ့်မယ်ထင်တယ်၊ ဒီနေ့တော့ ပြောဖြစ်မှာပါ'

'အကုန်လုံး ကျဉ်းထဲကျပ်ထဲမှာပါလား၊ ဟား… ခေါင်းစား လို့လူလည်း ပါးပါးလေးပဲကျန်တော့တယ်'

'ငါပြောသလို ဇင်မိုင်းကို နှိုက်မေးကြည့်ပါလား၊ သူ့ဘက်က ငါ့အပေါ် ဟန်ဆောင်နေတာ၊ လုပ်ကြံဖို့အတွက် စောင့်နေတာပါဆိုရင် နင် ဘာမှ အားစိုက်စရာမလိုဘူး ပြီးပြီ'

'အဲဒီလို မဖြစ်စေချင်ပါဘူးဟာ၊ ဇင်မိုင်းဘက်က တကယ်ချစ်နေတာပါ ငါသိပါတယ်၊ ဒီကောင်က နင့်ဆိုရင် အသေကြွေပြီးသား၊ ဒီကောင့်ဘက်က သေချာနေရင် နင်ဘယ်လိုလုပ်မလဲ၊ လက်ထပ်ဖြစ်ကြမှာ မဟုတ်ဘူး၊ ကောင်းပါတယ်၊ ဒါပဲ ကောင်းတယ်၊ ငါ့ကို ဘာမှထည့်တွက်မနေနဲ့၊ မာလာနောက်တော့ နားလည်လာမှာပါ၊ အဲဒီအခါကျမှ ငါ မာလာ့ကိုလက်ထပ်တော့မယ်'

'မာလာ့ကို နင် အဲဒီလို ပေါ့ပေါ့ပါးပါးလေးထင်ရင် မှားသွားလိမ့်မယ်၊ မာလာက အရင်မာလာတင်ဖေ မဟုတ်တော့ဘူး၊ ငါ့ကို လုပ်ကြံဖို့ဆိုရင် သိပ်ကိုရဲစွမ်းတက်နေပြီဖြစ်တဲ့ မိန်းမဖြစ်နေပြီ'

ထိုစဉ်မှာပင် ဇင်မိုင်းရောက်ချလာ၏။ ပျော်ပျော်ပါးပါး နှုတ်ဆက်ပြီး ဝင်ထိုင်စားသောက်၏။ ပြီးမှ စကားစတင်၏။

'မင်းတို့အလေးအနက်ပြောနေတာ အဝေးက ခန့်မှန်းလာနိုင်တယ်၊ ဘာအကြောင်းတွေပြောနေတာလဲ'

စံတော်ဝင် နိုင်ငံခြားသွားရတော့မည့်အကြောင်းကို ပြည့်စုံကျော်က ပြောပြလိုက်၏။ ဇင်မိုင်းမှိုင်ကျသွား၏။ စံတော်ဝင်က…

'ရှင် လေဆိပ်ကိုအမှီရောက်လာရင်'

စကားတန့်ထား၏။ ဇင်မိုင်းက…

www.burmeseclassic.com



'မင်း ပြည်ပကိုမသွားတော့ဘူးပေါ့'

စံတော်ဝင် ခေါင်းညိတ်ပြ၏။

ဖင်ခိုင်းက···

'မင်း အဘိုးအဘွားတွေ ဝိုင်းဆူမှာပေါ့'

ပြည့်စုံကျော်က···

'အိမ်သားတွေ အဆူခံမထိအောင် မင်းဆီကို ပြေးလာမှာပေါ့၊ မင်း တစ်ခါတည်းသာ ခိုးပြေးပေတော့၊ အဲဒီလိုမှမဟုတ်ရင် မင်းတို့ ရှေ့လျှောက် ဝေးရဖို့ပဲရှိတယ်၊ ဟိုက နောက်တစ်ခါဆို လူကိုယ်တိုင် လာခေါ်လိမ့်မယ်'

'ကိုယ့်နောက်ကို မင်းလိုက်ရဲလား စံတော်ဝင်၊ ကိုယ်ခိုးပြေးချင်တယ်'

စံတော်ဝင်က ရှက်သွေးဖြင့် နှုတ်ဆိတ်နေ၏။

'အဲဒါ ဝန်ခံတာပဲ ဖင်ခိုင်း၊ မင်းခိုးတော့'

'ဟုတ်လားဟင်'

'အင်း'

'တွေ့လား၊ တော်တော်သေချာချင်တဲ့စုံတွဲပဲကွာ'

'နေ့လယ်နှစ်နာရီ'

'သောကြာနေ့ နှစ်နာရီ ကိုယ်အရောက်လာခိုးမယ်'

'အက်ဆီးဒင့်တွေ မဖြစ်စေနဲ့နော် ဖင်ခိုင်း၊ သိပ်အရေးကြီးတဲ့အချိန်ရောက်နေပြီ၊ မင်းရောက်မလာရင် စံတော်ဝင် လေယာဉ်နဲ့ ကြိမ်းသေလိုက်ရလိမ့်မယ်'

'သူပြောတာ ဟုတ်လားစံ'

'အင်း'

'ဟုတ်ပါတယ် ဆိုနေမှ'

စံတော်ဝင်က မာလာနှင့်ပတ်သက်တာတွေဆက်၍ပြော၏။ ဖင်ခိုင်းကျေမသွားပြန်၏။ ပြည့်စုံကျော်က···





'ခေါင်းထဲမထည့်ပါနဲ့ကွာ၊ ငါ့ဟာငါ ကြည့်ရှင်းလိုက်ပါ့မယ်'

'မာလာ့ကို ခွင့်လွှတ်လိုက်ပါ စံရယ်၊ သူ့အပေါ်မှာ ကိုယ်ရှိသားပါတယ်'

'ခွင့်လွှတ်ပါတယ်၊ အရှုံးလည်းပေးပါတယ်၊ နောက်ဆုံးအဆင့်ထိ ရောက်အောင်ပြောပြီးပြီပဲ၊ အသက်ကိုသတ်ချင်ရင်လည်း သတ်ပါလို့၊ သူကအသည်းကွဲတာကိုပဲ မြင်ချင်နေမှတော့'

စံတော်ဝင် စကားရပ်ပြီး သူတို့နှစ်ယောက်ကိုကြည့်၏။ ဖင်ခိုင်း ကူ့ရွှေ့ပျက်ပြီး အကြော်တို့စားသည့် အချည်ရည်ခွက်ကို ရေနွေးခွက်အမှတ်နှင့်မှားသောက်မိပြန်သည်။

ထိုအဖြစ်ကို ဟန်ဆောင်ပန်ဆောင်ဖြင့် ပြည့်စုံကျော် ရယ်နေသလောက် ဖင်ခိုင်းနှင့် စံတော်ဝင်တို့မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း တိတ်ဆိတ်စွာ အဖြေရှာမိနေကြလေသည်။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com



'ဒီအိမ်နဲ့ ဒီခြံက နင်ပိုင်တာပဲ၊ နင်က အိမ်ရှင်ပါ၊ နင်နှင်ရင် ညှိုသည်ဖြစ်တဲ့ငါက ပြန်ရမှာပေါ့'

မာလာ့အော်သံကြောင့် သူမရဲ့အိမ်သားတွေ အိမ်ထဲက ပြူ ထွက်ကြည့်ကြ၏။ ပန်းခြံထဲမှာ စကားပြောဖြစ်နေကြသည်မို့ ဘယ် လိုအကြောင်းရင်းဆိုတာကို အိမ်သားတွေ မသိကြ။

ခေါင်းငိုက်စိုက်ချပြီး ထွက်သွားသော ပြည့်စုံကျော်ကို ကြည့် ပြီး မာလာရင်မချို။

'နင့်ကြောင့် ငါ့မှာ သောကတွေတောက်လောင်နေရတာ စံ တော်ဝင်၊ နင့်ကို ငါ အရမ်းမုန်းတယ်ဟာ၊ ဒီနေ့အထိ နင် ငါ့အပေါ် အနိုင်တွေရနေတုန်းပါလား၊ မရစေရဘူး၊ အသက်ချင်းလဲပြီးတော့ အနိုင်ယူရမယ်ဆိုရင်လည်း ရအောင်ယူရမယ်၊ နင့်ရဲ့ဓာတ်သိမ်းခန်းမှာ ငါ ဘယ်လိုကြမ်းတော့မလဲဆိုတာ လွမ်းသွားအောင် နင်ကြည့်နေ လိုက်ရစေမယ်'

* ♠ *



## အခန်း(၂၄)

ပြည့်စုံကျော် သယ်ဆောင်လာသော သတင်းကြောင့် မာလာ့ ရင်မှာ ဒေါသမာန်ပြင်းရပြန်သည်။

'သောကြာနေ့ နေ့လယ်နှစ်နာရီမတိုင်ခင်မှာ ဒင်းတို့က နိုးရာ လိုက်ပြေးကြမှာကိုး'

'စိတ်လျှော့လိုက်ပါတော့ မာလာရယ်၊ မင်းအတွက် ကိုယ် ဘာမှလုပ်မပေးနိုင်တာ ဝမ်းနည်းပါတယ်'

'နင် အလကားလူ'

မာလာ မာန်ပြင်းစွာ အော်ထုတ်လိုက်သောအသံ။ ပြည့်စုံ ကျော် လန့်ပြီး နံရံနားကပ်သွားမိ၏။

'နင်သွားတော့၊ ငါ့ရှေ့က မြန်မြန်ထွက်သွားပါတော့'

'မင်းရဲ့ အမုန်းအငြိုးကလည်း ကိုယ်ထင်ထားတာထက် တောင် ကြောက်ဖို့ကောင်းနေပါလား'

'နင် ဒီလိုစကားတွေပဲ ပြောတတ်တယ် မဟုတ်လား၊ နင် ဘာမှဆက်မပြောချင်တော့ဘူး၊ ငါ့ဒေါသတွေ နင့်အပေါ် ပုံမကျ နင်သွားတော့နော်'

www.burmeseclassic.com

## အခန်း(၂၆)

သောကြာနေ့မနက်မှာ မာလာ ဖုန်းဆက်လာ၏။ မာသန်မစွမ်းဆေးရုံကို လိုက်ပို့ပေးရန် တောင်းဆိုလာ၏။ သူမအိမ်သားတွေ မရှိကြဟု ပြော၏။ ကူညီရမည့် ဝတ္တရားရှိ၏။ အချိန်လည်းရသေးတာနှင့် ကျွန်တော် ရောက်အောင်သွားလိုက်၏။

မာလာတို့အိမ်မှာ တကယ်အိမ်သားတွေမရှိကြ။ မာလာ့ အစ်မဝမ်းကွဲတစ်ယောက် နယ်မြို့တစ်မြို့မှာ အသည်းအသန်ဖြစ်နေ၍ စိတ်ပူပြီး အကုန်လိုက်သွားကြ၏။ မာလာနှင့် အိမ်ဖော်မလေးတစ်ယောက် ခြံစောင့်တစ်ယောက်သာ ကျန်နေရစ်ခဲ့၏။

မာလာရှိရာကို အိမ်ဖော်မလေးက လိုက်ပို့ပေး၏။ ရေပြင်ညီ အမိုးလုပ်ထားသော အိမ်အပေါ်ထပ်ဆုံးမှာ မာလာထိုင်ပြီး စာအုပ်ဖတ်နေသည်။

ဘီးတပ်ကုလားထိုင်သာ မတော်တဆ ရွေ့သွားပါက သုံးထပ်မကမြင့်သော အိမ်ကြီးပေါ်မှ အောက်သို့ပြုတ်ကျသွားမှာ သေချာ၏။ အိမ်ပတ်လည်ကွန်ကရစ်တွေခင်းထား၍ ပြုတ်ကျလျှင် အသက်ရှင်လမ်းမမြင်။





'ဘယ်လိုဖြစ်ပြီး ဒီလောက်အန္တရာယ်များတဲ့အပေါ်ကို တက်နေရတာလဲ မာလာရယ်၊ ဘယ်သူတင်ပေးတာလဲ ဒီအပေါ်ကို'

'ကိုယ့်ဘာသာကိုယ် စိတ်တင်းပြီး ရအောင်တက်ခဲ့တာလေ၊ အိမ်ဖော်မလေးက ထိုင်ခုံသယ်ပို့ပေးတယ်၊ လေကောင်းလေသန့်ရှူရှိုက်ချင်လို့၊ ပြီးတော့ မြင်ကွင်းတွေကို အမြင့်မတက်နိုင်လို့ မမြင်ရမကြည့်ရတာ ကြာပြီ၊ တက်ကြည့်ချင်လို့ တက်ကြည့်တာလည်း ပါတယ်'

'အောက်ဆင်းကြမလား'

'မဆင်းချင်သေးဘူး'

အိမ်ဖော်မလေးက ကုလားထိုင်တစ်လုံး ယူလာ၏။ ပလက်စတစ် စားပွဲတစ်လုံး လာချပေးပြီး စားသောက်ရာတွေ တည်ခင်းသွားခဲ့၏။

'ဘာလို့ပျောက်နေရတာလဲ၊ ဖုန်းဆက်ခေါ်မှပဲ ရောက်လာတော့တယ်'

'မာလာက နှင်ခဲ့တာကိုး၊ အိမ်မှာရှိပါတယ်၊ မပျောက်ပါဘူး၊ ဒါနဲ့ ဆေးရုံကို ဘယ်အချိန်သွားမှာလဲ'

'စောပါသေးတယ်၊ ဆယ့်နှစ်နာရီမှ သွားရမှာ'

ကျွန်တော် ဒိတ်ခနဲ ဖြစ်သွား၏။ လေဆိပ်ကို (၂)နာရီဆင်းရန် အကြောင်းရှိနေ၏။ ၁၂ နာရီခွဲလောက်မှာ မသန်မစွမ်းဆေးရုံကို မာလာ့ကို ဝင်ပို့ပေးပြီး လေဆိပ်ပြေးလျှင် မီနိုင်၏။ ခက်နေသည်မှာ မာလာ့ကိုဘယ်သူအိမ်ပြန်ပို့ပေးမလဲ။

ကျွန်တော်တို့က ခိုးရာလိုက်ပြေးတော့မှာဖြစ်သည်။

'စောစောသွားလို့ မရဘူးလား'

'ဆရာဝန်ကြီးက အဲဒီအချိန်မှ ရောက်မယ်တဲ့၊ အစည်းအဝေး ရှိသတဲ့၊ ခုနက ဖုန်းဆက်မေးပြီးပြီ'

ဖြစ်ချင်တာဖြစ်၊ ဝင်ပို့ပေးဖြစ်အောင် ပေးလိုက်သည်။ မာလာ့



www.burmeseclassic.com

www.burmeseclassic.com



ခရော မသန်မစွမ်း၍ စိတ်အားငယ်နေရရှာသူ။ ဆေးရုံရောက်မှ အကျိုးအကြောင်းရှင်းပြပြီး လေဆိပ်ကို တန်းလစ်တော့မည်။

နာရီလက်တံတွေက အချိန်ကုန်မြန်လွန်းလှ၏။ ဆယ့်နှစ်နာရီထိုးသည်အထိ မာလာနှင့် တွေ့ရာလေးပါးစကားတွေသာ ပြောဖြစ်ကြ၏။

'အခုဆယ့်နှစ်နာရီထိုးပြီ၊ သွားကြမယ်လေ'

မာလာက သူမရဲ့ အိမ်ကကား ထုတ်ခိုင်းနေ၏။ မာလာတို့အိမ်ကကားမှာ သူမဖခင် ရုံးဆင်းရုံးတက်စီးသော အပြာရောင် ဌာနဆိုင်ရာတံဆိပ်ရိုက် မာဇဒါဂျစ်ကားအမျိုးအစား။

ခြံစောင့်တစ်ဖြစ်လည်း ကားဒရိုင်ဘာက အောက်မှလှမ်းအော်ပြော၏။

'မမလေး… ကားဘီးပေါက်နေလို့ ဘီးလဲလိုက်ဦးမယ်'

'မြန်မြန်လဲ နင်တို့ကလည်း အသုံးကိုမကျဘူး၊ စောစောစီးစီး ကြိုတင်စစ်ဆေးထားရောပေါ့၊ ခုတော့ လိုက်ပို့ပေးမယ့်သူစောင့်နေရတာ အားနာစရာဖြစ်ကုန်ပြီ'

ကျွန်တော် ဘာများစောကဒတက်၍ ရနိုင်ပါ့မလဲ။ ဆယ့်နှစ်နာရီခွဲလည်းမပြီး တစ်နာရီထိုးသော် ကျွန်တော် မရိုးမရွဖြစ်နေလေပြီ။ လေဆိပ်ကို ကားဗှားလျှင် နာရီဝက်မက ကြာနိုင်၏။

'ကိုယ်လိုက်ပို့ဖို့ မလွယ်တော့ဘူး မာလာ။ ကိုယ့်ကို ခွင့်လွှတ်ပါ၊ အရမ်းအရေးကြီးတဲ့ ချိန်းထားတာတစ်ခုရှိနေလို့ပါ၊ ကိုယ်အခုပဲ သွားတော့မယ်နော်'

'ခဏနေပါဦး၊ စံတော်ဝင်နဲ့ ချိန်းထားတာ မဟုတ်လား'

'မာလာ သိနေတယ်'

မာလာ ခပ်သော့သော့ရယ်၏။ ပြည့်စုံကျော် နူတ်လုံလောင်းမည်ထင်၍ ထိုအချက်ကို ကျွန်တော် လုံးဝမစဉ်းစားမိခဲ့။

'နင် မသွားရဘူး ဖင်ဖိုင်း'





'ဟာ… မဖြစ်ဘူး'

'ရတယ်လေ၊ နင်သွားပါ၊ နင်သွားတာနဲ့'

မာလာက ဘီးတပ်ကုလားထိုင်ကို အမိုးစွန်းဆီ ရွေ့လိုက်ပြီး အစွန်းမှာ ဘရိတ်ဆွဲ၍ ရပ်လိုက်၏။

'သွားလေ၊ သွားပါ၊ သွားတာနဲ့ ဒီအပေါ်ကနေ ငါ့ကိုယ်ငါ အဆုံးစီရင်လိုက်တော့မယ်'

'မာလာ… အဓိပ္ပာယ်မရှိတာတွေ၊ မင်း ရူးနေပြီလား'

'ရူးတယ်၊ စံတော်ဝင် အသည်းကွဲတာကို ရူးသွပ်တပ်မက်စွာ စောင့်ကြည့်ချင်တယ်'

ကျွန်တော် ရှေ့တိုးသွားပြီး မာလာ့ကို အန္တရာယ်ကင်းရာပို့ထားခဲ့ဖို့အပြင်မှာ…

'နင် ရှေ့မတိုးနဲ့နော် ဖင်ဖိုင်း၊ ငါ ဘီးကိုလှိမ့်ပစ်လိုက်တော့မယ်'

'မလုပ်နဲ့၊ မလုပ်နဲ့၊ ကွာ… သေသာသေလိုက်ချင်တော့တယ်၊ ဒီအချိန်ကျမှဖြစ်ရတယ်လို့'

'နင်နဲ့ငါ စံတော်ဝင်ကို ထိထိမိမိ လက်တုံ့ပြန်လိုက်ရပြီလေ၊ အခုဆို သူ နင့်ကို တမျှော်မျှော်ဖြစ်နေလောက်ပြီ၊ နှစ်နာရီထိုးလို့မှ မင်လာရင် လေယာဉ်ကလည်း အချိန်မှန်ဆိုက်မယ်ဆိုရင် အဲဒီလေယာဉ်နဲ့ သူပါသွားပြီ၊ အသည်းကွဲပြီး မျက်ရည်စက်လက်နဲ့ ပါသွားရပြီ၊ ဘယ်လောက်ပီပြင်တဲ့ တိုက်ကွက်လဲ၊ ငါပြောတာ ပြေးကြည့်သလို အညွှဲစတမ်း မှန်စေရမယ်'

'မာလာရယ်… နင် ဒီလောက် မိုက်လုံးကြီးလိမ့်မယ်လို့ ငါထင်ဘူး၊ နင် ငါ့ကို ရူးအောင်လုပ်လိုက်တာနဲ့ အတူတူပဲဟ'

'ဒါတွေ ငါမသိဘူး၊ မလိုချင်ဘူး၊ ငါဖြစ်ချင်တာ ဖြစ်ကိုဖြစ်ရမယ်၊ ဒါပဲ ငါသိတယ်၊ ဒီပွဲမှာ စံတော်ဝင် ရှုံးနိမ့်သွားတာကို ငါမြင်ချင်တယ်'



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့နှစ်ယောက် အချေအတင် ပြောဆိုနေရင်းဖြင့် နေ့လယ်နှစ်နာရီထိုးလုထိုးခင်ဖြစ်လာ၏။ ဖြစ်ချင်တာဖြစ် ကျွန်တော် အမြန်လစ်ဖို့ ပြင်လိုက်သည်နှင့် မာလာ့လက်တွေပါ လိုက်ပြင်ကျ ၏။ တကယ်ကို လုပ်မည့်ဟန်။

ကျွန်တော် သွားလိုက်သည်နှင့် မာလာ ကြိမ်းသေဘီးလိမ့်ခ လိုက်မှာ သေချာ၏။

နောက်ဆက်တွဲရလဒ်တွေက မတွေးဝံ့စရာ။ နောက်တစ်ကြိမ် လူသတ်မှုဆိုတာကြီးက ဖြစ်ချင်ဖြစ်လာနိုင်၏။ လူတစ်ယောက်ရဲ့ အသက်ထက် ဘယ်အရာအရေးကြီးပါသနည်း။

ထိုစဉ်မှာပင် အမိုးစွန်းတစ်ဖက်မှ တွယ်တက်လာသော ပြည့် စုံကျော်။ မာလာက ကျွန်တော့်ဘက်လှည့်ပြီး အာရုံစူးစိုက်နေသဖြင့် တစ်ဖက် ဘေးတိုက်အနေအထားမှ တက်လာသော ပြည့်စုံကျော်ကို မမြင်။ ပြည့်စုံကျော်က မာလာရဲ့ ဘီးတပ်ကုလားထိုင်ကို အလယ်သို့ ရောက်အောင် အမြန်လှည့်ဆွဲယူလိုက်သည်။

အံ့အားတသင့်ဖြင့် သမင်လည်ပြန် မော့ကြည့်လာသော မာလာ့ကို ပြည့်စုံကျော်က အသာတွေးပွေ့ရင်း…

'သူသွားပါစေကွာ'

'နင်… နင်'

မာလာ အံ့ဩဇွန်းအားကြီးနေ၍ စကားနင်နေစဉ်မှာပင် ကျွန်တော် အပြေးဆင်းလာခဲ့သည်။ လမ်းမပေါ်အပြေးထွက်ခဲ့ ရရာ Taxi ကို ငှားစီးကာ လေဆိပ်ရောက်အောင် ယာဉ်ကြော ... သော လမ်းကျယ်များမှ ဒလကြမ်းမောင်းခိုင်း၏။ ဖြတ်လမ်း ... ရွေးမောင်းခိုင်း၏။ ရင်တွေတဒိန်းဒိန်းခုန်ခါနေ၏။

ကျောက်ရေတွင်းရောက်သောအခါ နှစ်နာရီထိုးပေပြီ။ ... ဆိပ်ရောက်သောအခါ နှစ်နာရီနှင့်မိနစ်အစိတ်။

နှစ်နာရီအခေါက် လေယာဉ်ကြီး ပျံထွက်သွားသည်ကိုသ...





ပျပျလေးမျှ တွေ့လိုက်ရ၏။ ရင်ထဲ ဗလောင်ဆူဝေစွာဖြင့် စံတော်ဝင် တစ်ယောက် ကျန်နေလိုကျန်နေငြား လိုက်ပတ်ရှာကြည့်မိ၏။ လိုက်ပါ ပို့ဆောင်သူတွေ ဝင်ခွင့်ရသလောက်မှာလည်းမရှိ။ ပြည်ပထွက်ခွာ ...ည့်သူတွေနေရာမှာလည်းမရှိ။ လေဆိပ်စားသောက်ဆိုင်တန်း၊ ကား ရပ်ကွင်းနှင့် ပတ်ဝန်းကျင်မှာလည်းမတွေ့။ ခေါင်းထဲ မူးမေ့မတတ် ဖြစ်သွား၏။ ရင်ထဲအတိုင်းမသိ လစ်ဟာသွား၏။

ကျွန်တော်… ချစ်သူကို လက်လွှတ်လိုက်ရတာ ကြိမ်းသေ နေပါပြီ။

ကျွန်တော် ဒီပွဲမှာ အခမ်းနားဆုံး ကျရှုံးခဲ့ရပါပြီ။

ကျွန်တော် အသုံးမကျ၍ ချစ်သူကို လုံးလုံးလျားလျား စွန့် ...ွှတ်လိုက်ရပါလေပြီ။

စံရယ်…

ကိုယ်တို့နှစ်ယောက်

ဘယ်လောက်ပဲဝေး၍ ဝေးရာဆီကို ရောက်ချင်သလောက် ...ောက်သွားစမ်းပါစေ။ ရင်ထဲက ရင်ခုန်သံချစ်ခြင်းတွေ ထာဝရ ...ည်တံ့နေသမျှ မနက်ဖြန်တိုင်းမှာ မျှော်သင့်ချက်တွေလွှင့်တူကြမယ်။

ကျွန်တော့်ဆန္ဒကို ချစ်သူ ဘယ်လိုကြားသိနိုင်ပါ့မလဲ။

တစ်နေ့နေ့မှာ ကျွန်တော်ဟာ သူမကို အနိုင်ပိုင်းစွန့်ပစ်ဖို့ ...ဆောင်ချစ်ခဲ့တာပါလို့ သံသယစိတ်အရင်းခံ ရှိထားမှုနဲ့ ယခုပွဲမှာ ...တော် အောင်ပွဲခံသွားပြီလို့ ယူဆစွဲမြင်သွားခဲ့လေရော့သလား။

ကျွန်တော့်ရင်ကို ဖွင့်လှစ်ထားလိုက်ချင်တယ်။

စိတ်ထင်ရာ လွင့်လိုက်သည့်အခါ

ဝေးလွင့်ခြင်းရဲ့နောက်မှာ

တေလေတစ်ယောက်လို လိုက်ပါရင်း

အလွမ်းတွေကျကျန်ကြွင်းချင်တယ်

သေ…

www.burmeseclassic.com

www.burmeseclassic.com



ငါ ဘယ်လောက်အထိ ကြွေရမလဲ
ရင်အသည်းကို ခွဲဖောက်
ကြိုက်သလောက်သာ ယူသွား
ရှင်နေခြင်းက ပိုလို့ခါးတယ်
ရင်ခွင်ဗလာနဲ့
ကျွန်တော့်ချစ်သူ ဘယ်မှာလဲ
မေးခွန်းတွေ အထပ်ထပ်စွဲရင်း
မတ်တပ်လဲပြီး သေချင်သေ
မျှော်လင့်ချက်ကြီး ရှင်သန်နေမယ်
မငိုပါဘူး…
ကိုယ်မမှာဖူးတဲ့မိုးတိမ်တွေက
ပါးနှစ်ဖက်ပေါ်ရွာချ
ဘုရားစူးလို့မကျန်ပါရစေနဲ့
ကိုယ်က ရင်လက်ရုံးနဲ့
ကောင်းကင်နှလုံးကို သိမ်းပိုက်နိုင်တဲ့လူ
အို… ချစ်သူ
မင်းဟာ အနာဂတ်နဲ့တူတယ်
နောက်ဆုံးမှာတော့…
ကောင်းကင်လက်ရုံးလည်း
အနာဂတ်ကို အရှုံးကြီး ရှုံးခဲ့ရပါပြီ…။

* ♠ *

'ဟိတ်'

နောက်က ခေါ်သံကြား၏။ လှည့်မကြည့်မိ။ ဒီအချိန်မှာ ကွန်တိန်နာတင်ဆောင်ပြီး အရှိန်နှင့်မောင်းကာ အနားရောက်မှ

'ပွမ်… ပွမ်… ဘော်… ပေါ်'



ဟွန်းနှိပ်သံဖြင့် လန့်အောင်အော်လည်း ကျွန်တော် လှည့်ကြည့်မိမည်မဟုတ်ပါ။ အချစ်မရှိမှတော့ ဘဝလည်းမရှိချင်တော့ပြီ။

စံကို လွမ်းတဲ့စိတ်တွေက ကျွန်တော့်ကို ချုပ်နှောင်နင်းသတ်နေလေပြီ။ အချစ်ကမထားရင်လဲ။

ကိုယ့်ဘဝကြီးကျောက်ပျဉ်လို ပြားချင်ပြားပါစေတော့။ စိတ်ဓာတ်ကိုက ပလာတာလို ပြားချပ်နေပြီပဲ။

'မိုးနတ်မင်းကြီးရယ်… ကောင်းကင်ပေါ်ပျံဝဲသွားတဲ့ လေယာဉ်ကြီးထဲက ကျွန်တော့်ချစ်သူစံကို လေယာဉ်ပေါ်ကနေ ဆောင့်တန်ချပေးသနားတော်မူပါ'

ကျွမ်းထိုးမှောက်ပြန်လန်ကျလာရင်လည်း ကျွန်တော် အောက်က ဆီးကြိုဖမ်းခံပါ့မယ်။

မတော်တဆ သူမကျိုးကြေရင်တောင် အဲဒီ ဒုက္ခိတမလေးကို ကျွန်တော် ရိုးမြေကျ ပေါင်းသင်းသွားပါ့မယ်။

မတော်တဆ သူမပြဲကားကျရင်လည်း ကျွန်တော် အသည်းကြားမှာ မြတ်နိုးနွေးထွေးစွာ ထားပြီး ချစ်သွားပါ့မယ်။

'ဟေ့လူကြီး ခေါ်နေတာ မကြားဘူးလား'

နောက်ဘက်က ဆက်ခေါ်သံကို ကြားရပြန်၏။ ကြားဖူးနားဝသေသံ။ နားမှာစွဲပြီး အသည်းမှာ ချိုမြိန်စေသော အသံ။ နားရည်ဝနေသော အသံကြောင့် ဆတ်ခနဲ လှည့်ကြည့်လိုက်မိ၏။

'ဟင်… စံ… စံ… စံတော်ဝင်'

'ဟုတ်တယ်လေ၊ ဘာလို့ လူကို ပြူးကြည့်နေရတာလဲ၊ သူ့သူးသရဲများ မှတ်နေသလား'

'မ… မဟုတ်ဘူး၊ နတ်သမီး အလှကေရီမာယာဘုရင်မ… ကိုယ့်အသက်တမျှ မြတ်နိုးရပါသော စံတော်ဝင်ကလေးရို့'

'ကျွန်မ ဖလိုက်နဲ့ လိုက်မသွားဖြစ်ဘူး၊ တမင်ကြေ[illegible]ခဲ့တာ ဒါ့ ဘာကြောင့်လဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်… ဟုတ်လား၊ ဘာကြောင့်လဲ'

'ရှင့်ကြောင့်'

'ဟိုက်'

'တကယ်ပြောနေတာနော်'

ကျွန်တော် ပြေးဖက်ပစ်လိုက်၏။ ဘေးလူတွေ ဘာတွေ ဂရုစိုက်မနေနိုင်တော့။ ကျွန်တော့်အသိမှာ စံနှင့်ကျွန်တော် နှစ်ယောက်တည်းရှိ၏။ ကျွန်တော့်ကမ္ဘာမှာ စံနှင့် ကျွန်တော်သာ ပျော်နေပါပြီ။

'အို… လူတွေနဲ့'

'ကိုယ် မင်းကို လုံးဝမခွဲနိုင်ဘူး စံရယ်'

'မခွဲနိုင်လို့ ဒီကလည်း နေရစ်ခဲ့တာပါနော်၊ ကဲ… လာပါ ဗျတ်နှာကြီးက ငိုမဲ့မဲ့နဲ့ တော်ကြာ ကလေးဆိုးကြီးလို အသံပြဲကြီးနဲ့ များ ငိုချမလားပဲ၊ ကားပေါ်တက် ပြန်ကြရအောင်'

'မပြန်တော့ဘူး စံ၊ ဒီလိုအမိအရ ဆုပ်ကိုင်မိချိန်လေးမှာ မင်းကို တစ်ခါတည်း ခိုးပြေးသွားမယ်'

'အို… ဘယ့်ဖြစ်မလဲ၊ လူကို ဟင်းရွက်ကန်စွန်းများ မှတ်နေသလား'

'ဟင်းရွက်ကန်စွန်းလည်း ဈေးကြီးနေပါပြီကွာ၊ သူဌေးတွေတောင် ဗီတာမင်အတွက်ဆိုပြီး နင်းကန်ကြိတ်ကုန်ကြပါပြီ၊ ကိုယ့်နောက်ကိုလိုက်ခဲ့ပါ၊ လိုက်ခဲ့တော့ စံတော်ဝင်ရယ်၊ အချစ်ကြောင့် ကိုယ်စိတ်နှစ်ပါးပင်ပန်းဆင်းရဲရတဲ့ဒဏ်၊ ကိုယ်မခံစားနိုင်တော့ဘူး'

'သနားစရာပဲ ငိုမိတော့မယ်'

'မပြုစားပါနဲ့ စံရယ်၊ စံကို ခိုးဖို့အရောက်လာတာပဲ၊ ခုမှ ဘာကြောင့် အီစီကလီလုပ်ပြီး အကြောင်းရိုက်နေရတာလဲ'

'ရှင် ဘာလို့အချိန်နောက်ကျပြီးမှ ရောက်လာရတာလဲ၊ ကျွန်မက ဖလိုက်နဲ့မလိုက်ဘဲ ဆက်စောင့်နေတဲ့ ခုလိုအချိန်ထိအောင်



ရှင်ရောက်မလာရင် ကျွန်မတော့ မဟာအရှက်တော် ကွဲရတော့မယ်၊ ဖလိုက်ပေါ်တက်လိုက်သွားပြန်ရင်လည်း ကွဲရဦးမယ်၊ ကျွန်မမှာ ဘယ်လောက်အကျပ်အတည်းဖြစ်နေရသလဲ'

'နောက် မဖြစ်စေရပါဘူး၊ တစ်ခါတည်းပါ စံရယ်'

'ဟွန့် ပြောလိုက်ရင် ဒီလိုချည်းပဲ၊ မာလာတစ်ယောက်ကတော့ စံအသဲမကွဲတော့တာသာသိရင် ငုတ်ကောင်းကောင်းချပြီး ဆောင့်သေလိမ့်မယ်နဲ့ တူပါရဲ့'

'မာလာကို စိတ်ကူးထဲကနေ ကန်ထုတ်၊ ပစ်လိုက်ပါ၊ ကိုယ်တို့ ဒီနေ့ခိုးပြေးပြီး မိုးယွန်းကြီးအင်း ဘေးမှဲ့တောမှာ တည်းခိုဆောင်တွေရှိတယ်၊ ဆိတ်ငြိမ်တယ်၊ နားအေးတယ်၊ အေးဆေးပဲ၊ တစ်လလောက် သွားနပ်ပြီးပျော်ကြစို့'

ကျွန်တော်က သွတ်လက်မြူးကြွစွာဖြင့် ဖိတ်ခေါ်လိုက်တော့ စံတော်ဝင်က ကျွန်တော့်နဖူးကို လက်သီးဆုပ်ပြီး တဒုတ်ဒုတ်ထုရင်း

'သိပ်တတ် သိပ်ဆိုး သိပ်ကဲတဲ့လူ၊ ဟိုရောက်မှ ရဲရဲကဲကြည့်ဖြတ်ပစ်မယ်၊ ဒီမှာတွေလား စတီးကပ်ကြေး'

'အမငိုး… ဘာကိုဖြတ်မှာလဲဟင်၊ လူညွန့်မတုံးပါရစေနဲ့ စံရယ်၊ ဒါလေးတစ်ခုတော့ ခွင့်လွှတ်စေချင်တယ်'

'ဘာတွေလျှောက်တွေးပြီး ပြောနေတာလဲ၊ စံက ရှင့်ရဲ့ အကြောကိုဖြတ်မှာကို ပြောတာ'

'ဘာ… ဘာ… အကြောကိုဖြတ်မှာလဲဟင်'

'နှန့်ကြော'

* ♠ *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၇)

ကျွန်တော် စံကို ခိုးသွားဖို့ ကားငှားနေစဉ်မှာ စံကိုလိုက်ပို့သော စံရဲ့အဘိုးအဘွားတွေ အိမ်အပြန်နှင့်ပက်ပင်းကြီး သွားဆုံတိုးပါလေတော့သည်။

‘ဟင်… စံတော်ဝင် ငါ့မြေး… နင်… နင်… လေယာဉ်လည်းထွက်ခွာသွားပြီးမှ ဘယ်နှယ် ဒီကိုရောက်နေရတာလဲ’

‘အဲ… အဘိုး… ဟို… သမီးလေ… ဟို…’

အဘွားဖြစ်သူက စံတော်ဝင်ရဲ့ လက်ကို ဆတ်ခနဲ ဖမ်းဆွဲရင်း…

‘ညည်း ဘာအချိုးချိုးတာလဲ၊ ဒါတွေက ငါတို့ကနေဖြစ်လာတာပါ၊ လေယာဉ်ပေါ်တက်မလိုက်ဘဲ ထွက်ခွာရာအခန်းကနေ အစောင့်တွေကို အကြောင်းပြချက်ပေးပြီး ပြန်ထွက်လာတာ မဟုတ်လား၊ ငါတို့အဘိုးအဘွားကြီးတွေ မျက်လုံးမှိတ်နေတာကို အခွင့်အရေးယူပြီး ငါတို့ကို အရူးလုပ်လိုက်တာလား စံတော်ဝင်’

‘အို… ဟို… မဟုတ်ဘူး’

‘ဘာမဟုတ်ဘူးလဲ၊ ညည်းအကြောင်းတွေ ငါကြားထားပြီးသား၊ ဒါကြောင့် ညည်းရဲ့ မိဘတွေဆီကို ပို့ရတာ၊ ဒီကောင်လေးက ဘယ်သူလဲ၊ ဘယ်ကလဲ၊ ညည်းနဲ့ဘယ်လိုပတ်သက်သလဲ’





‘ဟင့်အင်း… ပတ်သက်ဘူး၊ သူက ကားငှားပေးတာ၊ ကူညီတာ’

‘ဟုတ်ပါတယ်၊ ကျွန်တော်က ပရဟိတလုပ်ဆောင်တဲ့ သူငယ်ပါ’

အဘိုးနှင့်အဘွားက ကျွန်တော့်ကို မယုံသင်္ကာဖြင့် ပြူးပြဲပြီး ကြည့်လာကြကုန်၏။ အဘိုးကြီးက စံတော်ဝင်ရဲ့ နားရွက်ကိုဆွဲလိမ်လိုက်၏။

‘အား… နာတယ် အဘိုးရဲ့၊ အင်းဟင်းဟင်း… လူကြားထဲမှာ သမီးရှက်တယ်၊ လွှတ်ပါ’

‘မလွှတ်ဘူး၊ နင်ဘာလို့လေယာဉ်နဲ့မလိုက်သွားရတာလဲ၊ အဲဒါ ဘာသဘောလဲ၊ ဘာအကြောင်းကြောင့်လဲ၊ အမှန်ပြောစမ်း၊ မပြောရင် နင့်နားရွက်ပြုတ်ပြီသာမှတ်ထား’

‘ပြောပါ့မယ်၊ ဟိုလေ အဘိုးနဲ့အဘွားကို မခွဲနိုင်လို့ သမီး ခင်နေခဲ့တာပါ’

‘အဲဒါအစကတည်းက ပြောပါလား’

‘အစကတည်းက ပြောတာပဲ၊ အဘိုးနဲ့အဘွားက အတင်း ချုပ်စီစဉ်တာကိုး’

အဘိုးက ခေါင်းတခါခါ။ ခေါင်းခါပါများလို့ ဇက်ကြီးစောင်းသွားတာကို လက်နှင့်မနည်းပြန်တည့်လိုက်ရ၏။ အဘွားကတော့…

‘ညည်းအကြောင်းကို ငါသိတယ်၊ လူကြားထဲမှာ မပြောချင်ဘူး၊ အိမ်ရောက်မှပြောမယ်၊ လာ… အိမ်လိုက်ခဲ့၊ လေယာဉ် ဆီကို လေယာဉ်လက်မှတ်ခလျှော့ဒါန်းတယ်၊ ငွေကိုငွေလိုမသင်…မ’

အဘွားက အတင်းဆွဲခေါ်၏။ ကျွန်တော်က စံရဲ့ လက်တစ်ဖက်ကို ပြန်ဆွဲထားသောအခါ အဘိုးကြီးက နှုတ်ခမ်းမွေးဖြူဖြူကြီး ထောင်ထွက်သွားပြီး…



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်··· အဲဒါ ဘာလုပ်တာလဲ၊ ခုလွှတ်စမ်း၊ ငါ့မြေး ရဲ့လက်ကို'

'အားနာပါတယ်၊ ဒါပေမဲ့ မလွှတ်နိုင်ပါဘူး'

'ဘာကွ၊ မင်းလိုကောင်က ရာရာစစ စော်ကားလှချည်လား၊ ဆင်ခြေတုံးဆယ်ပြာကများ ရွှေခွက်နဲ့တိုက်ချင်ရတယ်လို့ ခုလွှတ်'

'ဟော့ သူငယ် မင်းရိုင်းလှချည်လား၊ အဘိုးအဘွားတွေရှေ့ မှာတောင် မရှောင်တဲ့မောင်ပါလား၊ ဒီမှာ ငါ့မြေးနဲ့ မင်းက ဘာဆိုင်လို့ ဒီလောက်ပိုင်စိုးပိုင်နင်းနဲ့ လက်ကိုင်ရတာလဲ၊ အခုလွှတ်လိုက်စမ်း'

'ဒီလိုရှိပါတယ် ဖွားဖွား၊ အဲလေ ဘွားဘွား၊ စံနဲ့ကျွန်တော် နဲ့က မေတ္တာမျှနေကြပါပြီ၊ ဒါကြောင့် ဘယ်သူခွဲခွဲ ကျွန်တော်နဲ့စံ မခွဲနိုင်ပါဘူးခင်ဗျာ၊ ဒီနေ့ပဲ လူကြီးတွေရှေ့မှာ မျက်နှာပြောင်ပြောင်နဲ့ပဲ ပေါ်တင်ကြီး ခိုးပြေးရပါတော့မယ်'

'ဘာ'

'ဟင်'

အဘိုးကြီးနဲ့အဘွားကြီး ဘီလူးနှုတ်ခမ်းမွေးမီးလောင်ခံရသလို တုန်လှုပ်ခုန်ဆွဲဒေါသအမျက်ချောင်းချောင်းထွက်ကုန်ကြပါလေရော။

စံက အနေရခက်တဲ့မျက်နှာလေးနဲ့ ဟိုကြည့် ဒီကြည့် လုပ်နေ၏။ ကျွန်တော်က စံရဲ့ လက်ကို ဆွဲပြီး အမြန်ပြေးထွက်လာလိုက်၏။

ခြေလှမ်းဆယ်လှမ်းစာအရောက်မှာ အဘိုးကြီးနှင့်အဘွားကြီး တို့ရဲ့ အော်ဟစ်သံတွေ ပွက်လောရိုက်ကုန်၏။

'လုပ်ကြပါဦး၊ ခါးပိုက်နှိုက် ခါးပိုက်နှိုက် ဖမ်းပေးကြပါ ချုပ်ကြပါ'

'ဟုတ်ပါတယ်၊ လူခါးပိုက်နှိုက်၊ ကျွန်မတို့ရဲ့ မြေးမလေးကို ခါးပိုက်နှိုက်သွားတာ၊ ဖမ်းထားပေးကြပါ'

လူတွေက ပြုံးကြောင်ပြီးတော့သာ ကြည့်နေကုန်၏။

ခါးပိုက်နှိုက်ဆိုတစ်ယောက်တည်း ပြေးထွက်လာမှာပေါ့



ခုဟာက စုံတွဲ။ နှစ်ယောက်စလုံးကလည်း အပျိုစားလေးတွေကိုး။

ကြံ့ရာတက္ကစီတားဆီးပြီး အဝေးဆုံးရောက်အောင် မောင်းနိုင်း လိုက်၏။

'ကမ္ဘာ့အပြင်ဘက်ရောက်ချင်ရောက်ပါစေ။ မောင်းသာ မောင်း ကားဆရာ ဘောက်ဆူးခြသော့အစိမ်းတစ်ထပ်ပေးမယ်'

'အိုကေ ဒါမျိုးဆိုကြိုက်ပြီးသား၊ မြဲမြဲသာကိုင်ထားကြ'

ကားဆရာမောင်းပို့ရာ၏။ ဆယ်မိုင်ကုန်းမှာပဲ လှည့်ကင်းနှင့် တိုးပြီး သတ်မှတ်မိုင်နှုန်းထက်ကျော်မောင်းလို့ လိုင်စင်အသိမ်းခံလိုက် ရ၏။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၈)

ပဲခူးမြို့ ဆည်မြောင်းဝင်းထဲက အိမ်တစ်အိမ်မှာ ကျွန်တော်နှင့် စံတော်ဝင်တို့ တည်းခိုပုန်းအောင်းဖြစ်၏။

ကံထူးဓမ္မရိပ်သာရဲ့ ရှေ့ဘက်လမ်းတိုလေးအဆုံးမှာ မြေဧ[illegible] တစ်ဧကခွဲလည်း နီးပါးကျယ်သောခြံဝင်းထဲမှာ တိုက်ဟောင်းလေး တစ်လုံးရှိ၏။ ထိုတိုက်မှာ ရူပအာကာသန်းဆိုသော လူပျိုကြီးတစ်ဦး နေ၏။

ကျွန်တော်နှင့်ရူပအာကာသန်းမှာ ဆွေမျိုးတော်စပ်ကြ၏။

'ကိုကြီးရူက ဒီအိမ်မှာ တစ်ယောက်တည်းနေတာ ဒီမှာ ဘာ[illegible] ပူစရာမလိုဘူး၊ စိတ်ကြိုက်နေကြ၊ မင်းတို့လွတ်လွတ်လပ်လပ်နေ[illegible] အောင်လို့ ကိုကြီးရူက မြို့ထဲက မိဘအိမ်မှာ သွားနေပေးမယ်၊ ဆန်[illegible] မီးသွေး အပြည့်အစုံရှိတယ်၊ ဆီဆန်ဆား ကြက်သွန် ဟင်းချက်မှု[illegible] တွေလည်းရှိတယ်၊ ခြံထဲမှာ ဟင်းသီးဟင်းရွက်နဲ့ စားပင်သောက်ပ[illegible] တွေရှိတယ်၊ ဈေးကို သွားငါးဝယ်ဖို့မှာရင် ရှေ့အိမ်က ပိစိမလေးကို ခေါ်လိုက်၊ သူ့ကိုမုန့်ဖိုးပေးပြီး အကုန်ဝယ်ခိုင်းလို့ရတယ်'

'ကျေးဇူးတင်ပါတယ် ကိုကြီးရူ'

ကိုကြီးရူက မြို့ထဲလစ်သွား၏။ စံက…

'ကိုကြီးရူရဲ့နာမည်ကလည်း ရူပအာကာသန်းတဲ့၊ တစ်မျိုးကြီး ပဲနော်'



'အလှဆုံးနာမည်ဖြစ်အောင် ပေးထားတာ၊ သူ့ဖေက ဦးရွှေသန်း၊ ဆည်မြောင်းမှာ အအေးဆိုလား အက်အေအေးဆိုလားပဲ၊ သူ့အမေက ဒေါ်သန်းကြွယ်၊ ဦးရွှေသန်းက သုမောင်နဲ့တူတယ်၊ ဒေါ်သန်းကြွယ်က ခင်သန်းနုနဲ့တူတယ်၊ သူတို့လင်မယားက မြို့ထဲမှာ တိုက်ခန်းအကျယ်ကြီး ဝယ်ထားတာ အဲဒီမှာ နေကြတယ်၊ ဒီခြံက အပို ဝယ်ထားတာ၊ ခြံစောင့်အနေနဲ့ ကိုကြီးရူက လာလာနေပေးတာလေ'

'ခြံကြီးက အကျယ်ကြီးပဲနော်၊ ရေစက်နဲ့ရေကန်ကြီးလည်းရှိတယ်၊ လျှပ်စစ်မီးအပြင် အင်ဗက်တာတွေလည်းရှိသေးဘယ်၊ ရေခဲသေတ္တာလည်းရှိသေးတယ်'

'အချစ်နတ်ပြည်လေးပေါ့'

ကျွန်တော့်အပြောကြောင့် စံတော်ဝင်ရဲ့မျက်စောင်းလှလှလေး ဒိုင်းခနဲ လွင့်ပျံလာ၏။ အဲဒီနေ့မှာပဲ ညစာအတွက်နှစ်ယောက်ပေါင်း ချက်ပြုတ်ကြရတယ်။

စံတော်ဝင်ကလည်း အချက်ဆိုရင် ဘဲဥချက်။ အပြုတ်ဆိုရင် ဘဲဥပြုတ်ပဲလုပ်တတ်သူ။ ကျွန်တော်ကလည်း ရေနွေးအိုးလောက်သာ တည်တတ်တဲ့သူ။

ကြက်အူချောင်းကြော်ကို ဆားထည့်၊ ဆနွင်းမှုန့်ထည့်ကာ ကြော်မိလိုကြော်မိ။ ထမင်းချက်တာ ဆန်ပြုတ်ဖြစ်လိုဖြစ်၊ ဘဲဥကြော်တာ တူးလိုတူးနဲ့။

မင်္ဂလာဦးညစာကို အိုးမဲပေထားတဲ့ နှာခေါင်း၊ နဖူးတွေနဲ့ ပျော်ပျော်ပါးပါးကြီး စားသောက်လိုက်ကြရတယ်။

အချစ်ကြောင့် အရာရာဟာ ပျော်စရာပီတိတွေနဲ့ နေကြတာပါ။ ဝက်အူချောင်း ငံကြွတ်ကြွတ်လေးကို တစ်ယောက်တစ်လှည့်စီ ခွံ့ကျွေးတော့ ကြိတ်မှိတ်မျိုချလိုက်ကြရတယ်။ ရေခဲရည်လေးနဲ့ မျောချကြရတာပေါ့။

ဘဲဥကြော် တူးခါးခါးလေး ဖွဲထည့်ပေးတဲ့ ဆန်ပြုတ်ထမင်း

www.burmeseclassic.com



ထိုသည်း ဖြိုင်တွင်ကျွေးကြတော့ သူ့ထက်ငါ ပိုအခွဲ့ပြိုင်ကြသလို တောင်ဖြစ်နေပါရော။ စားသောက်ပြီးတော့ တီဗွီထိုင်ကြည့်ဖြစ်ကြတယ်။

ကြည့်နေရင်း ခြေထောက်ဘေးကအသံတစ်သံ ကြားလို့ ငုံ့ကြည့်လိုက်တော့…

'အောင်မလေး'

'ရှင်ဘာဖြစ်တာလဲ'

'ကင်းမြီးကောက်ကြီး မည်းမည်းကြီး အီး'

'အဲ… ဟုတ်သား၊ အောင်မလေး ကြောက်တယ်၊ ကင်းမြီးကောက်တွေ ဟိုမှာရော သုံးကောင်တောင်'

တစ်သက်နဲ့တစ်ကိုယ် ကင်းမြီးကောက်အရှင်လတ်လတ်ကို ဒီတစ်ကြိမ်သာ မြင်ဖူးတာမို့ လန့်ဖျပ်ပြီး ခုံပေါ်ကို ခြေထောက်တွေ အမြန်တင်ထားလိုက်ကြ၏။

ကင်းမြီးကောက် သုံးကောင်က လက်မကြီးတွေချီမြှောက် အမြီးက အဆိပ်ဆူးကို ထောင်ကောက်ပြီး ဟိုဟိုဒီဒီ ကူးလူးသွားလာနေကြ၏။

'ဘယ်လိုလုပ်မလဲ၊ အဆိပ်ပြင်းတဲ့ ကင်းမြီးကောက်တွေ'

'မကြောက်နဲ့'

ကျွန်တော်က တံမြက်စည်းကို ပြေးကောက်ပြီး နီးရာတစ်ကောင်ကို ရိုက်ချလိုက်၏။

ကျိုးကြေပြီး တစ်ကောင်သေသွား၏။ ကျန်နှစ်ကောင်က ကျွန်တော့်ဆီပြေးဝင်လာ၏။

တစ်ကောင်ကိုရိုက်ပြီး တစ်ကောင်ကို ဖိနပ်စီးထားသော ခြေထောက်ဖြင့် ကျွပ်ခနဲတက်နင်းပစ်လိုက်၏။ သုံးကောင်စလုံး ကျိုးကြေသေကုန်ကြ၏။

'ဟူး… တစ်ထပ်တိုက်အိမ်လေးထဲဆိုတော့ အကြိုအကြားက





နေ တက်လာတာနဲ့တူတယ်၊ အပေါ်က်လိုက်ရှာကြည့်ဦးမယ်'

ကျွန်တော်တို့နှစ်ယောက် အပေါက်မှန်သမျှ အုတ်ခဲကို တူနဲ့ ထုချေပြီး လိုက်ပိတ်ကြရ၏။

အိပ်ခန်းထဲဝင်တော့ ခုတင်အောက်တွေပမကျန် လိုက်ကြည့်လိုက်ရာ…

'ဟိုမှာ ဟိုမှာ နှစ်ကောင်'

'ကဲဟာ'

'ကျွတ်'

'အင့်ဟာ'

'ကျွတ်'

ကင်းမြီးကောက်တွေကို တစ်အိမ်လုံးပိုက်စိပ်တိုက်လိုက်ရှာပြီး ကိစ္စချောပစ်လိုက်ရ၏။

'ဆယ့်သုံးကောင်တောင် ကျွန်မ မအိပ်ရဲတော့ဘူး၊ တော်ကြာ ခုတင်ပေါ်အထိ တက်လာပြီး ထိုးလိုက်မှ'

'မစိုးရိမ်ပါနဲ့ လူဆိုတာ ကင်းသုံးကင်းမှာ တစ်ကင်းတော့ အဆိပ်ပြီးတယ်တဲ့၊ ကိုယ်က ကင်းခြေများအထိုးခံရဖူးတယ်၊ တစ်နာရီလောက် အဆိပ်တက်နာကျင်တာခံလိုက်ရတယ်၊ ကင်းထိုးတဲ့နေရာကို ကြက်သွန်နီအပြားလှီးပြီး ကပ်ထားလိုက်တာ ပျောက်သွားရော'

'ဒါဆို စံက ဘယ်ကင်းပြီးသလဲ မသိဘူး'

'အထိုးခံပြီး စမ်းသပ်ကြည့်မလား'

'အောင်မလေး ကြောက်ပါရဲ့'

အဲဒီညက ကျွန်တော် ကင်းစောင့်ရ၏။ စံတော်ဝင် စိတ်ချလက်ချအိပ်မောကျသွား၏။ ကင်းစောင့်တယ်ဆိုတဲ့စကားက ဒီလိုကိစ္စရပ်မျိုးကပေါ်လာတာပဲဖြစ်မယ်လို့ ကျွန်တော် ရှာကြံတွေးတောမိနေ၏။

* ♠ *

www.burmeseclassic.com

## အခန်း(၂၉)

အိမ်ဘေးမှာ ဒညင်းသီးပင်ကြီးရှိပြီး ဒညင်းသီးတွေ ပြွတ်ခဲနေအောင် သီးနေ၏။ စာကလေးဒညင်းသီးမျိုးတွေ။

အိမ်ရှေ့က ပိန္နဲပင်မှာ ပိန္နဲသီးကြီးတွေ ခြောက်လုံးခန့်သီးနေ၏။ ခြံထဲမှာ သီဟိုဠ်သရက်၊ မန္တလေးရင်ကွဲ၊ မချစ်စုပင်တွေ စုစုပေါင်း ဆယ်ပင်ခန့်ရှိကာ အသီးတွေလည်း မြိုင်လို့င်နေ၏။ လေပြင်းပြင်းတိုက်တိုင်း အသီးမှည့်တွေ ကြွေကျနေ၏။ ငှက်ကိုက်ထားသော သရက်သီးမှည့်တွေပင် မြေမှာပြန့်ကြဲနေ၏။ ဒန့်သလွန်ပင် ရှိ၏။ ဝါးရုံတွေရှိသည်။ ဝါးရုံထဲမှာ ကြခတ်သောင်းဝါးမြစ်တွေ ထိုးယူလို့ရ၏။

ဒန့်သလွန်သီးတွေ ခူးဆွတ်လို့ရသည်။ ဒညင်းသီးပင်ပေါ် ကျွန်တော် တက်ပြီး ဝါးလုံးနှင့်ထိုးလိမ့်ခူးချပေး၏။

စံကအပင်အောက်က ဒညင်းသီးတွဲတွေလိုက်ကောက်၏။

မြွေစိမ်းမီးခြောက် တစ်ကောင်ကို အရွက်တွေကြားမှာ တွေ့လိုက်ရမှ ကျွန်တော်လန့်ပြီး အောက်အမြန်ပြန်ဆင်းရ၏။ အောက်ရောက်တော့ ဒညင်းသီးတွေ တူနဲ့ထုခွဲပြီး အလုံးဖွေးနုနုလေးတွေ ရွေးထုတ်ရ၏။

တစ်နေ့ကို အလုံးတစ်ရာကျော်မက ရ၏။ ပြုတ်စား၊ သုတ်စား၊ ဟင်းချက်စားလို့ပင် မကုန်နိုင်။



စံက အကြံကြီးပြီး ဒညင်းသီး ဆားရည်စိမ်ထည့်ထား၏။ နှစ်ယောက်စလုံး ဒညင်းသီးကြိုက်သူများဖြစ်နေ၏။

သံပုယိုပင်၊ ကျွဲကောပင်တွေကလည်း ရှိပြန်သေး၏။ ဒီအိမ်လေးမှာ သုံးရက်မြောက်အထိ နတ်ပြည်ရောက်နေသလို နေပျော်ဖြစ်ကြ၏။ စိတ်စနိုးစနောင့် ဖြစ်ရခြင်းမှာ ကင်းမြီးကောက်များသာ။

မြေကြီးပေါ်ကို ဂရုတစိုက်ကြည့်သွားရ၏။ မကြာခဏ တွေ့ရ၏။ ကင်းမြီးကောက်တွေကို ဆေးဖော်ရာတွင် သုံးမှန်းသိကြ၍ ပုလင်းထဲဖမ်းထည့်ကာ ရောင်းရောင်းဖို့ ကြံစည်ကြသေး၏။

ကင်းမြီးကောက်တွေကိုမသတ်ချင်။ ဒါကြောင့် ကျွန်တော်က အကြံကြီးပြီး...

'သူတို့အဆိပ်စူးတွေကို ဖြုတ်ပြီး လွှတ်ပေးလိုက်ရင် ကောင်းမယ်၊ ဒါဆို နောက် ဘယ်သူ့ကိုမှ ထိုးလို့မရတော့ဘူးပေါ့'

'ဟုတ်တယ်၊ မီးညှပ်တွေနဲ့ကိုင်ပြီး အဆိပ်တွေဖြုတ်ထုတ်ရအောင်'

နှစ်ယောက်သား အဆိပ်ဆူးကို ဖြုတ်ထုတ်ကြည့်ကြ၏။ ဖြုတ်လို့မရ။ လက်လျှော့ပြီး ပြန်လွှတ်ပေးလိုက်ရ၏။ ကင်းမြီးကောက်အပြင် မြွေတွေကလည်း ပေါပြန်သေး၏။ မြွေတွေကို ရိုက်သတ်ရပြန်၏။

ရေချိုးရာ ရေကန်သွားတိုင်း မြေလမ်းပေါ်မှာ မြွေနှင့် ကင်းမြီးကောက်တွေ ခဏခဏတွေ့ရပြန်၏။ အဲဒီအန္တရာယ်ကို ကြောက်၍ ပြန်ဖို့စီစဉ်မိကြလေသည်။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၀)

'ဘာဖြစ်လို့ ပြန်ကြမှာလဲ၊ ငါ့အိမ်လေးက ငြိမ်းချမ်းရေး နယ်မြေလေးပါ'

'ဟုတ်တော့ဟုတ်ပါတယ် ကိုကြီးမူ၊ ဒါပေမဲ့ ကင်းမြီး ကောက်နဲ့ မြွေပေါတယ်၊ ကိုကြီးမူက အဲဒီအကောင်ပလောင်တွေ ကို မွေးမြူရေးလုပ်ထားတာလား'

'ဘယ်ကလာ မွေးရမှာလဲ၊ ငါလည်း ရှင်းမနိုင်လို့ လွှတ် ထားရတာ၊ မေတ္တာပို့ပြီး မေတ္တာထားလိုက်ရင် အန္တရာယ်မပြုပါဘူး သူတို့ကို သွားမထိသရွေ့ အေးဆေးနေလို့ရတယ်'

'ကိုကြီးမူကလည်း အဲဒီအကောင်လေးတွေက မေတ္တာစာတ် ကို ခံလို့ရလို့လား'

'ရတာပေါ့၊ ငါဆို ဘာမဆို မေတ္တာထားတယ်၊ ငါ့အမေက ငါ့ကို စိတ်ဆိုးရင် နွားလို့ပြောတယ်၊ ငါခွင့်လွှတ်တယ်၊ ငါ့အဖေက ငါ့ကိုစိတ်ဆိုးရင် ခေါင်းကိုလက်သီးနဲ့ထိုးတယ်၊ ငါ ခွင့်လွှတ်တယ် ငါ့ရည်းစားက ငါ့ကိုစိတ်ဆိုးရင် ငါ့နှာခေါင်းကိုဆွဲဆိတ်တယ်၊ ငါ ခွင့်လွှတ်တယ်၊ ခွင့်လွှတ်ခြင်းများစွာနဲ့ ကိုကြီးမူပေါ့ကွာ'

'ပုထုဇဉ်တွေအနေနဲ့တော့ မလွယ်ဘူးနော်'

'လွယ်အောင်လုပ်ရင် လွယ်ပါတယ်'





ခြံထဲမှာ ခုံတွေချပြီး သရက်ပင်အောက်မှာ အေးအေးလူလူ ထိုင်စကားပြောဖြစ်နေကြချိန်ပေါ့။ အဲဒီလို ပြောနေတုန်း ကိုကြီးမူရဲ့ ခေါင်းပေါ်ကို သရက်သီးကြွေချတယ်။

'အား'

မချစ်စု သရက်သီးအလုံးကြီး ပြုတ်ကျလို့ ခေါင်းကိုလက်နဲ့ ဖိပြီး ကိုကြီးမူ အော်ဟစ်ညည်းတွားသွားတယ်။

'သူများခဲနဲ့ထုတာမဟုတ်ဘူး၊ သရက်သီးကြွေကျတာပါ'

'ဘာကွ၊ ဘယ်မှာလဲ အဲဒီသရက်သီး'

'သဲပုံပေါ်ကျနေပြီ'

'နီး သရက်သီး၊ ငါ့ခေါင်းပေါ်မှ ရွေးပြီးကြွေကျရသလား၊ တွေ့မယ်'

ကိုကြီးမူက သရက်သီးကို ကောက်ကိုင်ပြီး မြေကြီးပေါ် အားနဲ့ကိုင်ပေါက်ပစ်လိုက်၏။ မြေကြီးပေါ်မှာ သရက်သီး ဗျစ်ပြဲကြီး ဖြစ်သွားရှာ၏။

'ဟွန့်… မှတ်ပြီလား'

'ဘယ်လိုလဲ ခွင့်မလွှတ်တော့ဘူးလား'

'ဒါ တမင်ခြွေချတာကွ၊ ဟိုသရက်ပင်ပေါ့၊ တွေ့မယ် ဟင်း'

ကိုကြီးမူ အိမ်ထဲပြေးဝင်သွားပြီး ထင်းခုတ်ဓားမကြီး ဆွဲဆုတ် လာ၏။ သရက်ပင်ကြီးကို ပြေးပြီး တဒုတ်ဒုတ်နှင့် တရစပ်ခုတ်နေ တော့၏။

ခွင့်လွှတ်တတ်မှုအားကောင်းလွန်းသော ကိုကြီးမူကို ပြေးကာ ခင်းဆွဲရတော့၏။

'ငါကွာ၊ စနေသား စိတ်ကြီးတယ်၊ ဘာမှတ်သလဲ၊ ဖယ်စမ်း သစ်ငုတ်တောင် မချန်ဘဲ ခုတ်ပစ်မယ်၊ ဟင်း တောက်'

ကိုကြီးမူကို သရက်ပင်ကိုယ်စား မနည်းတောင်းပန်ပြီးရ ဒါတောင်…

www.burmeseclassic.com

www.burmeseclassic.com


'ညှော်သည်တွေရှိနေလို့၊ စိတ်လျှော့လိုက်တာ၊ နေဦး ညှော်သည်တွေပြန်မှ နင့်ကိုလှဲပစ်မယ်၊ ဟင်း…'

'ကဲပါဗျာ မြေနဲ့ကင်းတွေကိုရှင်းဖို့ ဒေါသလက်ကျန်ထားပါဦး'

'ဒီနေ့ကစပြီး မြေနဲ့ကင်းကို အသေဖျင်းမယ်ကွ'

ကိုကြီးမှုတစ်ယောက် လက်နက်မျိုးစုံနဲ့ မြေရှာကင်းရှာလုပ်နေတော့၏။

ချုံရှင်းမြေရှာ ကိုကြီးမှုပေါ့။

စံတော်ဝင်ကတော့ ပဲခူးမြို့ပေါ်က တည်းခိုခန်းကို ပြောင်းနေဖို့ အကြံပေး၏။

'လှုစုံတယ်၊ ဒီမှာပဲ ဆက်နေပါ၊ ကိုကြီးမှုက ရှင်းနေပြီပဲ'

ချက်ပြုတ်စားသောက်ရေး အဆင်မပြေတာတွေ ပြောပြတော့ ကိုကြီးမှု ကိုယ်တိုင် စားဖို့မှူးဝင်လုပ်ပေးတော့၏။

'မင်း မိန်းမနိုးလာတာ ငါ့မိဘတွေသိကုန်ပြီကွ'

'ကိုကြီးမှုကလည်း ဘာလို့သွားပြောလိုက်တာလဲ'

'ပြောမှဖြစ်မှာပေါ့၊ မိန်းကလေးကို သူ့အိမ်ပြန်အပ်ဖို့ မင်္ဂလာကိစ္စတွေ ပြောဆိုဖို့က ရှိသေးတယ်လေကွာ'

'အဲဒါတွေက စောပါသေးတယ်'

'စောတာမှန်သမျှ ကောင်းတာချည်းပဲကွ'

'အသေစောတာတော့ မကောင်းဘူးလေ'

'မင်းကတော့ ကပ်သီးကပ်ဖဲ့လုပ်ပြောပြီ'

'သဘောပြောတာပါ'

'အေးပါ၊ မင်းကောင်မလေးက တော်တော်စကားပြောတယ်နော်၊ ဘာတစ်ခွန်းမှမဟဘူး၊ စကားရောပြောတတ်ရဲ့လား'

'ရှင်… ကျွန်မလား ပြောတတ်တာပေါ့၊ ကိုကြီးမှုကချည်း ပြောနေတော့ ကျွန်မ ပြောချိန်မရလို့၊ မပြောဖြစ်တာပါ'

'ကြိုက်သွားပြီဟေ့'





'ရှင်… ကျွန်မမှာ လင်ကြီးငုတ်တုတ်နဲ့နော်'

'အဲဒါကိုပြောတာ မဟုတ်ပါဘူး'

'တော်သေးတာပေါ့ ကိုကြီးမှုရာ၊ ကျွန်တော့်မိန်းမလေးကို စိတ်နဲ့တောင်မပစ်မှားနဲ့နော်'

'နိုး… နိုး… နိုး… မင်းတို့တလွဲဆံပင်ကောင်းနေပြီ၊ ငါက မိန်းမမလိုချင်လို့ လူပျိုကြီးလုပ်နေတာ၊ ဒလက ငါ့အဖေအမျိုးတွေရဲ့ ရွာမှာဆိုရင် ငါ့ကိုကြိုက်နေတဲ့ကောင်မလေးတွေ ဝိုင်းရစ်သီနေလို့ ခါတောင်ချရတယ်၊ အဲဒီလောက် စွံခဲ့တဲ့ ကိုကြီးမှုပါကွ'

'ကိုကြီးမှု မျက်စိမကြာခဏ စွံတာတော့ တွေ့ဖူးပါတယ်'

'ဂိန်… ကောင်စုတ်လေး၊ ငါ့ကိုမြှောက်ရိုက်နေတယ်၊ ငါ့နှလုံးလမ်းကြောင်းမှာ ကျွန်းခံနေလို့လား မသိဘူး၊ မိန်းမဆိုရင် ငါ စိတ်မဝင်စားဘူး၊ ငါစိတ်ဝင်စားတာ အရက်ဝိုင်းပဲ၊ အဲဒါလေးသောက်ပြီး ရီဝေနေရရင်ပြီးရော'

'အဲဒီလိုသောက်တာ မကြိုက်လို့ ဦးလေးနဲ့အဒေါ်က ကန်ချလိုက်တာနဲ့ ဒီခြံထဲလာနေပြီး လွတ်လွတ်လပ်လပ်လာသောက်နေတာပေါ့'

'အေး ဟုတ်တယ်၊ ငါ့ဝင်ငွေနဲ့ ငါရှိပြီးသား၊ ပဲခူးမြို့ထဲနဲ့ ဆည်မြောင်းဂိတ်ကို ကြိုပို့တဲ့ လေးဘီးတပ်ကား ငါ့မှာရှိတယ်၊ ဝင်ငွေရှိပြီးသား၊ မင်းတို့ ပဲခူးမြို့ထဲ လည်ချင်ရင်ပြော၊ ငါ့ကားနဲ့လိုက်ပို့ပေးမယ်'

'ဒီနေ့ပဲလည်မယ်'

'ဟုတ်တယ်၊ ပဲခူးကို ဖြတ်သွားဖြတ်လာသာ ရောက်ဖူးတာ၊ သေသေချာချာလိုက်မလည်ဖူးဘူး'

'အိုကေ စိုပြေ၊ လိုက်ပို့ပေးမယ်၊ ဘုရား၊ နန်းတော်၊ ဟသ်ာ တောင်နဲ့၊ ခေါင်းဆေးကန်နဲ့ မြို့တစ်ပတ်လုံး ဝိုးကြမယ်၊ အဆင်ပြေတယ် မလား'


www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ တစ်ခုလောက်မေးချင်တယ်၊ ဆိုရိုးစကားလိုမျိုး ပြောသံကြားတာပေါ့နော်၊ ဟုတ်မဟုတ်တော့ သေချာမသိဘူး'

'ဘာမေးမှာလဲ၊ ငါက ပညာရှိ စီးကွက်ကြီးကွ'

'ယုံတယ်၊ စီကွက်နဲ့လည်းတူတယ်လေ'

'လုပ်ပြန်ပြီ၊ မြောက်ရိုက်ခံရတဲ့ ဘော်လီဘောများ ငါ့ကို မှတ်နေသလား ခင်မိုင်းရဲ့'

'အဟဲ… အဲလိုမထင်ပါနဲ့ နောက်ပြောတာပါ တကယ်လို့လည်းထင်ပါ'

'ဘာလဲကွ'

'ဒီလိုပဲ ဟင်္သာဖိုလေးပေါ် ဟင်္သာမလေးက နားနေတယ်၊ ရုပ်တုကြီးရဲ့သဘောက မိန်းမတွေကို ယောကျ်ားတွေက ချိုးပိုးမထားရတဲ့သဘောပေါ့နော်၊ အဲဒါကြောင့် ပဲခူးသူတွေဟာ ပဲခူးသားတွေအပေါ် နိုင်ကြတယ်ဆို'

'အေးလေ နိုင်လို့ပဲ ပခုံးပေါ်တင်ထားတာပေါ့'

'အနိုင်ကျင့်ပြီး နိုင်တာကို ပြောတာပါ'

'အင်း… ဟုတ်မယ် ထင်တယ်၊ ပဲခူးသူတွေက စိတ်ကြီးတယ်၊ စိတ်မြန်တယ်၊ ပဲခူးသားတွေကတော့ ခပ်ငြိမ်ငြိမ်တွေများတယ်၊ ပဲခူးသူကတော့ ပဲခူးဆားအတိုင်းပဲ နေရာတကာ ပါလေရာ၊ သွက်သွက်လက်လက်ထက်ထက်မြက်မြက်တွေချည်းပဲကွ'

'ဟုတ်တယ်နော် ကိုကြီးမူ၊ နောက်တစ်ခုရှိသေးတယ်၊ ပဲခူးက မုန့်ဟင်းခါးဆိုင် အတော်များများမှာ ဆီးဖြူသီးပြုတ်ပုလင်းလေးတွေ ထားကြတယ်၊ ပဲခူးကလူတွေက မုန့်ဟင်းခါးထဲကို ဆီးဖြူသီးပြုတ်လေးတွေ ထည့်စားကြတယ်၊ အဲဒါစတိုင်လ်လားဟင်'

'ငါပေါ့ ငါ့ညီမရယ်၊ အဲဒါ ပဲခူးစတိုင်လ်ပဲ၊ အဲဒါ မွန်ဘုရင်တွေလက်ထက်ကတည်းက လေခံတ်မုန့်အောင် ထည့်စားကြတဲ့ ဓလေ့ပေါ့၊ စားတတ်ရင်စားကောင်းပါတယ်၊ ကိုကြီးမူတောင် မုန့်ဟင်း



ခါးထဲ အဲဒါ ထည့်မစားရရင် တစ်မျိုးလိုနေသလိုပဲ'

စံတော်ဝင်က အင်္ကျီအဝတ်အစားလဲပြီး အခန်းထဲက ထွက်လာရင်း နားစွန်နားဖျားကြားလာဟန်ဖြင့်…

'ဘယ်ဟာထည့်စားရရင် တစ်မျိုးမလိုမှာလဲ နှပ်ချိုးငပိလှော်စားတာလားဟင်'

'ဝေါ့… ထပ်သရီး ဘာတွေပြောနေတာလဲ'

ကျွန်တော်တို့နှစ်ယောက် ကားပေါ်ရောက်သွားကြ၏။ နောက်ခန်းထဲမှာ အတူထိုင်ဖြစ်စဉ် ကိုကြီးမူ၏ ဗျစ်တောက်ဗျစ်တောက် ပြောရင်း လိုက်ပါလာ၏။

ကိုကြီးမူက နှပ်ချိုးဆို လွှမ်းစွာရှုရှာတတ်သူကြီးကိုး။ ပဲခူးမြို့ထဲကို မောင်းဝင်လာကြ၏။

တန်ခိုးကြီး ရွှေမော်ဓောစေတီတော်မြတ်ကြီးကို ဖူးကာ ပန်း၊ ရေချမ်းကပ်လှူပူဇော်ကြ၏။

ကျွန်တော်တို့စုံတွဲ ဦးခိုက်ပူဇော်ပြီးသောအခါ ကိုကြီးမူကို ကြည့်လိုက်တော့ အခြောက်မကြီးတစ်ယောက်နှင့်တွဲထိုင်ဆုတောင်းနေတာ တွေ့လိုက်ရ၏။

အဲဒီအဖြစ်ကို ဝိုင်းဟားဖြစ်တော့ ကိုကြီးမူ ကျွဲမြီးတိုသွား၏။

'အဲဒီအခြောက်မ ဘယ်အချိန်က အနားရောက်နေတာလဲ မသိဘူး၊ အာရုံပျက်လိုက်တာကွာ'

'နဖူးစာဆိုတော့လဲ'

'ဘာကွ၊ ဘာနဖူးစာလဲ၊ မင်းတို့တော့နော်'

'နန်းတော်ကိုသွားကြမယ်လေ'

'ဟင်း… ဟင်း… ဟင်း'

* ♠ *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၁)

နန်းတော်ရောက်တော့ ကိုကြီးရူတစ်ယောက် ဟိုကွယ်ဒီကွယ်နှင့် ဣန္ဒြေမဲ့နေ၏။

'ဘာဖြစ်လို့လဲ ကိုကြီးရူ'

'အသာနေစမ်းပါ ဣန္ဒြေမပျက်စေနဲ့'

'ကိုကြီးရူက ပျက်နေတာဗျ'

'ငါ့ငယ်ရည်းစားနဲ့ တွေ့လို့ကွ၊ သူ နိုင်ငံခြားမှာ အိမ်ထောင်ကျသွားပြီ၊ ခုလာလည်တာနဲ့တူတယ်၊ ဟောဟိုမှာ မိန်းကလေးသုံးယောက်ထဲက တီရှပ်အစင်းကျားနဲ့ ဘောင်းဘီလက်ရှည်အဖြူနဲ့ နေကာမျက်မှန်နဖူးချိတ်ထားတာ၊ အဲဒါ ငါ့ငယ်ရည်းစားပဲ'

'ဒါများဗျာ၊ သူနဲ့ကိုယ်နဲ့ ဇာတ်လမ်းပြီးပြီပဲ၊ သူ့ဘာသာသူ နေတတ်သလို ကိုယ့်ဘာသာကိုယ် နေတတ်စမ်းပါ'

ကိုကြီးရူကတော့ ကျွန်တော်တို့နှစ်ယောက်ကို ကွယ်ပြီး နိုး ကြည့်နေဆဲ။ အချစ်ဟောင်းနဲ့ တွေ့တော့ ရှက်တတ်လိုက်တာ။ ခများ သနားစရာ။

ကျွန်တော်နဲ့စံတော်ဝင် မျက်ရိပ်ပြပြီး အဲဒီအမျိုးသမီးအနားကို လျှောက်သွားလိုက်တော့ ကိုကြီးရူခများ နီးရာတိုင်ကွယ်ပြီး ကျန်နေရစ် ပါလေရော။

ကျွန်တော်က အနီးကပ်သွားကြည့်လိုက်မှ အမျိုးသမီးမှာ မာလာနှင့် အတော်ရုပ်တူနေတာ သတိပြုမိလိုက်၏။ မာလာနှင့်များ





ပတ်သက်နေမလား။ မာလာထက်ကြီးလျှင် သုံးလေးနှစ်ခန့်သာ ကြီး လိမ့်မည်။

'အစ်မ… ရန်ကုန်၊ ရန်ကင်း ကျောက်ကုန်းက မာလာတင်ဖေကိုများ သိသလား'

ကျွန်တော့်အမေးကြောင့် အမျိုးသမီးက ကျွန်တော်တို့နှစ်ယောက်ကို ခြေဆုံးခေါင်းဆုံးစေ့စေ့စပ်စပ် ပြန်ကြည့်ကာ…

'သိတယ်၊ သိပ်သိတာပေါ့၊ တို့က မာလာတင်ဖေရဲ့အဒေါ်တော်တယ်၊ အယ်နီတင်ဖေလို့ ခေါ်တယ်၊ အဘိုးနာမည် တင်ဖေကို မျိုးနဲ့ ရိုးနဲ့ လိုက်မှည့်ခေါ်ထားကြတာလေ၊ ဒါနဲ့ မင်းတို့က ဘယ်သူတွေလဲ'

'မာလာတင်ဖေရဲ့ အသိမိတ်ဆွေ သူငယ်ချင်းတွေပါ'

'သြော်… ဟုတ်လား၊ နာမည်ဘယ်လိုခေါ်ကြသလဲ'

စံတော်ဝင်က နာမည်မှန်မပြောမိဖို့ လက်ကုပ်သတိပေး၏။ ဒါနှင့်…

'ကျွန်တော်က ဂျော်နီအောင်ဘုပါ၊ သူက ဓာဂရက်ဂျမ်းစိန်လို့ခေါ်ပါတယ်'

'ဟုတ်လား၊ မမျှော်လင့်ဘဲ လာတွေ့ရတယ်နော်၊ ဘာလဲ မာလာနဲ့တို့နဲ့က ရုပ်တူလို့ လာနှုတ်ဆက်ဖြစ်တာပေါ့လေ'

'ဟုတ်ပါတယ်၊ တော်တော်တူပါတယ်၊ ဒါနဲ့ ရူဝံအာကာသန်းဆိုတဲ့လူကိုရော မအယ်နီ သိပါသလား'

အယ်နီတင်ဖေရဲ့မျက်နှာပေါ်က အပြုံးတွေ ချက်ချင်းညှိုးငိုင်သွား၏။

'မင်း… မင်းက အဲဒီလူနဲ့ ဘယ်လိုပတ်သက်လို့လဲ'

အယ်နီတင်ဖေရဲ့ အဖော်နှစ်ယောက်က နန်းတော်တစ်နေရာမှာ အမှတ်တရ ဓာတ်ပုံရိုက်နေကြ၏။ ထိတ်ဒိုးဟန်ဖြင့်မေးလာသော အယ်နီတင်ဖေ့ကို ကျွန်တော် ပြန်ဖြေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ ကျွန်တော့်အစ်ကို ဝမ်းကွဲပါ၊ သူ အခု ပါလာပါတယ်'

'ဟင်… ဘယ်… ဘယ်မှာလဲ'

'ဟောဟိုက တိုင်မှာ ကွယ်နေတယ်၊ ရှက်လို့တဲ့'

'အို… ကြည့်စမ်း၊ အဲဒီလို ရှက်ကြောက်ကြီးလို့ သူနဲ့ဝေးခဲ့ရတာ အခုထိ ဒီအကျင့်ကြီးက မပျောက်သေးပါလား၊ သူ့ကိုသွားခေါ်ပေးပါ၊ ကြုံတုန်းပြောစရာရှိလို့'

ကျွန်တော် ဝမ်းသာအားရ ပြေးခေါ်ရလေပြီ။

'ကိုကြီးမှူ… လာ၊ ကျွန်တော် မအေးယ်နီနဲ့ ရွှေလမ်းငွေလမ်းခင်းပေးပြီးသွားပြီ၊ မအေးယ်နီက ကိုကြီးမှူကို တွေ့ချင်လို့ ခေါ်ခိုင်းလိုက်တယ်'

'ဘာ… ဘာ… ကောင်လေး၊ ငါ့ကိုရှက်ပြီးလဲသေအောင် လုပ်ကြံလိုက်တယ်ပေါ့လေ၊ ငါ သူ့ကို တွေ့ရမှာ သေမလောက်ရှက်တယ်ကွ၊ ငါမသွားရဲဘူး၊ အိမ်ပြန်ပြေးတော့မယ်၊ ဒွီးတယ်မှပဲ'

'ရှင်ပြန်လို့မရတော့ဘူး'

'အယ်… အယ်နီ'

ကျွန်တော်နဲ့ စံတော်ဝင်တို့ ရှောင်ပေးလိုက်၏။ ကိုကြီးမှူခမျာ ကြက်ကြီးလည်လိမ်ထားသလို ခေါင်းကြီးလိမ်ပြီး အယ်နီတင်ဖေရဲ့ ဒိုင်ယာလော့ခ်တွေထဲ မျောနစ်ကျန်ရစ်နေလေရဲ့။ နာရီဝက်လောက်အကြာမှာတော့ အခြေအနေ တိုးတက်ကောင်းမွန်နေတာကို အံ့သြစွာတွေ့လိုက်ရ၏။ လက်တွေဘာတွေ ဆုပ်တွဲလို့။ ကိုကြီးမှူရဲ့ မျက်နှာကြီးဆိုတာ သကြားတွေတောင်ပွင့်လို့။

ကျွန်တော်တို့အနားရောက်သွားတော့ အယ်နီတင်ဖေက…

'ရှက်ကြောပြတ်အောင် မိုက်ခေါက်လိမ်ဆွဲလိုက်ပြီလေ'

ကိုကြီးမှူကတော့…

'ဟီး… ဟီး… ဟီး'

'မအေးယ်နီက ပြည်ပမှာ အိမ်ထောင်ပြုပြီးပြီဆို'





'တစ်လပဲပေါင်းလိုက်တယ်၊ သဘောထားချင်းမတိုက်ဆိုင်လို့ ကွာရှင်းပြတ်စဲခဲ့တာကြာပြီ'

'သြော်'

ကျွန်တော် ရေရွတ်နေတုန်း စံတော်ဝင်က…

'ရန်ကုန်သူနဲ့ ပဲခူးသား ဘယ်လိုများဆုံခဲ့ကြတာလဲဟင်'

'ထိုစဉ်က ရန်ကုန်မှာ ကျောင်းလာနေဖူးတယ်၊ ကျူရှင်တတ်ရင်း ငြိတာလေ၊ သူက ရှက်ကြောက်ကြီးလို့ သူ့သူငယ်ချင်းတွေက ဝိုင်းပို့ပေးတာပေါ့၊ နောက်မှ သူ ဒီပဲခူးကို ပြောင်းသွားတာ'

အယ်နီတင်ဖေ ရှင်းပြ၏။ ကျွန်တော်က…

'ကိုကြီးမှူ ရှက်ကြောက်ကြီးပုံလေး ပြောပြလို့မရဘူးလား'

'အောင်မလေး မပြောနဲ့တော့၊ ရည်းစားစာပေးပြီးတစ်လလောက်ကို ရှောင်နေတာ၊ အဖြေပြန်ပေးဖို့တောင်သူ့လက်ကိုဆွဲခေါ်ပြောရတယ်၊ ပစ်ကနစ်ထွက်တုန်းကလေ… သူတို့ယောက်ျားလေးတွေရေကူးကြတာ၊ အဲဒါ ခွေးတစ်ကောင်က သူ့ရဲ့အတွင်းခံဘောင်းဘီကြီးဆွဲလာလို့ သူ့နောက်ကအတင်းလိုက်တာ မိန်းကလေးတွေ ဝိုင်းဖွဲ့စားသောက်နေတဲ့ ဝိုင်းထဲထိအောင် ရောက်လာတယ်၊ သူကအောနဲ့လိုက်တော့ အောက်ပိုင်းဗလာကျင်းနေတာ သူ သတိမထားမိဘူးလေ၊ မိန်းကလေးတွေ လန့်ဖျပ်အော်ဟစ်ကုန်ကြမှ သတိရပြီး ပြောင်မြောင်တင်းတင်းကြီးနဲ့ ထွက်ပြေးတော့တာပဲ၊ သူ့ကိုပြောင်ကြီးလို့ လှောင်ခေါ်တော့ အဲဒီကတည်းက ပျောက်သွားတာ၊ စာမေးပွဲပြီးတဲ့ရက် ပစ်ကနစ်ပျော်ပွဲစားထွက်ပြီးကတည်းက ပျောက်သွားတာ၊ ဒီနေ့မှပဲ ပြန်တွေ့ရတော့တယ်'

'သြော်… ဟော်… ဟော်… ဟီးဟီး… ဟိဟိ'

'ဖြစ်မှဖြစ်ရလေတယ် ကိုကြီးပြောင်ရယ်'

ဝိုင်းဟားဖြစ်တော့ ကိုကြီးမှူ မျက်နှာကြီး နီရဲတွတ်နေအောင်ကြက်သွေးပြတ်တွေတောင်ထလို့…။

* ♠ *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၂)

အယ်နီတင်ဖေက အဖော်နှစ်ယောက်နဲ့ ကိုကြီးရူကို မိတ်ဆက်ပေး၏။ တစ်ယောက်က ဆယ်နိုင်ငံပြန် ဆွိတီတဲ့၊ ကျန်တစ်ယောက်က ငါးနိုင်ငံပြန် မာမာစိန်တဲ့။ လုပ်ငန်းရှင်မကြီးတွေပေါ့။

အယ်နီတင်ဖေ၊ ဆွိတီ၊ မာမာစိန်တို့သုံးယောက်ပေါင်းပြီး အလှကုန်ပစ္စည်းမျိုးစုံကိုယ်စားလှယ်ယူပြီး ပြည်တွင်းမှာ ဖြန့်ဖြူးပေးနေသည့် လုပ်ငန်းကြီးကို စုပေါင်းလုပ်ကိုင်နေကြခြင်းပင်။

သုံးယောက်လုံးအပျိုကြီးတွေ။

ကိုကြီးရူက ဟိုတယ်လ်မှာ ညစာဖိတ်ကျွေး၏။ အချစ်ဟောင်းနှင့် ပြန်ပေါင်းရ၍ ကိုကြီးရူပျော်နေပုံကြီးကို ဝိုင်းစဖြစ်ကြ၏။

'သိပ်မစပါနဲ့ဟယ်၊ ဒီတစ်ခါရှက်ပြီး ထပ်ထွက်ပြေးနေပါဦးမယ်'

'ဘယ်အလွတ်ခံမှာလဲ၊ ခါးပုံစကို ဆောင့်ဆွဲထားလိုက်မှာပေါ့'

အယ်နီက အဲဒီလိုပြောတော့ ကိုကြီးရူက ရှက်မျက်နှာ ရှက်လေသံကြီးနဲ့…

'ဟာဗျာ… ဟာဗျာ… မနောက်နဲ့ဗျာ' ဆိုတာကြီးပဲ တွင်တွင်ပြောနေပါလေရော။ ကျွန်တော်က လေသံတုပြီး လိုက်နောက်လိုက်တော့…





'ဟာဂျာ… ဟာဂျာ… နောက်နဲ့ဂျာ'

ဝါးခနဲဝိုင်း ရယ်ဟားကြပြန်ပါလေရော။ ကိုကြီးရူက ကျွန်တော့်ခြေထောက်ကို ဖနောင့်နဲ့ပိတ်ပိတ်ပေါက်နေတော့တာပါပဲ။

ကိုကြီးရူနဲ့ အယ်နီတင်ဖေတို့ အမြန်မင်္ဂလာဆောင်ဖို့ မိန်းစကားတွေရေးဆွဲနေကြ၏။

နားလည်မှုရပြီးသည်နှင့် အယ်နီတို့က ကိုယ်ပိုင်ကားလေးဖြင့် ရန်ကုန်ကို ညတွင်းချင်းပြန်ရန်ပြင်ဆင်၏။

'ဂျော်နီအောင်ဘုနဲ့ မာဂရက်ဂျမ်းစိန်တို့ကို နှုတ်ဆက်တယ်၊ မမ သွားတော့မယ်နော်'

'ဘာ… ဘယ်လို၊ သူတို့နာမည်တွေက အဲဒီနာမည်တွေမဟုတ်ပါဘူး၊ ဒီကောင့်နာမည် ဇင်မိုင်း၊ ဟောဒါက ဇင်မိုင်းခိုးပြေးလာတဲ့ စံတော်ဝင်တဲ့၊ ဇင်မိုင်းနဲ့စံတော်ဝင်လို့ပဲခေါ်ပါတယ်'

'ဟုတ်လား၊ သူတို့ပြောတော့ တစ်မျိုး'

'အဟဲ… ကျွန်တော်တို့က နောက်ပြောတာပါ'

ဖုံးထားသမျှ အကုန်ပေါ်ကုန်တော့၏။ အယ်နီတင်ဖေတို့ ပြန်သွားတော့မှ…

'မင်းတို့က ဘာလို့ နာမည်မမှန်တာတွေ ပြောရတာလဲ'

'ဒါက ဒီလိုရှိတယ် ကိုကြီးရူရ၊ အယ်နီတင်ဖေရဲ့ တူမ မာလာတင်ဖေဆိုတာ ရှိတယ်၊ သူနဲ့ ကျွန်တော်တို့ပတ်သက်ခဲ့ပုံက ဒီလို…'

ဆိုပြီး ရှင်းပြလိုက်၏။ ဒီတော့မှ ကိုကြီးရူ နားလည်သွားတဲ့ စံတော်ဝင်က…

'အဲဒီ မာလာတင်ဖေက စိတ်ကြီးတယ်၊ သူသိရင်မလွယ်ဘူး၊ ဒီအထိရောက်အောင်လာပြီး ဒုက္ခပေးဦးမှာ'

'မင်းတို့က အဲဒီလောက်တောင် အရှုပ်ထုပ်တွေထုပ်ခဲ့ကြသလားကွ'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကြောင့် နာမည်မဟုတ်တာတွေ ပြောခဲ့တာပါ'

'မာလာတင်ဖေကာ ငါ့မင်္ဂလာပွဲကို လာမှာပဲ၊ ငါ့ခြံထဲက အိမ်မှာ ဆောင်ဖို့ ပြောထားပြီးပြီ'

'ဟောဗျာ'

'ဘာဟောဗျာလဲ'

'ကင်းမြီးကောက်နဲ့ မြွေတွေပေါတဲ့နေရာကိုများ'

'ငါရှင်းထားပါတယ်ကွ'

ဒီမှာတင် စံတော်ဝင်က စိတ်ရှုပ်ဟန်ဖြင့်...

'ဟာ... အဲဒီမြွေနဲ့ ကင်းမြီးကောက်တွေထက် မာလာတင်ဖေကာ ကြောက်ဖို့ကောင်းတယ်နော်'

'ဘာမှမပူနဲ့၊ ကိုကြီးမူတစ်ယောက်လုံးရှိတယ်၊ မင်းတို့ပါ ကိုကြီးမူတို့နဲ့ မင်္ဂလာဆောင်ရမယ်'

'ဗျာ'

'ငါ အားလုံးစီစဉ်ပေးမယ်၊ လောလောဆယ် ကလေးမရဲ့ အဘိုးအဘွားတွေဆီ ဆက်သွယ်လို့ရတဲ့ ဖုန်းနံပါတ်ပြောပြ၊ ဒီညပဲ လှမ်းဆက်သွယ်ပြီး ဖုန်းနဲ့နားဖောက်မယ်'

'မလုပ်နဲ့ အဘိုးနဲ့အဘွားက စိတ်ကြီးတယ်'

'ကြီးကြီးကွာ'

'သဘောမတူရင် ဘယ်လိုလုပ်မလဲ'

'အရွယ်ရောက်နေပြီ၊ ကိုယ့်ဘာသာ မင်္ဂလာဆောင်လိုက်ကြ ဘာ၊ပေါ့ကွာ၊ ခင်နိုင်း မင်းမိဘတွေကိုခေါ်လိုက်'

'မဖြစ်ဘူး၊ အဖေနဲ့အမေကလည်း စိတ်ကြီးတယ်'

'ဒါဆို မဆက်နဲ့တော့၊ ကိုယ့်ဘာသာ မင်္ဂလာဆောင် ကလေး တစ်ယောက်ရမှ မိဘဘိုးဘွားတွေကို သွားချော့'

'မလွယ်ဘူး၊ စိတ်ကြီးတယ်နော်'

'ခွီးတယ်မှပဲ၊ သူတို့ထက် ငါဟာ ဆယ်ဆတောင် စိတ်ကြီး





သေးတယ်၊ စိတ်ကထောင်းဆို ဖင်ကဟောင်းခနဲ၊ စိတ်ကထစ်ဆို ဖင်က ဖျစ်ခနဲ ဒေါသတွေထွက်တတ်တဲ့ ဖိုးရူကွ'

'မအယ်နီရှေ့မှာကျတော့ မခုတ်တတ်တဲ့ ကြောင်ကလေး လိုပဲ၊ ခုတော့ ကိုးတောင်ကျားက ပိုးကောင်ပမွှားကို လွှားခနဲခုန်အုပ် သလိုကြီးဖြစ်နေပြီ'

ကျွန်တော့်အပြောကြောင့် ကိုကြီးရူ တွန့်သွားမယ်မထင်ဝါ လေနှင့်။ ချက်ချင်းပြန်လေကျူယ်ပြလိုက်ပုံက...

'မိန်းမတွေရဲ့ မျက်တောင်ဖျားမှာ ချက်တောင်ကစားရဲတဲ့ ငါဟဲ့ ဆယ့်နှစ်တောင်ကျားကွ'

စံတော်ဝင်က...

'ဟာဟ'လို့ လှောင်ရယ်လိုက်မှ ကိုကြီးရူ တွန့်သွားတော့ သေရဲ့။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃၃)

ကိုကြီးမူက သူ့မိဘတွေဆီ ခွင့်ပန်တောင်း၏။

သူ့မိဘတွေကလည်း ကြီးမှဝက်သက်ပေါက်တဲ့ ကိုကြီးမူကို မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ခွင့်ပြု၏။

သတို့သမီး ဖြူသလား မည်းသလားပင် မတွေ့ရ၍ အဖြေ တော့တင်၏။ ကျွန်တော်က ချောကြောင်းလှကြောင်းတွေ အမွှန်းတင် အင်းချကြရာ၏။ စံတော်ဝင်နှင့် ကျွန်တော့်ကိစ္စအတွက်လည်း ကိုကြီး ရဲ့မိဘတွေက စီစဉ်ပေးကြ၏။

နှစ်ဖက်မိဘတွေဆီ ဖုန်းဆက်တော ကျွန်တော့်မိဘတွေ ကိုကြီးမူမိဘတွေနှားချ၍ လာဆောင်ပေးမည်တဲ့။

စံတော်ဝင်တို့ဘက်ကတော့ အရှင်းကို သဘောမတူ အမွေပြတ်စွန့်လွှတ်လိုက်ပြီတဲ့။ စံတော်ဝင် ငို၏။

'မငိုပါနဲ့ကွာ၊ ဟော့ဒီမှာကြည့်၊ ကိုယ့်လက်မောင်း လက် တွေ'

'အဲဒါကြီး ဘာလုပ်ရမှာလဲ၊ ပြုတ်စားရမှာလား၊ ကြော်စား မှာလား၊ ကျွန်မက ကြက်ကြော်မကြိုက်ဘူး'

'အဲဒါပြောတာ မဟုတ်ဘူးလေကွာ၊ ကိုယ့်ကိုအားကိုးစမ်း မင်းကို ကိုယ်ရှာကျွေးနိုင်တယ်၊ မင်းအတိုးနဲ့အဘွား ထားခဲ့တဲ့ အ အတန်းမျိုးနေရအောင် ကိုယ် ကြိုးစားပြီး ပြန်လုပ်ပေးနိုင်တယ်'

'အပြောကရွှေမန်းပဲ၊ အကာကြတော့ ချိုမိုင်မိုင်မလုပ်နဲ့'





'အချိန်တော့ ယူရမှာပေါ့၊ ခုရေတွင်းတူးပြီး ခုရေကြည် သောက်ချင်လို့ ဘယ်ရမလဲ စံရယ်'

ကိုကြီးမူကတော့ သူ့ခြံထဲက အမှိုက်သရိုက်တွေ ရှင်းနေ၏ မင်္ဂလာမဏ္ဍပ်ကိုလည်း တောမဏ္ဍပ်ဒီဇိုင်းတွေ ဆင်နေ၏။

တိုက်မဏ္ဍပ်ကို အပြောက်အချွန်း အမွှန်းတွေနဲ့ ကြိုဆင်နေ၏

အယ်နီ့ဆီက ဖုန်းပြန်လာသည်။ အယ်နီ့မိဘတွေ မရှိကြ တော့။ အယ်နီ့သဘော။ ဘယ်နေ့ဆောင်မယ်ပေါ့။

ရက်သတ်မှတ်ပြီး သုံးရက်လောက်အလိုကတည်းက ကိုကြီးမူ ဆွှာပ်ဆောက်ပြီးပြီ၊ မအယ်နီ ဘတ်စ်ကား(၂)စီးနှင့် သူမရဲ့မိတ်သင်္ဂဟ တွေခေါ်လာမည်တဲ့။ ကိုကြီးမူကတော့ မြို့ထဲက ညှော့သင်္ဂဟ အချို့ ဒီနားရပ်ကွက်က မိတ်ဆွေသူငယ်ချင်းနဲ့ ကလေးဘုစုခရုတွေကို အသေအချာလိုက်ဖိတ်ထား၏။ ကိုကြီးမူရဲ့မိတ်က ကလေးတွေပိုများ ၏ မဏ္ဍပ်ဆောက်တုန်းကလည်း ကလေးတွေလာဝိုင်းကူကြ၏။ ကြီးဆိုလို့ သုံး၊ လေးယောက်သာပါ၏။

'ဘာကျွေးမွေးမလဲ'

'တို့ဒီမှာက အလှစားကျွေးလို့ မကြိုက်ကြဘူး၊ အဝစားကျွေး ကြိုက်ကြတယ်၊ တစ်အိမ်လုံး မီးခိုးတိတ် တံခါးပိတ်ပြီးလာစားကြ ကွ၊ လက်ဖွဲ့နည်းနည်း အဝအပြဲတွယ်ကြတာ၊ လက်ဖွဲ့တွေဘာ ဂရုမစိုက်ပါဘူး၊ သူ့နေရာနဲ့ သူ့အထာပေါ့၊ တီးပြစမ်းပါစေ၊ အပြင်အိတ်မပါပါဘူး'

'ချိုင့်တွေ ပါဆယ်ထုပ်တွေတော့ ပါမှာနော်'

'ပါပါစေကွာ၊ ရေခဲမုန့် ကိတ်မုန့်တွေ မကျွေးဘူး၊ ဒန်ပေါက် ဝါသလောက်ပေါင်းနဲ့ကျွေးမယ်၊ အုန်းနို့ဖာလူဒါတိုက်မယ်၊ အုန်းနို့ ဆန်းတိုက်မလား'

'ကောင်းတာပေါ့၊ စားပြီးတဲ့လူတွေ သွေးတက်၊ နေ သွေးကြောတွေပြတ်ပြီး ဂန့်ကုန်ရောပေါ့'

'အလကားနောက်တာပါ၊ အလှလည်းတီး၊ အလည်



www.burmeseclassic.com

www.burmeseclassic.com



ရအောင် ဒဲပေါက်နဲ့ ရေခဲမုန့်ကျွေးမှာပါ၊ မင်းတို့မိတ်သင်္ဂဟတွေထဲက ဖိတ်ချင်တဲ့လူတွေလည်း ဖိတ်လိုက်ပေါ့ကွာ၊ ဖုန်းနဲ့ဆက်ဖိတ်'

ကျွန်တော်က သူငယ်ချင်းတွေကို ဖုန်းနဲ့ဖိတ်ရ၏။

မင်းကြည်မိုး၊ ဝဏ္ဏထွန်း၊ ဗလကြီးတို့ကို ဖိတ်ခေါ်လိုက်၏။ စံတော်ဝင်ကတော့ မဖိတ်တော့ပါတဲ့။ သူငယ်ချင်း မိန်းကလေးတွေဆိုတော့ သူတို့မိဘတွေဆီ ခွင့်ပန်ရတာနဲ့ လာရမှာနဲ့ အလုပ်ရှုပ်ပါတယ်ဆိုပြီး ငြင်းပယ်လိုက်ခြင်းသာ။

စံတော်ဝင်က…

'မာလာတင်ဖေ ခုလောက်ဆို သိနေလောက်ပြီထင်တယ်နော်'

'မအယ်နီပြောပြလို့ သိနေလောက်ရောပေါ့၊ ဒါပေမဲ့ ပြီးခဲ့ပြီ ပဲ၊ သူ ဘာမှမလုပ်နိုင်တော့ပါဘူး'

'ရှင် ရှေ့ဆောမတွက်နဲ့'

'မာလာတင်ဖေလိုက်လာတော့လည်း ပိုနေမြဲ ကျားနေမြဲ အတိုင်းနေပေါ့၊ မအယ်နီလည်း ရှိနေတာပဲ၊ အင်း… ပြည့်စုံကျော်တောင် လိုက်လာချင်လာဦးမယ်နဲ့တူတယ်'

'ကျွန်မတော့ ရင်လေးနေတယ်'

'ခေါင်းထဲက ထုတ်ပစ်လိုက်စမ်းပါ'

'ထုတ်လို့မရလို့ ခက်နေတာပေါ့'

'ဒါဆို ကိုယ်ထုတ်ပေးမယ်လေ'

'ဘယ်လိုထုတ်ပေးမှာလဲ'

'ဝမ်းကစ်… တူးကစ်… သရီးကစ်'

ကျွန်တော် အနားကပ်လာတော့ စံက မျက်စောင်းကြီးထိုးပြီး ကျွန်တော့်ကို ဆောင့်တွန်းပစ်လိုက်၏။

'အောင်မလေး သေပါပြီဟ'

မိုးပြဲဒယ်အိုးကြီးထဲ ဖင်ထိုင်ကျသွား၍ ကျွန်တော် အီစလံ…ပြီး အသံပြဲနှင့် ထအော်လိုက်မိခြင်းဖြစ်၏။

* ♠ *



## အခန်း(၃၄)

မင်္ဂလာဆောင် အဝင်နေ့မှာပင် အယ်နီတို့အဖွဲ့တွေ ရောက်လာ၏။ ဘတ်စ်ကားကြီးတစ်စီးစာသာ မိတ်သင်္ဂဟတွေ ပါလာ၏။ နှစ်စီးစာစီစဉ်ထားသော်လည်း အလုပ်ပိတ်ရက်မဟုတ်၍ သိပ်မလိုက်နိုင်ကြ။

မာလာတင်ဖေ ပါမလာ၍ စံတော်ဝင် ရင်ပူရတာ သက်သာသွား၏။ ကိုကြီးမူရဲ့ မဏ္ဍာပ်အကျယ်ကြီးထဲမှာရော အိမ်ထဲမှာပါ ဧည့်သည်တွေ ပြည့်သွား၏။

အဝင်နေ့မှာပင် မင်္ဂလာဆောင်နေသည့်အလား။ ကျွန်တော်နှင့် စံတော်ဝင်တို့က မင်းကြည်စိုး၊ ဝဏ္ဏထွန်းနှင့် ဗလကြီးတို့ကို ဆွိတီ၊ မာမာစိန်တို့နှင့် မိတ်ဆက်ပေးလိုက်၏။ ဗလကြီးကို အပျိုကြီးဆွိတီက …ဘာပ်တပ်ဖြစ်သွား၏။ မင်းကြည်မိုးက အပျိုကြီး မာမာစိန်ကို …ကြွသွား၏။ သူတို့စုံတွဲနှစ်တွဲ အပျိုကြီးတွေရဲ့ ခြံခံကားနှင့် …မြို့ထဲ လျှောက်လည်ကုန်ကြ၏။

အဝင်တစ်နေ့စာ ဧည့်သည်တွေ ကျွေးဖို့ အနီးအနားက မိန်းမ…တွေ လာချက်ပြုတ်ပေးကြ၏။ ဦးရွှေသန်းနှင့် ဒေါ်သန်းကြွယ်တို့…လည်း ချွေးတလုံးလုံးနှင့် ဧည့်ခံရှာ၏။ ကိုကြီးမူရဲ့ညီမငယ်မှာနှင့် …ညီညီအာကာသန်း(ခ) ဖိုးချမ်းတို့လည်း လိုက်ဧည့်ခံနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



သေးသေးညှက်ညှက် ပုပုချောချောလေး ဥမ္မာ့ကို ချစ်လို့ဆို ပြီး ရန်ကုန်က အန်တီကြီးတွေရော မိတ်ကပ်မာမီတွေပါ ဝိုင်းပြီး တို့ဆိတ်ကာ ပါးဖျစ်ကြ၊ တင်ရိုက်ခေါင်းပုတ်လုပ်ကြတွေ လုပ်နေကြ ၏။ ဖိုးချမ်းကတော့ အခြောက်မာမီရဲ့ တပည့် မစိုမခြောက် အပျို သေါက်အခြောက်တွေနှင့် ပွဲကျနေ၏။

ပျော်စရာလည်းကောင်း၊ အော်သံတွေမျိုးစုံကြောင့်လည်း နား တွေညောင်းကုန်၏။ ကာရာအိုကေကလည်း ဆိုချင်တဲ့လူဆိုဖို့ အဲဗား ဖွင့်ပေးထားတာကိုး။

'ခရေပတ်လည်ကန်ရိုပ်'

'ဟော့လူ ကန်ပတ်လည်ခရေရိပ်ပါဗျ'

'မျက်မှန်မပါတော့ ရမ်းဆိုလိုက်မိတယ်ဗျာ'

ရန်ကုန်မှာနေပြီး တွံတေးသိန်းတန်ကြိုက်သူ လူကြီးတွေက လည်း ပါလိုက်သေး၏။

ဖုတ်လိုက်ဖုတ်လိုက်ဆိုသူရော တောင်ဂေါ်လီဆိုသူရော စုံလို့ ပါပဲ။ ရောသမမွှေသီချင်းတွေပါပေါင်းဆိုလိုက်သေးတယ်။ ဒီကြားထဲ မတည့်တဲ့ သမက်နဲ့ယောက္ခမတွေက ပါလိုက်သေးတယ်။

ဦးကျော်စိန်နဲ့ ဒေါ်လှတို့က ရတနာဆိုင်ပိုင်ရှင်တွေ။ သူတို့ရဲ့ သမက် သက်လွင်က ရွှေရည်စိမ်တဲ့ လုပ်ငန်းလုပ်တယ်။ အမွေကိစ္စ နဲ့ အထာမညက်ဘူး၊ အဲဒါကို သက်လွင်က သားစိုးရဲ့သီချင်းနဲ့ ကပ်နှိပ်တယ်။

ပျော်သလားဟေ့ မောင်တို့ရေ

ပျော်တယ်ဟေ့ ပျော်တယ်ဟေ့

ဆိုတာကို ပျော်သလားဟေ့ ဒေါ်လှရေ

ပျော်တယ်ဟေ့ ကိုကျော်စိန်ရေတဲ့။

အဲဒီမှာထပြဿနာတက်နေလို့ ဆွဲကြလွဲကြရသေးတယ်။

* ♠ *



# အခန်း(၃၅)

'မောင်ရေ… လုပ်ပါဦး'

'ဘာလုပ်ရမှာလဲ စံရယ်၊ ခုမှည ဖုနာရီပဲရှိသေးတဲ့ဟာကို'

'ဟာ… ဘာတွေပြောနေတာလဲ၊ ကျွန်မရဲ့ ရှင်မီးအင်္ကျီပုံစံ အတွင်းခံအင်္ကျီပျောက်နေလို့၊ အခန်းထဲက တန်းမှာလှန်းထားတာ၊ အဲဒီဟာလေးက ဖစ်ဆိုဒ်ဖြစ်လို့ ကျွန်မ အမြဲတမ်းဝတ်တဲ့အင်္ကျီလေး၊ နောက် သတို့သမီးဝတ်စုံရဲ့ အောက်ခံအဖြစ် ဝတ်မလို့ဟာကို ခု ပျောက်နေပြီ၊ လိုက်ရှာတာလည်း နံ့နေပြီ၊ ဘယ်မှာမှ မတွေ့ဘူး'

'ဒါဆို သူခိုးခိုးသွားတာလား'

'သူခိုးက အဲဒါလေးတစ်ခုတည်း ရွေးခိုးမလားလို့'

'လူအဝင်အထွက်တွေ ရှုပ်နေတာကို ကိုယ့်ပစ္စည်း ကိုယ့်ဇီရို ပေါ့ခတ်ထည့်မှပေါ့ကွာ၊ ပျောက်လည်း နောက်တစ်ထည်ဝတ်'

စံတော်ဝင် စိတ်ညစ်ပြီး ဆောင့်အောင့်သွား၏။

အတွင်းခံအင်္ကျီလေးတစ်ထည်က မာလာတင်ဖေ အသုံးချဖို့ ဖြစ်သွားမယ်ဆိုတာ ကျွန်တော်တို့လုံးဝမတွေးမိခဲ့ပါ၊ နောက်တစ်နေ့ မင်္ဂလာပွဲကျမှသာ ဘွားဘွားဘွင်းဘွင်းကြီး သိလိုက်ရတော့၏။

* ♠ *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၆)

မောင်ရူဝံအာကာသန်းနှင့် မအယ်နီတင်ဖေ

မောင်ဇင်ရိုင်းနှင့်မစံတော်ဝင်

တို့၏ နှစ်မင်္ဂလာဆည်ခံပွဲ

ဟီးဟီးထနေသော ဆိုင်းဘုတ်ကြီးနှင့်အတူ မင်္ဂလာဧည့်ခံပွဲက မနက်(၆)နာရီကတည်းက သက်ဝင်ထကြွနေလေပြီ။ ရန်ကုန်က မိတ်သင်္ဂဟတွေရော၊ နယ်ခံဧည့်ပရိသတ်တွေပါ ဝင်လာမစဲ တသဲသဲတွေဖြစ်ကုန်ကြလေပြီ။

ဆောင်းဘောက်ထဲကလည်း မင်္ဂလာသီချင်းသံတွေ မြိုင်ထွက်နေ၏။

'မောင်နှံနှစ်ဖော် ရွှေလက်တွဲလို့ အမြဲပျော်၊ ချစ်ကြစို့နော် ရာသက်လုံး ပျော်၍သာ အစဉ်ပျော်၊ နေပူမိုးရွာ တူမခွာ ဆောင်ခါ ဖက်ပွေ့ လေသွေ့တောင် ခွဲလို့မရပေါင်နော်၊ ဖြောင်တောင်ဗေတာ ကျိတာပ်ဖြေး... ပူနောင်... ပေါင်းနောင်... ဗိန်း... ဗိန်း'

ကျွန်တော့်မိဘတွေနဲ့ ကိုကြီးမူရဲ့မိဘတွေ လိုက်လံဧည့်ခံနေကြ၏။ ကျွန်တော်နဲ့ စံတော်ဝင်က ရိုးရိုးရှင်းရှင်း သတို့သား သတို့သမီးဝတ်စုံလေးနဲ့ပါပဲ။





မအယ်နီကျတော့ အနောက်တိုင်းသတို့သမီးဝတ်စုံ ဂါဝန်ဖားဖားကြီးနှင့် ကိုကြီးမူက ရိုးရာတိုက်ပုံနှင့် အသက်ထောက်မှတောင် လုပ်ရတဲ့ မင်္ဂလာပွဲဆိုတော့ ဘာမှပဟာမိုနီမဖြစ်ဘူးပေါ့၊ အလွဲလွဲ အချော်ချော်တွေချည်းပဲ။

ဝဏ္ဏထွန်းက ဥမ္မာနှင့်...

မင်းကြည်မိုးက မာမာစိန်နှင့်

ဗလကြီးက ဆွိတီနှင့် လူပျိုရံ အပျိုရံတွေ လုပ်ပေးကြ၏။ ဘိသိက်သွန်းတာလည်းမဝါ။ တကယ့်တောမင်္ဂလာဆောင်လေးဝါပဲ။ အခြောက်မတွေက လိုက်ပံ့းကျဲပေးကြတယ်။ မိတ်ကပ်မာမီရှေ့မှာ သက်သေထားပြီး လက်မှတ်ကို လက်တုန်တုန်နဲ့ ထိုးလိုက်တာ စာရွက်ကြီးတစ်ခုလုံး သူ့လက်မှတ်နဲ့တင် ပြည့်သွားရော။ ဒါကို မိတ်ကပ်မာမီကြီးက ပြုံးကြည့်မိလိုက်တာ မျက်တောင်တုတောင် ကျွတ်ထွက်တုန်တယ်။

နံနက် (၈)နာရီထိုးမှာတော့ မင်္ဂလာမဏ္ဍပ်ရှေ့ကို ကားတစ်စီး ထိုးဆိုက်လာတယ်။ ဆူဇူကီးဝက်ဂွန်ကားလေး။ ကားပေါ်ကနေ စတင်ဆင်းလာသူက ပြည့်စုံကျော်။

'မောင်... ဟိုမှာ ဟိုမှာ'

စံတော်ဝင်က အရင်မြင်လို့ မေးငေါ့ပြမှ လှမ်းကြည့်လိုက်မိ၏။

ကားပေါ်ကထပ်ဆင်းလာသူက မာလာတင်ဖေ၊ ချိုင်းထောက်အပေါ်စားလေးကို ဆွဲထုတ်ပြီး ထောက်ထား၏။ သတို့သမီးဝတ်စုံနှင့်မြန်မာသတို့သမီးပုံစံ သဇင်၊ သစ်ခွပန်းတွေ ဆံတုံးမှာ ဝေနေအောင်ပန်ဆင်ထား၏။

'ဟင်... မာလာ မာလာတင်ဖေပါလား'

'သူ သတို့သမီးဝတ်စုံ ဝတ်ထားတယ်၊ မောင့်ကို ယူလာတာနဲ့တူတယ်၊ ပြဿနာရှာတော့မှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'စိတ်အေးအေးထား၊ သူ့အဒေါ်ရဲ့မင်္ဂလာပွဲကို လာတက်တာ လည်းဖြစ်ချင်ဖြစ်နေမှာပါ'

မင်္ဂလာပွဲလူတွေက သတို့သမီးဝတ်စုံဖြင့် ရောက်ချလာသော မာလာတင်ဖေကို စိတ်ဝင်တစားနှင့် လှမ်းကြည့်ကုန်ကြ၏။ မအေးနီ က တူမလေးကို လှမ်းတွေ့လိုက်မှ ကိုကြီးမူကို ဆွဲခေါ်ပြီး သွားကြိုဖို့ ပြင်၏။

မာလာတင်ဖေက လက်ဖျောက်တစ်ချက်တီးလိုက်သည်နှင့် ပြည့်စုံကျော်က ကားနောက်ခန်းတံခါးကို ဖွင့်ပေးလိုက်၏။

'ဝုတ်… ဝုတ်… ဝေါင်း… ဝေါင်း'

အယ်လ်ဇေးရှင်းခွေးကြီးနှစ်ကောင် ကားပေါ်က ခုန်ဆင်းလာ ပြီး မာလာတင်ဖေအနားမှာ နမ်းရှုပ်နေ၏။ သက်လွင်ဆိုသော ယောက္ခမနှင့် ဘုဘောက်ကျခဲ့သည့်နေ့က မဏ္ဍပ်ထဲမှ ပြေးထွက်သွား ပြီး မာလာလက်ထဲကို တစ်စုံတစ်ရာ ကမ်းပေးလိုက်၏။

'ဟင်… အဲဒါ ကျွန်မရဲ့အတွင်းခံအင်္ကျီ'

'ဟုတ်လား၊ ဒီလူ ဘာယူလုပ်တာလဲကွ'

မာလာတင်ဖေက စံတော်ဝင်ရဲ့ အင်္ကျီကို ခွေးတွေအနံ့ခံနိုင် ရန် ပစ်ချပေးလိုက်၏။ ခွေးနှစ်ကောင်က တရှုံ့ရှုံ့နမ်းရှိုက်ပြီး…

'ဝေါင်း… ဝေါင်း'

'ဝုတ်… ဝုတ်'

မာန်ဖီကုန်ကြ၏။ လေ့ကျင့်ပေးထားသော ခွေးတွေ။

'ရှူး… ကိုက်… ကိုက်… ကိုက်… ဒီအနံ့ရှိတဲ့ မိန်းမကို လိုက်ကိုက်… ရှူး… ရှူး'

မာလာတင်ဖေက ရှူးတိုက်ပေးလိုက်၏။ ရန်သူရဲ့ရနံ့ကို ပေးပြီး ရန်သူကိုခွေးကိုက်နိုင်းလိုက်ချေပြီ။ သက်လွင်က မာလာတင် ဖေတို့ ကြိုလွှတ်လိုက်သော လူယုံဖြစ်နေချေပြီ။ ပြည့်စုံကျော်က မာလာတင်ဖေရဲ့ သိမ်းသွင်းမှုအောက်မှာ ရောက်နေလေပြီ။





'ဝေါင်း… ဝေါင်း… ဝေါင်း'

ခွေးတွေပြေးလာကုန်ပြီ။ ကျွန်တော်က စံတော်ဝင်ရဲ့ လက်ကို ဆွဲပြီး နောက်ဘက်ထဲကို ထွက်ပြေး၏။

ခွေးနှစ်ကောင်က လူအုပ်ထဲအတင်းတိုးမွှေကာ ရနံ့ပိုင်ရှင်ကို တိုက်ခိုက်ဖို့လိုက်ရှာနေ၏။ လူတွေက သူတို့ကိုလာကိုက်ပြီအထင်နှင့် လန့်အော်ထပြေးကုန်ကြ၏။

ကုလားတိုက် ကျားဝင်ကိုက်သလို ပွက်လောရိုက်ပြီး မင်္ဂလာ ပွဲထဲ အိုးနင်းခွက်နင်း ပန်းကန်နင်းတွေဖြစ်ကုန်ကြ၏။ ဖရိုဖရဲပြိုကွဲ ထွက်ပြေးလိုက်ပုံများ…

'အောင်မလေး သေပါပြီ'

'အား ကျိုးပါပြီဟ'

'ဝုန်း မွေးမေ့လေး'

'အူးလားလား'

'ဟော့… ဟဲ့… ငါ့ကိုစောင့်ပါဦး'

'ထိုးမိကုန်ပြီဟ'

မင်္ဂလာပွဲကတော့ လုံးဝကို ပျက်သွားလေပြီ။ မာလာတင်ဖေ တစ်ယောက် မင်္ဂလာမဏ္ဍပ်ထဲဝင်လာပြီး…

'မင်းရိုင်း… မင်းရိုင်း… နင်ဘယ်မှာလဲ မင်းရိုင်း၊ နင် စံတော် ဝင်ကို လုံးဝလက်မထပ်ရဘူး၊ နင် ငါ့ကိုပဲ လက်ထပ်ရမယ်၊ အခု ထွက်လာခဲ့'

ချောင်ကပ်နေတဲ့ မအေးနီက ပြေးလာပြီး တူမကို ချော့မော့ ဖျောင်းဖျပါလေရော။ ဆွိုတီ၊ မာမာစိန်၊ ဝဏ္ဏထွန်း၊ မင်းကြည်စိုး၊ ကိုကြီးတို့ပါလာရောက်တားမြစ်ကြကုန်၏။

မာလာတင်ဖေကတော့ စိတ်ရိုင်းဝင်နေ၍ ဘယ်လိုမှ တား မနိုင်။ မင်းရိုင်းရဲ့ မိဘတွေလည်း အိမ်ထဲက အခန်းထဲဝင်ပုန်းနေရသော ဦးရွှေသန်းနှင့် ဒေါ်သန်းကြွယ်တို့က ခွေးကိုက်ခံရမှာကြောက်လို့

www.burmeseclassic.com



ဆိုပြီး ဖျာလိပ်ထဲဝင်ပုန်းနေကြပါသတဲ့။

'ဇင်မိုင်း ဒီပွဲကို ငါဖျက်တယ်၊ စံတော်ဝင်ကို နင်လက်မထပ်ရဘူး၊ လုံးဝလက်မထပ်ရဘူး'

မာလာတင်ဖေကို အတင်းဝိုင်းချုပ်ပြီး ကားပေါ်ပြန်တင်ကြရ၏။ မအေယ်ဒီတို့အဖွဲ့တွေ လိုက်ပါသွား၏။

ပြည့်စုံကျော်က ကားမောင်းပေး၏။ ကားမောင်းမထွက်ခင် ခွေးနှစ်ကောင်ကို လေချွန်ပြီး ပြန်ခေါ်သော်လည်း ရောက်မလာ။

ခွေးနှစ်ကောင်က အနံ့ရှင်ရှိရာ ဒညင်းပင်ပေါ်ကို ခုန်ဆွခုန်ဆွနဲ့ ထိုးဟောင်နေလေ၏။

ဒညင်းပင်ပေါ်မှာ ဇင်မိုင်းနှင့် စံတော်ဝင်တို့ရောက်နေကြ၏။

ထမီတိုတိုဝတ်ပြီး ခွဆုံမှာ ဒူးတုန်ခြေတုန်ဖြင့် ဘုရားစာရွတ်နေရှာသော စံတော်ဝင်။

ပင်စည်ကိုဖက်တွယ်ပြီး

'ဟဲ့ခွေး… ဟဲ့ခွေး ရှူး… ရှူး'

နဲ့မောင်းနေရသော ဇင်မိုင်း၊ လူကြီးတချို့ လာခြောက်မောင်းလည်းမသွား။ ခဲနဲ့ထု၊ တုတ်နဲ့ပစ်လည်း မဆုတ်။ တရစပ် ထိုးဟောင်ကိုက်ခဲဖို့ မာန်ဖီနေကြ၏။

'လုပ်ကြပါဦး ကယ်ကြပါဦးဗျို့'

'ကယ်တော်မူကြပါရှင်'

မာလာတင်ဖေက မွေးလိုက်သဖြင့် သတို့သားနဲ့ သတို့သမီးတို့ ဒညင်းပင်ပေါ် ရောက်နေလေပြီ။ ခွေးနှစ်ကောင်ကလည်း စွံနေဝဲကောင်းစွာနှင့် စောင့်နေကြ၏။

ပိစိတို့ကလေးတပ်ဖွဲ့ရောက်လာပြီး လေးခွတွေနှင့် ဝိုင်းဆော်တော့မှ…

'ကိန်… ဂိန်… ကိန်… ခိန်'





အော်ဟစ်ထွက်ပြေးလေတော့၏။ ဒီတော့မှ သတို့သားရောသတို့သမီးပါ သက်ပြင်းချလိုက်နိုင်ကြတော့၏။

'ဘူ'

'ဟင်… ငါ့အထက်ခွဆုံမှာထိုင်ပြီး ဘာလို့အီးပေါက်ချရတာလဲ စံတော်ဝင်ရဲ့'

'သက်ပြင်းချလိုက်တာ ရောပေါက်လိုက်မိတာပါရှင်၊ ဆောလူကြားရင် ရှက်စရာကြီး ဟင်း'

'ကိုယ့်ကိုကျတော့ မရှက်ဘူးလား'

'ရှက်တယ်၊ ရှက်တယ်၊ ရှက်တယ်၊ ရှက်လို့ ဒီမှာပြုတ်ကျတော့မယ်'

'လက်တော့ ယောင်မလွှတ်ချနဲ့နော်'

ပြောလိုက်မှ သတိပေးလိုက်သလိုဖြစ်ပြီး လူပေါ်ပြုတ်ကျလာသည်။ ကျွန်တော် ကိုယ်တိုင်လည်း လက်အံသေနေပြီမို့ မထိန်းနိုင်ဘဲ အပင်အောက်သို့ ပြုတ်ကျတော့သည်။ နာကျင်ရုံ့မဲ့ပြီး အပင်အောက်မှာ လုံးထွေးကျနေပုံက မြင်မကောင်း။

'ပြောပါတယ်… မြင်မကောင်း… ဘူး… လို့…'

* ♠ *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၇)

မင်္ဂလာပွဲပျက်သွားသော်လည်း မာလာတင်မေကို စိတ်ကျန်းမာရေး ဆေးရုံရောက်အောင် ပို့လိုက်နိုင်၏။

လွတ်သွားသောခွေးနှစ်ကောင်ကိုလည်း ပြည့်စုံကျော်က ကားနှင့်လာဖမ်းသွား၏။ ဇင်မိုင်းရဲ့မိဘနှင့် ကိုကြီးရူရဲ့မိဘတွေက စိတ်ဆိုးကုန်ကြ၏။ ကိုကြီးရူက အထပ်ထပ်တောင်းပန်လိုက်၍ အမှုမလုပ်ဖြစ်လိုက်ကြ။

သဲထိတ်ရင်ဖိုပြေးလွှားခန်းမှာ ဗလကြီးက ဆွီတီရဲ့လက်ကိုဆွဲပြီး ရေကန်နံဘေးကပ်ဝပ်နေရာက အချစ်အပူငွေ့နှင့် ချစ်သူတွေဖြစ်သွားကုန်ကြ၏။

မာမာစိန်နှင့် မင်းကြည်မိုးတို့က မဏ္ဍပ်ပေါ် ယောင်မှားတက်မိရာက အောက်ပြန်ပြုတ်ကျကာ တစ်ဦးအပေါ်တစ်ဦး ထပ်လျက်ကျကုန်သဖြင့် အချစ်ရင်ခုန်သံတွေ ထပ်တူကျကာ ချစ်သူတွေဘဝရောက်ခဲ့ကြကုန်သတည်း။

နောက်တစ်ကြိမ် မင်္ဂလာပွဲကျင်းပသည့်အခါ မာမာစိန်နှင့် မင်းကြည်မိုး၊ ဗလကြီးနှင့်ဆွီတီတို့စုံတွဲပါ ရောပြီးမင်္ဂလာဆောင်ကြဖို့ ဆန္ဒပြုလာကြကုန်လေသည်။



ပဲခူးကအိမ်မှာပဲ မင်္ဂလာပြန်ဆောင်ကြဖို့ စီစဉ်သည်။ သို့သော် ကိုကြီးရူက…

'ကျရှုံးတဲ့နေရာမှာပဲ အောင်မြင်မှုကို ပြန်လည်စိုက်ထူကြရမယ်၊ ဒါမှ ငါတို့ရဲ့မင်္ဂလာပွဲက ဂွတ်အင်ဖနက်တီမင်္ဂလာဖြစ်တော့မှာပေါ့'

ဒီတစ်ကြိမ်မှာတော့ မြို့စတိုင်ပေါက်အောင် အစစအရာရာ အချိန်ယူပြီး အပျံစားပြင်ဆင်ကြ၏။ အပျံစားဝတ်ဆင်ဖို့ ဒီဇိုင်နာတွေ အပ်ကုန်ကြ၏။

မောင်ရူပံအာကာသန်း + မအယ်နီတင်မေ

မောင်ဇင်မိုင်း + မစံတော်ဝင်

တို့ရဲ့ တစ်ကျော့ပြန်မင်္ဂလာဆောင်

မောင်ဗလကြီး + မဆွီတီ

မောင်မင်းကြည်မိုး + မမာမာစိန်တို့ရဲ့

အသစ်မင်္ဂလာဆောင်

ဒီလိုမျိုး မဏ္ဍပ်ဆိုင်းဘုတ်တပ်ဖို့ ပေးလိုက်တယ်။

ဒီတစ်ခါတော့ ဘိသိက်သွန်းလောင်းတာပါတယ်။ ရတုဖတ်တာ၊ ခရုသင်းမှုတ်တာတွေပါတယ်။ ထိုင်ဖုံတွေပေါ်မှာထိုင်ပြီး ဩဘာစာဖတ်နေတာ ငြိမ်နားထောင်နေတုန်း…

'အောင်မလေးတော်'

'အား'

'သေပါပြီဟ'

'အား ရိုး ရိုး ထိုးတယ်ဟ'

ဘိသိပ်ခံစင်မြင့်နောက်ကွယ် အုတ်ပုံကထွက်လာတဲ့ ကင်းမြီးကောက်တွေ ဝင်ထိုးဝင်ကိုက်လို့ သတို့သား သတို့သမီးတွေ အတုန်းအရုန်းထပြီး အော်ဟစ်ထွက်ပြေးကုန်ကြရတော့တယ်။

ဩဘာစာဖတ်တဲ့ လူကြီးပေါ်ကိုလည်း သစ်ပင်ပေါ်ကအင်းမြွေပြုတ်ကျလို့…

www.burmeseclassic.com

www.burmeseclassic.com



'မင်္ဂလာတရားတော်နဲ့အညီ မွ… မွ… မြွေ… မြွေ… အမ်စလေး… ဂစ်… ဂစ်… ဂစ်'

မတ်တပ်ကြီး လိမ်ကောက်တက်နေပါလေရော။ ညှော်ပရိသတ်ကြားထဲ မြွေတွေထွက်လာလို့ ခုန်ပေါက်အော်ဟစ်ကုန်ကြတယ်။

ကိုကြီးမူတစ်ယောက်ကတော့ အံကြိတ်ကြိတ်ပြီး တဟင်းဟင်း လုပ်နေရာက မိုက်ခွက်နားကိုကပ်ပြီး…

'ဘယ်သူမှ မကြောက်နဲ့၊ ဘယ်သူမှ မပြေးနဲ့၊ ဘယ်သူမှ မစိုးရိမ်နဲ့၊ ဒီမဏ္ဍပ်ထဲမှာ အဲဒီအကောင်တွေကို နှင်းခြေရိုက်သတ်ပြီး မင်္ဂလာစုံတွဲတွေကို ချီးမြှောက်ပေးကြပါ၊ မင်္ဂလာစုံတွဲတွေအတွက် လက်ဖွဲ့အပိုပေးတယ်လို့ သဘောထားပါတယ်၊ ကဲ… မင်္ဂလာမောင်မယ်တို့ရေ ဒီအချိန်မှာ တတိယကမ္ဘာစစ်ထဖြစ်ရင်တောင် ချစ်လိုက်ကြစို့ သူငယ်ချင်း၊ မပျက်မယွင်းပဲ ခုချက်ချင်းဖြစ်သလို လက်ထပ်ကြမယ်ဟေ့'

အားလုံးကြွက်စီဆူညံပြီး မြွေနဲ့ကင်းတွေကို လိုက်ရိုက်သတ်ကုန်ကြ၏။ ကိုကြီးမူက အသံဝါကြီးနှင့် နတ်ကတော်ကင်ပါးအပ်စူးခံရသလို ထအော်လိုက်တာက…

'ချစ်လိုက်ကြစို့'

မဏ္ဍပ်ထဲက ရှိသမျှလူကုန်ကလည်း ချက်ချင်းတုံ့ပြန်အော်လိုက်ပုံက…

'သူငယ်ချင်းတို့ရေ…'တဲ့။

နောက်ထပ်အော်သံမြိုင်သွားတာက…

'ချစ်လိုက်ကြစို့သူငယ်ချင်း…'ရေတဲ့။

**ချစ်မျှားရှင်**